# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ် များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစောတော်ပလဲ၊ ကရင်(၇)၊ ညီဖြစ်သူခွဲစိတ်ကုသမှု။ ဦးဌေးယိန်း၊ ချင်း(၁၁)၊ နေမကောင်း။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခွင့်ပြုရန်နှင့် အသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခွင့်ပြုရန်အတွက် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဒါ့ကြောင့်

- အမျိုးသားလွှတ်တော် ဗီယက်နမ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊
- အမျိုးသားလွှတ်တော် လာအို-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊
- အမျိုးသားလွှတ်တော် ကမ္ဘောဒီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊
- အမျိုးသားလွှတ်တော် ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊
- အမျိုးသားလွှတ်တော် ပြင်သစ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချစ်ကြည်ရင်းနှီးရေး အသင်းများတွင် ပါဝင်မယ့် ဥက္ကဋ္ဌ ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဗီယက်နမ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ခ ) ဦးဆန်းရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ဂ ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ဃ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( င ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် လာအို-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းတွင် ဥက္ကဋ္ဌအဖြစ် ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( ခ ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ဂ ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( င ) ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကမ္ဘောဒီးယား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ခ ) ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ဂ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( င ) ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးဝီလ်ဆင်မိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ခ ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ဂ ) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(ဃ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( င ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ခ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ဂ ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( င ) ဗိုလ်မှူးကြီးမောင်မောင်ထူး၊ တပ်မတော်သားကိုယ်စားလှယ်

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)

( ခ ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ဂ ) ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(ဃ) ဦးငြေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( င ) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ပြင်သစ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ပါမောက္ခဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

(က) ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ခ ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( ဂ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)

(ဃ) ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( င ) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ် လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ် လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းထားတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဟားခါး-ဂန့်ဂေါလမ်းပေါ်ရှိ ဇိုခွါးကျေးရွာမှ ဆတ္တားကျေးရွာ ခြေလျင်ဖြတ်လမ်းအား ဆိုင်ကယ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဦးစတီဗင်သာဘိတ် က ဟားခါး-ဂန့်ဂေါလမ်းပေါ်ရှိ ဇိုခွါးကျေးရွာမှ ဆတ္တားကျေးရွာ ခြေလျင်ဖြတ်လမ်းအား ဆိုင်ကယ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟားခါး-ဂန့်ဂေါ လမ်းပေါ်ရှိနေတဲ့

ဇိုခွါးကျေးရွာမှ ဟားခါး-မတူပီလမ်းမပေါ်ရှိနေတဲ့ ဆတ္တားကျေးရွာသို့ ရွာချင်းဆက် ခြေလျင်လမ်းကို ဆိုင်ကယ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်း ဂန့်ဂေါမြို့မှ ချင်းပြည်နယ် ဟားခါးမြို့သို့ မိုင်(၈၀)ခန့် ကွာဝေးပြီး ၎င်းလမ်းမသည် မုံရွာ၊ မန္တလေးမြို့အထိ ချင်းပြည်နယ် ဟားခါးမြို့မှ ခရီးသည်များ အသုံးပြုနေသော တောင်ပေါ်မြေပြန့် ဆက်သွယ်သော လမ်းမကြီးဖြစ်ပြီး ကားကြီး အပါအဝင် ဆိုင်ကယ်များ သွားလာများသော လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ ဟားခါးမြို့မှ ချင်းပြည်နယ် တောင်ပိုင်းမြို့များ ဖြစ်သော မတူပီ၊ မင်းတပ်၊ ကန်ပက်လက်သို့ သွားပါက ဟားခါး-မတူပီလမ်းမကို အသုံးပြုနေရပြီး ရာသီမရွေး သွားလာနိုင်သော လမ်းမဟုတ်သေးသည့်အတွက် မိုးတွင်းကာလ၌ လမ်းမပေါ် တည်ရှိသော ကျေးရွာများဖြစ်သည့် လောက်လုံး၊ ဆူ(ရ်)ခွား၊ လုံရန်း၊ ဟောင်ဇင်း၊ ခွါပီး၊ ဖိုင်ရောင်၊ ဆတ္တား၊ အိုင်ကာ၊ လိုတော၊ လိုမုန်း စသည့် ကျေးရွာများသည် ဆိုင်ကယ်များကိုသာ အသုံးပြု သွားလာနေကြကြောင်းကို တွေ့ရပါတယ်။ ဟားခါး-ဂန့်ဂေါ လမ်းမပေါ်ရှိနေတဲ့ မုံဇုန်း၊ လမ်သုတ်၊ သီနမ်၊ မာလ်ဆောမ်၊ ဟရောင်ဝင်း၊ ဇန်တလန်၊ ရွာဒဲအို၊ ရွန်၊ ရွာဇန်နဲ့ ဇိုခွါးကျေးရွာများမှ ဟားခါး-မတူပီလမ်းမပေါ်ရှိ ကျေးရွာများသို့ သွားမယ်ဆိုရင် ဟားခါးမြို့မှတစ်ဆင့် သွားလာရပါတယ်။ ယခုတင်ပြထားသော ဇိုခွါးကျေးရွာသည် အိမ်ခြေ(၁၈၀)ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး အလယ်တန်း ကျောင်း၊ ကျေးလက် ကျန်းမာရေးဆေးပေးခန်းရှိသော ရွာဖြစ်တဲ့အတွက် ဟားခါးမြို့မှ (၂၂)မိုင်ခန့် ကွာဝေးပါတယ်။ ၎င်းအပြင် ဟားခါး-မတူပီ လမ်းမပေါ်ရှိသော ဆတ္တားကျေးရွာသည် ဟားခါးမြို့မှ (၂၂)မိုင်ခန့် ကွာဝေးသော ရွာတစ်ရွာဖြစ်ပြီး ဇိုခွါးကျေးရွာမှ ဆိုင်ကယ်ဖြင့်သွားပါက ဟားခါးမြို့ကို (၂၂)မိုင်ခန့်၊ နောက်ထပ် ဆတ္တားရွာကို (၂၂)မိုင်ခန့် စုစုပေါင်း(၄၄)မိုင်ခန့်ကို သွားရပါတယ်။ ၎င်း ဆတ္တားကျေးရွာလည်း ရွာကြီးတစ်ရွာဖြစ်ပြီး အလယ်တန်းကျောင်း ကျေးလက်ကျန်းမာရေးဌာန ရှိသော ရွာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇိုခွါးကျေးရွာမှ ဆတ္တားကျေးရွာသို့ ဘိုးဘွားခေတ်ကတည်းက လူသွားလမ်း၊ ခြေလျင်လမ်းဖြင့် ဆက်သွယ်ထားသော လမ်းရှိပြီး (၅)မိုင်ခန့်သာ ကွာဝေးမည်ဟု ခန့်မှန်းရပါတယ်။ ယခုအချိန်ထိ ခြေလျင်ဖြင့် ဆက်သွယ်သွားလာနေဆဲ ဖြစ်ပါတယ်။ ၎င်းခြေလျင် လမ်းကို ဆိုင်ကယ်လမ်းအဖြစ် ဖောက်လုပ်ပေးပါက ဂန့်ဂေါ-ဟားခါးလမ်းမပေါ်ရှိသော ကျေးရွာ များနှင့် ဟားခါး-မတူပီ လမ်းမပေါ်ရှိတဲ့ ကျေးရွာများ ဆက်သွယ်ရာတွင် အလွန်အဆင်ပြေ ချောမွေ့ပြီး နှစ်ဖက်သော ကျေးရွာများအတွက် အလွန်အကျိုးပြုသော လမ်းတစ်လမ်း ဖြစ်လာမည် ဖြစ်တဲ့အပြင် ၎င်းကျေးရွာများ၏ စီးပွားရေးတိုးတက်ရာ တိုးတက်ကြောင်းနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင်လည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုသော ကဏ္ဍတစ်ခုဖြစ်မည်ဟု ယုံကြည်ရပါတယ်။ သို့ဖြစ်ပါ၍ ဇိုးခွါးကျေးရွာမှ ဆတ္တားကျေးရွာသို့ ခြေလျင်လမ်းဖြစ်နေသော ဖြတ်လမ်းအား မော်တော်ဆိုင်ကယ် လမ်းအဖြစ် ဖောက်လုပ်ပေးရေးအတွက် နှစ်ဖက်သော လမ်းမပေါ်ရှိ ကျေးရွာများ၏ ပြည်သူလူထုတို့ ကိုယ်စား တင်ပြတောင်းခံပြီး ဖောက်လုပ်ပေးရန် အစီအစဉ်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ်၊ ဒေါက်ဒွေရွာ-မဲင်းရွာ-လီလောင်းရွာ-ဒုံအိမ် ရွာများကို ဖြတ်လျက် ငရှောင်ရွာသို့ ဖောက်လုပ်ထားသည့် ကိုယ်ထူကိုယ်ထ ဆိုင်ကယ်လမ်းအား ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်၊ ဒေါက်ဒွေရွာ-မဲင်းရွာ-လီလောင်းရွာ-ဒုံအိမ်ရွာများကို ဖြတ်လျက် ငရှောင်ရွာသို့ ဖောက်လုပ်ထားသည့် ကိုယ်ထူကိုယ်ထ ဆိုင်ကယ်လမ်းအား ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ မင်းတပ်မြို့နယ်၊ ဒေါက်ဒွေရွာမှ မဲင်းရွာ-လီလောင်းရွာ-ဒုံအိမ်ရွာများကို ဖြတ်လျက် ငရှောင်ရွာသို့ ဖောက်လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထ ဆိုင်ကယ်လမ်းအား ဂျစ်ကားလမ်း ဖောက်လုပ်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ မင်းတပ်မြို့မှ ဒေါက်ဒွေကျေးရွာသို့ မင်းတပ်မြို့ကနေ အနောက်ဘက်ကို မတူပီကိုသွားတဲ့ မင်းတပ်-မတူပီ ကားလမ်းမကြီးကနေပြီးတော့မှ (၉)မိုင် (၂)ဖာလုံကနေ သွယ်ယူ ဖောက်လုပ်ထားတဲ့ ဒေါက်ဒွေရွာကို (၆)မိုင် ရှိပါတယ်။ ဒီဒေါက်ဒွေရွာကို လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ် ကတည်းက ဒီရွာဟာ ကိုယ်ထူကိုယ်ထ ဂျစ်ကားလမ်း ဖောက်လုပ်တဲ့အတွက်ကြောင့်မို့ ကားတွေ သွားလာပြီးတော့မှ ဒါ အဆင်ပြေနေတဲ့ရွာဖြစ်ပါတယ်။ အဲဒီ ဒေါက်ဒွေရွာကနေပြီးတော့မှ ကျွန်တော်တို့ တိုက်နယ်အမှတ်(၃) မင်းတပ်မြို့နယ်ရဲ့ ဧရိယာအတွင်း (၂၅)မိုင်၊ မိုင်(၃၀)ပတ်ဝန်းကျင်ရှိတဲ့ တိုက်နယ်မှ မြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ တိုက်နယ်အမှတ်(၃)ဟာ ကျေးရွာပေါင်း(၂၃)ရွာ ရှိပါတယ်။ ကျေးရွာ အုပ်စု(၆)အုပ်စုရှိပါတယ်။ ဒီတိုက်နယ်ကို သူက မောင်းချောင်း ကနေပြီးတော့မှ ဖြတ်စီးသွားပါတယ်။ ဟိုဘက်ကမ်းမှာ ဒီမြောက်ဘက်မှာ (၁၅)ရွာနဲ့ တောင်ဘက်ကမ်းမှာ(၈)ရွာ စုစုပေါင်း(၂၃)ရွာ ရှိပါတယ်။ အဲဒီဟာကို ကျွန်တော်တို့ တောင်ဘက်ကမ်းကို ဒေါက်ဒွေရွာထိရောက်အောင် ကျွန်တော်တို့က ဖောက်ထားပြီးသား ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေါက်ဒွေရွာကနေ မဲင်းကို (၅)မိုင်၊ မဲင်းရွာကနေ လီလောင်းရွာကို (၂)မိုင်၊ လီလောင်းရွာကနေ ဒုံအိမ်ကို (၃)မိုင်၊ ဒုံအိမ်ရွာကနေ ငရှောင်ကို ဒီမောင်းချောင်းကို ဖြတ်ပြီးတော့မှ ဟိုဘက်ကမ်းက ငရှောင်ရွာကို (၆)မိုင်ပြီးမှ ဒေါက်ဒွေမှ ငရှောင်ရွာ အထိ စုစုပေါင်း ပေါင်းလိုက်ရင် (၁၆)မိုင်ရှိပါတယ်။

ဒါဟာ ကျွန်တော် ဒီမေးခွန်းကို မတင်ပြခင်က ၂၀၁၂ ခုနှစ်က ကျွန်တော်တို့ ဆိုင်ကယ်လမ်း ကိုယ်ထူကိုယ်ထ ရအောင်ဖောက်လုပ်ခဲ့တဲ့လမ်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မေလမှာ ကျွန်တော်တို့ ငရှောင် ကနေ ဝန်ဝါကို (၂)မိုင်၊ ဝန်ဝါ ကနေ ကီးသာ (၃)မိုင်၊ (၅)မိုင်ကို မေလမှာ ကျွန်တော်တို့ ဆိုင်ကယ်

လမ်းကိုအပြီးဖောက်လုပ်နိုင်ခဲ့ပါတယ်။အဲဒီလို ဖောက်လုပ်တဲ့အတွက်ကြောင့်မို့လို့ တိုက်နယ်အမှတ်(၃) ကျွန်တော်ပြောတဲ့ (၆)အုပ်စု (၂၃)ရွာမှာ မြို့ကနေပြီးတော့မှ မြောက်ဘက်ကို ဆင်းသွားလို့ရှိရင် ဘောရွာ ရှိပါတယ်။ ဘောကနေ မုန်းချောင်း ရောက်တယ်။ မုန်းချောင်းကနေမှ ကျွန်တော်တို့ တက်သွားလို့ ရှိရင် ယှက်၊ မွိတွိ၊ မွိတွိကနေ ကီးသာ၊ ကီးသာအထိဟာ လွန်ခဲ့တဲ့ (၁၂)နှစ်ကတည်းက ဒါ ဂျစ်ကားလမ်းကို ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကီးသာအထိဟာ ကားသွားလို့ ရပါတယ်။ ဒီမြောက်ဘက်ကမ်းမှာ ဒီတောင်ဘက်မှာဆိုရင် ဒေါက်ဒွေအထိပဲ ရှိပါတယ်။ ဒါကြောင့် ဒေါက်ဒွေကနေ အခု ကျွန်တော် တင်ပြတဲ့အတိုင်းပဲ ငရှောင်ကို ရောက်မယ်။ ငရှောင် ကနေပြီးတော့ မေလတုန်းက ကီးသာကို ဆိုင်ကယ်လမ်း ပေါက်သွားပြီဆိုတော့ ကီးသာနဲ့ ဆက်လိုက် မယ်ဆိုရင် တိုက်နယ်အမှတ်(၃)မှာရှိတဲ့ (၆)အုပ်စုက ကျေးရွာပေါင်း(၂၃)ရွာဟာ အားလုံး ဂျစ်ကားလမ်း အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခုကျွန်တော်ဒီ ငရှောင်လမ်းကိုအခုလို (၁၆)မိုင်ဆိုပြီး တော့မှ ကျွန်တော်တင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီကျန်တဲ့ (၅)မိုင်က အဲဒီတုန်းက ဆိုင်ကယ်လမ်း မပေါက် သေးတဲ့အတွက်ကြောင့် ကျွန်တော် ဒီအထဲမှာ ထည့်ပြီးတော့မှ ကျွန်တော် မတင်ပြခဲ့တာပါ။ ဒါပေမဲ့ မေလမှာ အဲဒီ(၅)မိုင်ကို အပြီးဖောက်လုပ်နိုင်တဲ့ အတွက်ကြောင့်မိုလို့ အားလုံးပေါင်းရင်တော့ ကျွန်တော် တင်ပြခဲ့တဲ့ (၁၆)မိုင်နဲ့(၅)မိုင်နဲ့ ပြန်ပေါင်းလိုက်လို့ရှိရင်တော့ (၂၁)မိုင်ဟာ အားလုံး ဒီ တောင်နဲ့မြောက် အားလုံး ရွာတွေဟာ အကုန်လုံး ဂျစ်ကားလမ်း ကိုယ်ထူကိုယ်ထ၊ Sorry ဆိုင်ကယ်လမ်း ကိုယ်ထူကိုယ်ထ အားလုံးဆက်သွားပြီ ဖြစ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ဒီ မင်းတပ်မြို့ရဲ့ မြောက်ဖက်ကနေဒီလို ဆင်းသွားလို့ ရှိရင် အခုပြောတဲ့ ပေါ်ရွာကနေ မောင်းချောင်း ရောက်ပါတယ်။ ဒီ မောင်းချောင်း ကနေပြီးတော့မှ၊ မုန်းချောင်း က လွန်ခဲ့တဲ့ (၁၂)နှစ်လောက်ကတည်းက ဒီကီးသာအထိက ဂျစ်ကားလမ်း ပေါက်ပြီးသား ဖြစ်တယ်။ သို့သော်လည်းပဲ ဒီ မောင်းချောင်းတံတား မရှိတဲ့အတွက်ကြောင့် မိုးတွင်းမှာ ဘယ်လိုမှ သွားလို့လာလို့ မရပါဘူး။ ဒါနဲ့ ကျွန်တော်တို့ ဘာသာရေးခေါင်းဆောင်များ ကနေပြီးတော့မှ၊ စည်းရုံး ပြီးတော့မှ ကျေးရွာ(၆)အုပ်စုကနေပြီးတော့မှ ဒါလွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်နှောင်းပိုင်းမှာ ကျွန်တော်တို့ ကျောက်စီနံရံ၊ နောက် လမ်းအသစ် ခွဲပြီးတော့မှ ကျွန်တော်တို့ (၂)လတိတိ ကျွန်တော်တို့ လုပ်အားပေး ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒီကျောက်စီနံရံတွေဟာ အကုန်လုံး ပြီးသွားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်အစိုးရကနေပြီးတော့မှ ဒီကျေးရွာချင်းဆက်လမ်းကို သံဘေလီတံတား တောင်းပါတယ်။ နောက် ကျွန်တော်လည်း လွှတ်တော်မှာ တင်ပြပါတယ်။ တင်ပြတဲ့ အခါမှာ နယ်စပ်ဝန်ကြီးကနေ ပြီးတော့မှ ကျွန်တော့်ကို ဖြေပါတယ်။ ဒါ ဆောက်လုပ်ရေးဝန်ကြီးနဲ့ ညှိနှိုင်းပြီးတော့မှ သံဘေလီဆိုတာ ကျေးလက်လမ်းတွေမှာ မပေးဘူး။ ဒါကြောင့် ဒီသံဘေလီတံတားကို ဘာပဲဖြစ်ဖြစ် ဆောက်လုပ်ရေးဝန်ကြီးနဲ့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပေးပါမယ်လို့ ဒါကျွန်တော့်ကို ဖြေကြားပါတယ်။ ဒါဟာလည်း မရှေးမနှောင်း ကျွန်တော်လည်း တောင်ပေါ်ပြန်ရောက်တော့ ချက်ချင်းပဲ ဒီသံဘေလီတံတားကို ဒါဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့မှ အမြန်ဆုံး လာရောက်ထုတ်ယူပါ ဆိုပြီးတော့ ကျွန်တော်တို့ ရေပြာအုန်းတောက ပြန်ပြီးတော့မှဆယ်တဲ့ သံဘေလီတံတားကနေပြီး ကောင်းတဲ့ဟာတွေ ရွေးယူပြီးတော့မှ ကျွန်တော်တို့ တောင်ပေါ်ကို သယ်သွားပြီးမှ ဒီချောင်းကို သံဘေလီ သွယ်လိုက်တဲ့အတွက်ကြောင့်မိုလို့ အခု မိုးတွင်းမှာ (၁၂)ရာသီကားလမ်းသွားလို့ ရပါပြီ။

ဒါကြောင့်အင်မတန်ပဲဒါ ကျွန်တော့်မြို့နယ်ရဲ့ကိုယ်စား ဒီနယ်စပ်စည်ပင်ဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို အထူးပဲ ကျွန်တော့်ရဲ့ ပြည်သူများကိုယ်စား ကျေးဇူးတင်ပါတယ် ဆိုတဲ့အကြောင်းကို ကျွန်တော်အလေးအနက် ကျွန်တော် ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော် အခုတင်ပြတဲ့လမ်းဟာ ဒီလို တံတားထိုးလိုက်တဲ့ အတွက်ကြောင့်မို့လို့ ကီးသာရောက်သွားတယ်။ ကီးသာကို ကျွန်တော်တို့ တောင်ဘက်က နေပြီးတော့မှ ပြန်ပတ်ရင် အားလုံးဂျစ်ကားလမ်း ကျွန်တော်တို့ ပေါက်နိုင်ပြီ။ ဆိုင်ကယ်လမ်း ပေါက်ပြီး ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဒီဂျစ်ကားလမ်းကလေးကို ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ နယ်စပ်စည်ပင်ဝန်ကြီးအနေနဲ့ ကူညီပံ့ပိုးပေးဖို့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်ကျွန်တော်တို့ ကိုယ်ထူကိုယ်ထ လွန်ခဲ့တဲ့ (၄)၊ (၅)၊ (၁၀)နှစ်က စပြီးတော့မှ ဖောက်လုပ်လာခဲ့တဲ့ ဆိုင်ကယ်လမ်း၊ ဒီတိုက်နယ်အမှတ်(၃)ရဲ့ ပတ်လမ်းကြီးဟာ ဆိုင်ကယ်လမ်း ပေါက်ပြီးသား ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဒီဆိုင်ကယ်လမ်းကနေတစ်ဆင့် ကျွန်တော် ဂျစ်ကားလမ်း ဖောက်လုပ်နိုင်ဖို့အတွက်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆက်လက်ပြီးတော့မှ ပံ့ပိုး ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆီဆိုင်မြို့နယ်နှင့် မောက်မယ်မြို့နယ်တို့ကို ဆက်သွယ်ထားသော နောင်ထော်၊ ပွန်ချောင်း၊ ဗန်းမက်လမ်းပေါ်ရှိ ပွန်ချောင်းကူး တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးနေဝင်းထွန်း က ဆီဆိုင်မြို့နယ်နှင့် မောက်မယ်မြို့နယ်တို့ကို ဆက်သွယ်ထားသော နောင်ထော်၊ ပွန်ချောင်း၊ ဗန်းမက်လမ်းပေါ်ရှိ ပွန်ချောင်းကူးတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့တင်သွင်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ဆီဆိုင်မြို့နယ်၊ မောက်မယ်မြို့နယ်တို့ကို ဆက်သွယ် ထားသော နောင်ထော်၊ ပွန်ချောင်း၊ ဗန်းမက်လမ်းပေါ်ရှိ ပွန်ချောင်းကူး တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဆဋ္ဌမအကြိမ် လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့သော မေးခွန်းဖြစ်ပါ ကြောင်း ရှေးဦးစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၊ တောင်ရှေ့ ကျေးရွာအုပ်စု၊ နောင်ထော်ကျေးရွာနှင့် ပွန်ချောင်းကိုဖြတ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ် မြို့နယ်၊ ကနူးကြီးကျေးရွာအုပ်စုနှင့် ဗန်းမက်ရွာအထိ (၁၀)မိုင်ခန့်ရှိသောလမ်းကို ဒေသအတွင်း ဆရာတော်၊ သံဃာတော်များ ဦးစီးပြီး အလှူရှင်များ၏ အလှူထည့်ဝင်ငွေ ဒေသခံပြည်သူများ၏ လုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိနေပါတယ်။

အဆိုပါ အရပ်ဒေသသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်မြို့နယ်၊ အရှေ့ တောင်ခြမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၏ အနောက်တောင်ခြမ်းနှင့် ကယားပြည်နယ် မြောက်ခြမ်းတို့သည် တြိဂံပုံသဏ္ဌာန် တည်ရှိနေသည့် ဒေသတစ်ခု ဖြစ်ပါတယ်။ ၎င်းဒေသတွင် ရှမ်း၊ ပအိုဝ်း၊ လီရှော၊ ကယားစသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက် ရှိကြပါတယ်။ အစိုးရ အဆက်ဆက် ခေတ်အဆက်ဆက်က နယ်မြေဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ဒေသတွင်းပဋိပက္ခ အခြေအနေကြောင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ချန်ရစ်ထားခဲ့သည့် ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ တစ်ချိန်က မြန်မာပြည်ကွန်မြူနစ်ပါတီနှင့် အစိုးရတို့ မူဝါဒရေးရာ ပဋိပက္ခများကြောင့် ဖြတ်လေးဖြတ် ဖြင့် ထားရှိခဲ့သောကြောင့် ဒေသခံများအထိနာခဲ့သော နယ်မြေဒေသတစ်ခုလည်း ဖြစ်ပါတယ်။

ယခုအချိန်တွင် ဒေသအတွင်းပဋိပက္ခအဖွဲ့အစည်းများလည်း ငြိမ်းချမ်းရေးတည်ဆောက် နိုင်ခဲ့ပြီဖြစ်သည့်အတွက် အဆိုပါဒေသကို ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် အချိန်အခါသင့်ပြီ ဖြစ်ပါ တယ်။ အဆိုပါဒေသသည် လမ်းပန်းဆက်သွယ်ရေးမည်မျှထိ ခက်ခဲပါသလဲဆိုရင် ဒေသတစ်ခုနှင့် တစ်ခု၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ရာတွင် ခြေလျင်လမ်းများသာရှိပြီ စားနပ်ရိက္ခာအတွက် သယ်ယူ ပို့ဆောင်ရာတွင်လည်း မြင်းများ၊ လားများကိုသာ အားကိုးရပါတယ်။ ဆန်တစ်အိတ် သယ်ယူဖို့ အတွက် သယ်ယူပို့ခ အခကြေးငွေအဖြစ် ဆန်တစ်အိတ် ပေးရတဲ့သဘော ဖြစ်ပါတယ်။ ဒေသခံ ပြည်သူများ ဖောက်လုပ်လျက်ရှိတဲ့ အဆိုပါလမ်းမှာလည်း နောင်ထော်-ပွန်းချောင်းထိ (၅)မိုင်အရှည် အထိ ရောက်ရှိခဲ့ပြီးဖြစ်ပြီး ကျောက်ဆောင်ကျောက်ကမ်းပါးများ ထူထပ်၍ လက်သုံးကိရိယာများ သာရှိသော ဒေသခံပြည်သူများမှာ ပင်ပန်းကြီးစွာ ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ ဖောက်လုပ်ရပြီး ကျန်သည့် လမ်းပိုင်းကိုလည်း ဆက်လက်၍ ဖောက်လုပ်သွားရန် ရှိပါသည်။ ယခုကဲ့သို့ ဖောက်လုပ်ရာတွင်လည်း ဝန်နှင့်အား မမျှတပါ။ နိုင်ငံတော်မှ စီမံချက်များဖြင့် ဖောက်လုပ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း၊ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း စီမံချက်နှင့်လည်း အကျုံးဝင်နေသည့်အပြင် ဖွံ့ဖြိုးရေး နိမ့်ကျကျန်ရစ်ခဲ့ပြီး မော်တော်ကား၊ ဆိုင်ကယ်ကိုပင် မမြင်ဖူး၊ မစီးဖူးသော အဆိုပါ ဒေသခံ ပြည်သူတို့၏ဘဝများကို ဒေသဖွံ့ဖြိုးခွင့်လက်တစ်ဖက် ကမ်းလင့်ပေးနိုင်မည် ဆိုပါက ယင်းဒေသရှိ တိုင်းရင်းသားပေါင်းစုံတို့၏ ဘဝသည် ပွင့်လန်းနိုင်ကြမည်မှာ သေချာပါသည်။

အစိုးရမှ တောရောမြို့ပါ နေရာလပ်မကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရမည် ဆိုသည့် စေတနာဖြင့် ကျိုးပမ်းဆောင်ရွက်နေသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဥ်ကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်ရာ ရောက်ပါမည်။ ယခုကဲ့သို့ ဒေသခံများ၏ချွေးဖြင့် ဖောက်လုပ်လျက်ရှိသည့် နောင်ထော်၊ ဗန်းမတ်လမ်းပိုင်းတွင် အစိုးရ၏ပံ့ပိုးကူညီမှု အရေးတကြီးလိုအပ်နေသည်မှာ ပွန်ချောင်း

ချောင်းကူးတံတားသာ ဖြစ်ပါသည်။ အဆိုပါ တံတားသည် ပေ(၂၀၀)ခန့်ဖြစ်ပြီး ဆင်းရဲသော ဒေသခံပြည်သူများ၏ အင်အားနှင့် စွမ်းဆောင်နိုင်စွမ်းမရှိလောက်ဘူးဟု၍ပြောလျှင် ပကတိမှန်ကန်သော စကားပင် ဖြစ်ပါသည်။ ယင်းပွန်ချောင်းတံတားကို အစိုးရကသာ တည်ဆောက် ပေးလိုက်ပါက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်မြို့နယ်အရှေ့တောင်ခြမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်၏ အနောက်တောင်ခြမ်းနှင့် ကယားပြည်နယ် မြောက်ခြမ်းဒေသဟူသော ဒေသ(၃)ခုတို့သည် ဖွံ့ဖြိုးတိုးတက်သည့် အကျိုးရလဒ်ကို ရရှိစေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အဆိုပါ ဒေသခံပြည်သူများ ကြိုးစားဖောက်လုပ်နေသည့် နောင်ထော်၊ ပွန်ချောင်း၊ ဗန်းမတ်လမ်းပေါ်ရှိ ပွန်ချောင်းကူးတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါ၍ လေးစားစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဗိုလ်ချုပ် ဇော်ဝင်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ မေးခွန်းကို ဦးစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာ ဇိုခွါးကျေးရွာကို ခြေလျင်လမ်းဖြစ်သော ဖြတ်လမ်းအား မော်တော်ဆိုင်ကယ်လမ်းအဖြစ် ဖောက်လုပ်နိုင်မှု အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ် အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းချမှတ်ပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများနဲ့ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ကျွန်တော်တို့ ကျပ်သန်းပေါင်း (၅၁၆၁.၀၇)သန်း လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ မြို့နယ်ပေါင်း(၁၂)မြို့နယ်မှာ လမ်း၊ တံတားများအနေနဲ့ မြေသားလမ်းကို (၁၂၀)မိုင်၊ ကျောက်လမ်းက(၃၁)မိုင်၊ ကတ္တရာလမ်းက(၁၆)မိုင်နဲ့ သံကူကွန်ကရစ်(၇)ခု တည်ဆောက်ခြင်းအပြင် သံမဏိကြိုးတံတား(၁)စင်း မွမ်းမံခြင်းပေ(၃၀၀)နဲ့ သစ်သားတံတား ပြုပြင်မွမ်းမံခြင်း၊ ကြိုးတံတား(၃)စင်း ပြုပြင်မွမ်းမံခြင်း၊ ကွန်ကရစ်ရေပြွန်အစင်း(၅၀) ပြင်ဆင်ခြင်းများကို

ကျွန်တော်တို့ ခွင့်ပြုမိန့်ရရှိခဲ့တဲ့ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေရရှိခဲ့တဲ့အတွက် ယခုနှစ်မှာ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့လုပ်ငန်းက ဘဏ္ဍာရေးနှစ် ခွင့်ပြုတဲ့လုပ်ငန်းထဲမှာ မပါရှိတာကို တွေ့ရှိရပါတယ်။ သို့ရာတွင် ဟားခါး-ရေဇွာ-မတူပီလမ်းပေါ်မှာ ရှိပြီးတော့ ဟားခါးမှ (၂၂)မိုင်ဝေးကွာပြီး၊ ၎င်း ဇိုခွါးကျေးရွာနဲ့ ဆတ္တားကျေးရွာ ဆက်သွယ်မယ့် ဆိုင်ကယ်လမ်းဖောက်လုပ်ပါက လမ်းကြောင်းအားဖြင့် (၁၂)မိုင်ကွာဝေးမှာ ဖြစ်ပါတယ်။ လမ်းကြောင်းမှာရှိတဲ့ ကျေးရွာပေါင်း(၁၇)ရွာကိုလည်းပဲ အထောက်အကူဖြစ်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ ဇိုခွါးကျေးရွာမှ ဆတ္တားကျေးရွာကို ဖြတ်လမ်းအဖြစ် ဆက်သွယ်ဖောက်လုပ်နိုင်မယ့် လမ်းအရှည်ကို ကျွန်တော်တို့ မော်တော်ဆိုင်ကယ်လမ်း ဖောက်လုပ်နိုင်ရေးအတွက် ကျွန်တော်တို့ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေမှ (၂.၄)သန်း၊ သိန်း(၂၄၀)ရရှိရေးအတွက် ကျွန်တော်တို့ အဆိုပြုခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းငွေများကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မင်းတပ်မြို့နယ်မှာ ရှိတဲ့ ဒေါက်ဒွေရွာ-မဲင်းရွာ-လီလောင်းရွာ-ဒုံအိမ်ရွာများကို ဖြတ်ပြီးတော့ မရှောင်ရွာသို့ ဖောက်လုပ်တဲ့ ကိုယ်ထူကိုယ်ထဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ လမ်းဟာ (၂၁)မိုင်ရှိပြီးတော့ ဒေသတွင်း ကျေးရွာ(၇)ရွာအပြင် လူဦးရေပေါင်း(၁၆၀၀)ကျော်ကို အကျိုးပြုနိုင်ကြောင်း တွေ့ရှိရပါတယ်။ ၎င်းဆိုင်ကယ်လမ်း(၂၁)မိုင်နဲ့ ဒေါက်ဒွေ-လီလောင်း-ဒုံအိမ်-ဝေါက်ကြုတ်-မောင်းချောင်း (ငရှောင်ရွာ)အနီးအထိ လမ်း(၁၆)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ (၁၆၄.၄)သန်း ခွင့်ပြုခဲ့ပြီးတော့ ချင်းပြည်နယ်အစိုးရအနေနဲ့ ဂျစ်ကားလမ်း၊ မြေသားလမ်း ဖောက်လုပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျန်ရှိတဲ့ ငရှောင်ကနေ ကီးသာအထိရှိတဲ့ လမ်း(၅)မိုင်အတွက်လည်းပဲ ခန့်မှန်းကုန်ကျငွေ(၅၁.၃၇)သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၄-၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ကြောင်းနဲ့ ချင်းပြည်နယ်အစိုးရ၊ ချင်းပြည်နယ် ဒေသခံပြည်သူလူထု၊ ဒေသခံလူမှုအဖွဲ့အစည်းများအားလုံး ကူညီပူးပေါင်းဆောင်ရွက်မှုနဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှပဲ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ရဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ နောင်ထော်-ပွန်ချောင်းနဲ့ ဇန်းမတ်လမ်းပေါ်မှာရှိတဲ့ ပွန်ချောင်းတံတား ပေ(၂၀၀)ဟာ ၁၉၉၈-၉၉ ဘဏ္ဍာရေးနှစ်လောက်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းအထူးအဖွဲ့(၉)ကနေ ဆောက်လုပ်ပေးခဲ့တဲ့ သံဘောင်ဘေလီတံတား ဖြစ်ပါတယ်။ ဆောက်လုပ်ပြီး တစ်နှစ်ခန့်အကြာ

ကျမှပဲ ချောင်းရေတိုက်စားမှုကြောင့် ပြိုကျသွားခဲ့တဲ့အတွက် နမ့်စန်မြို့နယ်၊ မီးသွေးချောင်း တံတားကို ပြောင်းလဲတည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။ လက်ရှိ အခြေအနေမှာ ကိုယ်ထူကိုယ်ထ ယာယီ တံတားအဖြစ် ဆက်သွယ်လျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှာ ရှမ်းပြည်တောင်ပိုင်းမှာ ကျောက်ခင်းလမ်းအနေနဲ့မိုင်(၄၀)၊ တံတားကြီး(၁)စင်း၊ တံတားငယ်ပေါင်း (၈)စင်းနဲ့ ရေပြွန်ပေါင်း(၄၄)ခုကိုလည်းကောင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြေသားလမ်း မိုင်(၅၀)၊ ကျောက်လမ်း(၃၁)မိုင်၊ ကတ္တရာလမ်း(၆)မိုင်နဲ့ တံတားငယ်(၄၉)စီး၊ ရေပြွန်စုစုပေါင်း (၂၂)ခုကို လျာထားခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ ပွန်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ခွင့်ပြုလုပ်ငန်း မပါရှိကြောင်း တွေ့ရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်အရ ဆီဆိုင်မြို့နယ်၊ အရှေ့ဘက်တောင်ခြမ်းဒေသနဲ့ မောက်မယ် မြို့နယ်အနောက်ခြမ်း၊ တောင်ခြမ်းဒေသ၊ ကယားပြည်နယ်မြောက်ပိုင်းဒေသရဲ့ လမ်းပိုင်းဆက်သွယ်ရေး များစွာအထောက်အကူဖြစ်တဲ့အတွက် တံတားတည်ဆောက်ပေးရန် အမှန်တကယ် လိုအပ်လျက်ရှိ ကြောင်းလည်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကနေ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ နောင်တော်-ပွန်ချောင်း-ဗန်းမတ်လမ်းပေါ်မှာရှိတဲ့ ပွန်ချောင်းတံတား ပေ(၂၀၀)ကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရေး ခန့်မှန်းကုန်ကျစရိတ် တွက်ချက်စေပြီး န.တ.လ နှုန်း ထားနဲ့ ကျပ်သန်း(၂၀၀)အား ရှမ်းပြည်နယ်၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီသို့ ခွင့်ပြုချပေးသွားမည် ဖြစ်ပါတယ်။ တံတားပြီးစီးရေးအတွက်လည်း ရှမ်းပြည်နယ်အစိုးရမှ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်သကဲ့သို့ ပအိုဝ်းအထူးဒေသမှလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ဖြေကြားအပ် ပါတယ်။ ပွန်ချောင်းတံတား တည်ဆောက်ရာမှာ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် မလုံလောက် ပါက ဖြည့်စွက်ရန်ပုံငွေများ ထပ်မံလျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်း များဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စု မော်တော်ကားလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများ အရည်အသွေး (Quality) နှင့် စံချိန်စံညွှန်း (Specification) ပြည့်မီစေရေး တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးအောင်ချိုဦး က ပြည်ထောင်စု မော်တော်ကား လမ်းများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများ အရည်အသွေး(Quality) နှင့် စံချိန်စံညွှန်း (Specification) ပြည့်မီစေရေး တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းရန်အတွက် အတော်လေးအချိန်ယူ စဉ်းစားခဲ့ပါတယ်။ ပညာရှင်တွေနဲ့လည်း တိုင်ပင်ပြီးတော့ အတွေ့အကြုံရှိတဲ့ လူတွေနဲ့ ထပ်မံတိုင်ပင်ပြီး ကျွန်တော်ရဲ့ ပြည်တွင်းခရီးစဉ် အတွေ့အကြုံတွေ၊ ပြည်ပခရီးစဉ်အချို့က ရရှိခဲ့တဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပြီးတော့ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ဖောက်လုပ်ထားရှိတဲ့ လက်ရှိ ပြည်ထောင်စုမော်တော်ကားလမ်း ကွန်ယက် (Road Network)၊ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ဖောက်လုပ်ဆဲ/ဖောက်လုပ်မည့် ပြည်ထောင်စုလမ်းများ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူထားတဲ့ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဖောက်လုပ်ပြီး/ ဖောက်လုပ်ဆဲ/ ဖောက်လုပ်မည့် ဒေသဖွံ့ဖြိုးရေးလမ်းများကို လွှတ်တော်အသီးသီးက လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများက ဆက်သွယ်သွားလာရေး လွယ်ကူမှု/ခက်ခဲမှု စသည်တို့နှင့် ဆက်စပ် ပြီးတော့ တင်ပြတောင်းခံချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက် ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ထို့နည်းတူစွာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံအတွင်းမှာ ဒေသတစ်ခုမှ တစ်ခုသို့ ကူးလူး ဆက်သွယ်တဲ့ ဆက်သွယ်မှု အဆင်ပြေကောင်းမွန်စေရေးအတွက် လမ်းတွေကို ပြင်ဆင်ထိန်းသိမ်း တာတွေ၊ လမ်းသစ်တွေ ရှာဖွေဖောက်လုပ်ပေးတာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့သလို အဆိုပါ ရှိပြီးလမ်းပိုင်းများကို ထိန်းသိမ်းရာမှာ လည်းကောင်း၊ လမ်းသစ်များကို ဖောက်လုပ်ရာမှာလည်းကောင်း၊ လုပ်ငန်းအတွက် ကျွမ်းကျင်မှုပိုင်း ဆိုင်ရာ စံချိန်စံညွှန်းများ(Technical Specifications)အတိုင်း လက်တွေ့ဆောင်ရွက်မှု အားနည်း နေတာတွေ၊ ဆောင်ရွက်မှု မရှိတာတွေ၊ လုပ်ငန်းအရည်အသွေး (Work Quality) ကောင်းမွန်မှု အတွက် တာဝန်ရှိ အင်ဂျင်နီယာ အဆင့်ဆင့်ရဲ့ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှု (Management and

Supervision) များမှာ အနိမ့်ဆုံးအဆင့် ရှိသင့်သည်ထက် လျော့နည်းခြင်းတို့ကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ငွေကြေးမြောက်များစွာ သုံးစွဲလျက်ရှိပြီး တည်ဆောက်ပြီး လမ်းသစ်များဟာ လမ်းသက်တမ်း (၁)နှစ်မပြည့်မီမှာ ယိုယွင်းပျက်စီးမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် နိုင်ငံတော်မှာ အတိုင်းအတာတစ်ခုအထိ ဆုံးရှုံးခဲ့တာရှိသလို လမ်းအသုံးပြုသူများဖြစ်ကြတဲ့ (Users) ဖြစ်ကြတဲ့ ပြည်သူများမှာ အခက်အခဲပေါင်းစုံကို ရင်ဆိုင်လျက် ရှိနေကြရပါတယ်။ ဒီနေရာမှာ ကျွန်တော်ဟာ လမ်းလုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့ ပညာရပ်ပိုင်းဆိုင်ရာကို နားလည်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာ တစ်ဦး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ အတွေ့အကြုံ ရင့်ကျက်တဲ့ပုဂ္ဂိုလ်များကို ထိတွေ့ဆက်ဆံပြီး နှီးနှောဖလှယ်ပြီး ကျွန်တော့်ရဲ့ အတွေ့အကြုံနဲ့ စေတနာမှန်ဖြင့် တင်ပြရခြင်းသာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြို့၊ ရွာများအကြားမှာ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ကတ္တရာလမ်းမကြီးများနဲ့ ဆက်စပ်ပြီး ညှိနှိုင်းတိုင်ပင်သိရှိသမျှကိုလည်း ဆွေးနွေးလိုပါတယ်။ ကတ္တရာလမ်းမကြီးများဟာ ယခင်က လမ်းနယ်(Road Boundary) ပီပီပြင်ပြင် သတ်မှတ်ထားရှိခဲ့သော်လည်း ယနေ့ လမ်းနယ်ပြ ကွန်ကရစ်တိုင်တွေ မရှိသလောက် ဖြစ်နေပါတယ်။ လမ်းပခုံးများ (Road Shoulders) များဟာ လမ်းများရဲ့ အသက်သဖွယ် ဖြစ်သည့် အလျောက် ယခုအခါ မူလဒီဇိုင်း၊ သတ်မှတ်အကျယ်နှင့် ထု စသည်တို့ မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကတ္တရာလမ်းသားများရဲ့ ဝဲ/ယာ အစွန်များဟာ အလွန်အကျွံ ပွန်းပဲ့ပျက် စီးလျက်ရှိပြီး၊ လမ်းများပေါ်တွင် အပေါက်များ ဖြစ်ပေါ်နေတာတွေ အချိန်နှင့်တစ်ပြေးညီ ဖာထေးပြင်ဆင်ခြင်းကို နိုင်နင်းအောင် မဆောင်ရွက်နိုင်တဲ့ လုပ်ငန်းအချို့လည်း ရှိပါတယ်။ နေရာအတော်များများမှာ ခရီးလမ်းမိုင်အကွာအဝေးပြ မိုင်တိုင်တွေ အချို့နေရာမှာ ပျောက်ကွယ်နေတာတွေ၊ တချို့နေရာမှာ ပီပြင်မှုမရှိတာတွေလည်း လေ့လာတွေ့ရှိရပါတယ်။

လမ်းနယ်အတွင်း ဝဲ/ယာလမ်းနဲ့အပြိုင် ရေနုတ်မြောင်းတွေ လုံးဝမရှိတာတွေ၊ ဒါမှမဟုတ် ပီပီပြင်ပြင် ရေစီးဆင်းနိုင်တဲ့အဆင့် မရှိတာတွေလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ လမ်းနယ်အတွင်း လမ်းဥပဒေချိုးဖောက်လျက် တရားမဝင် ထွန်ယက်စိုက်ပျိုးတာတွေ၊ မွေးမြူရေးခြံနဲ့ အိမ်ရာတွေ ထူထောင်တာတွေ ကျွန်တော်တို့ နယ်ဘက်တွေမှာလည်း ရှိပါတယ်။ စသည်ဖြင့် ကျူးကျော်ဝင်ရောက်မှုကို တားဆီးမှုမရှိတဲ့ အခြေအနေလေးလည်း ရှိပါတယ်။ လမ်းဘေးဝဲ/ယာ နယ်မြေများမှာ ခြုံနွယ်များနဲ့ အလေ့ကျ ပေါက်ရောက်တဲ့ သစ်ပင်တွေ ခုတ်ထွင်မှု အားနည်းတာတွေလည်း ရှိပါတယ်။ လမ်းအန္တရာယ် သတိပေးအမှတ်အသား လမ်းစည်းကမ်းများ၊ ဆိုင်းဘုတ်များ လိုအပ်သလို စိုက်ထူဆောင်ရွက်မှု အချို့နေရာတွေမှာလည်း လိုနေတာတွေ့ပါတယ်။ လမ်းအန္တရာယ်ရှိသော နေရာများမှာ ကာနံရံများ၊ ကာတိုင်များ၊ ကာတန်းများကို လိုအပ်သလိုထားရှိနိုင်မှု အားနည်းတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရပါတယ်။

သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ လမ်းသစ်များဖောက်လုပ်ရာမှာ ပြီးစီးသင့်တဲ့ အချိန်ထက်စော၍ပြီးရန် အဖက်ဖက်ကနေပြီးတော့ တွန်းအားပေးမှုတွေအရ၊ ပညာရပ်ပိုင်းဆိုင်ရာ အလေးထားမှုတွေအရ အားနည်းချက်တွေလည်း တွေ့ရပါတယ်။ လျာထားသတ်မှတ် လမ်းနယ်အတွင်းမှာ လမ်းအူကြောင်းတစ်လျှောက် အောက်ခြေ တူးဖော်ရှင်းလင်း

ခြင်းကို မပြုလုပ်ဘဲနဲ့ လမ်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့တာတွေ၊ လမ်း၏ အောက်ခံအလွှာတွေ (Sub-base) ကို အနီးဝန်းကျင်မှ ရရှိနိုင်ရာ မြေတွေကို အသုံးပြုပြီးတော့ နောက်ပိုင်းကျုံ့ခြင်း၊ ကွဲခြင်းတွေ ဖြစ်ပေါ်ခဲ့တာတွေ၊ ရွှံ့စေးများသောမြေများ (Highly Clay-Content Soil) ကင်းရှင်းသော Kankhar ဖြုန်းကျောက်၊ ကျောက်စရစ် ရောမြေ၊ သဲ ကျောက်စရစ်ရောမြေ စတဲ့ မိုးရာသီအောင်း ရေတွေကို လွယ်ကူစွာ စီးဆင်းသွားနိုင်သော လမ်းခင်းပစ္စည်းတွေကို ရွေးချယ်အသုံးပြုမှု မရှိခြင်းနှင့် ဝန်တင်၊ ဝန်သယ်ယာဉ်များရဲ့ သတ်မှတ်ခံနိုင်ဝန်အားအတွက် ထု (Thickness) မရှိ၍ လမ်း အောက်ခြေမှ ပန်းထွက်ရေဒဏ်ကြောင့် လမ်းများ ပျက်စီးမှု ရှိနေတာကိုလည်း တွေ့ရပါတယ်။

အထက်ပါ လမ်းတာဘောင် အသုံးပြု အောက်ခံမြေသား၊ အောင်းရေ ထွက်လွယ်သော ကျောက်ရောမြေများ ရေဖြန်းကြိတ် သိပ်သည်းစေမှု အားနည်းတာတွေ ဆောင်ရွက်မှု မရှိတာတွေ၊ ခဲ့ကျောက်တွေနဲ့ ထပ်ပိုးလွှာခင်းခြင်းကို လမ်းကြိတ်စက် အသုံးပြုသိပ်သည်းစေမှု အားနည်းတာတွေ ဆောင်ရွက်မှု မရှိတာတွေ အသုံးပြုကျောက်များ၏ အရည်အသွေးညံ့ဖျင်းလို့ အထူးသဖြင့် ကျောက်ချောလမ်း ဖောက်လုပ်ရာတွင် လုပ်ငန်းအရည်အသွေး ပြည့်ဝမှုမရှိတာတွေလည်း ကျွန်တော့် အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ ကတ္တရာများ အသုံးပြုရာတွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ကတ္တရာပါဝင်မှု အချို့၊ အချို့နေရာမှာ နည်းပါးပြီး လမ်းမိုင်အရှည် ပိုမိုရရှိနိုင်ရေး မျှဝေဆွဲဆန့် အသုံးပြုလျက်ရှိနေတာကြောင့် တချို့နေရာတွေမှာ လမ်းအရည်အသွေး စံချိန်မမီတာတွေ ကျွန်တော် တွေ့ရပါတယ်။ ကားလမ်းများကို လိပ်ကျောခုံး ထားရှိမှု မပီပြင်တာတွေ လမ်းအတက်/အဆင်း အလျှောများ ဒီဇိုင်းသတ်မှတ်ချက် ရာခိုင်နှုန်း၊ ပညာရှင်များရဲ့ အဆိုအရ ဥပမာ - (၅)ရာခိုင်နှုန်း၊ (၆)ရာခိုင်နှုန်း ဆောင်ရွက်မှု မရှိတာတွေ လမ်းအကွေ့ တည်ဆောက်မှုများ၏ အကွေးဒီဂရီများ မှန်ကန်မှု မရှိတဲ့ အတွင်းအပြင် နိမ့်မြင့် မှတ်များ မှန်ကန်မှု မရှိတာတွေကိုလည်း တွေ့ရပါတယ်လို့ ပညာရှင်များက ကျွန်တော့်ကို ဆွေးနွေးခဲ့ပါတယ်။ ချောင်းမြောင်းများနှင့် အနိမ့်ပိုင်းများအား ဖြတ်သန်းဖောက်လုပ်ထားသည့် လမ်းများ၏ အောက်ဘက်တွင် ပီပြင်သော ရေနုတ်မြောင်းတွေ ထည့်သွင်းမှု အချို့နေရာမှာ အားနည်းတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး များမှ ပြည်သူများ နေ့စဉ် ကြုံတွေ့နေရတဲ့ ကျွန်တော် ကိုယ်တိုင်လည်း သွားလာခဲ့ရတဲ့ ခရီးသွား အတွေ့အကြုံတွေအရ အခက်အခဲ ပြဿနာများကို အန္တရာယ်များကို အလေးထားပြီး ကာလတို၊ ကာလရှည် စီမံချက်များဖြင့် ဆောင်ရွက်သင့်တဲ့ နားလည်သမှုကို အသိနှင့် တင်ပြဆွေးနွေးရခြင်းသာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပျော့ကွက်၊ ဟာကွက်ကို ရည်ရွယ် ထောက်ပြခြင်းလည်း မဟုတ်ပါဘူးလို့ လေးစားစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လုပ်ငန်းပမာဏ များပြားစွာ စီမံ ဆောင်ရွက်နေတာကိုလည်း ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ တင်ပြ ဆွေးနွေးချက်ပါ အကြောင်းအရာများဟာ နာတာရှည်ရောဂါကဲ့သို့ မဖြစ်စေလိုသော ဆန္ဒဖြင့် တင်ပြ ခြင်းလည်း ဖြစ်ပါတယ်။ တစ်ဆက်တည်း တင်ပြရပါလျှင် ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုက်ရိုက် စီမံခန့်ခွဲရသော လမ်းများနှင့်အတူ တိုင်းရင်းသားကုမ္ပဏီများမှ တာဝန်ယူရသော လမ်းပိုင်းများလည်း ပါဝင်နေပါတယ်။ မည်သို့ပင်ဖြစ်စေ အထွေထွေစီမံခန့်ခွဲမှုမှာတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများ

တွင်သာ တာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဝေးဝေး မကြည့်ဘဲနဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ တို့မှာ လမ်းများရဲ့ အရည်အသွေး မည်မျှမြင့်မားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ၁၉၈၈ ခုနှစ် မတိုင်မီက တည်ဆောက်ခဲ့တဲ့ ရန်ကုန်-ပြည်လမ်းပိုင်းနဲ့ ပုသိမ်-မုံရွာလမ်းပိုင်းများဟာ အဆင့်အတန်း အလွန်မြင့်မားကြပါတယ်။

ဒါကြောင့်မို့လို့ ပြည်ထောင်စုလမ်းပိုင်းများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်း ကတော့ မေးခွန်းအပိုင်း (၇)ပိုင်း ဖြစ်ပါတယ်။ (၁) လမ်းအမျိုးအစားအလိုက် ဒီဇိုင်းခံနိုင်ဝန်နှင့် လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်း (Technical Specification) အရ ဖောက်လုပ်တည်ဆောက်နိုင်ပါက တစ်ဖက်မှာလည်း တိကျစွာ လိုက်နာအသုံးပြုပါက ဝန်အားအလိုက် သတ်မှတ်သက်တမ်းများ ဖော်ပြ ပေးရန်။ (၂)လမ်းအမျိုးအစားအလိုက် ဒီဇိုင်း၊ ခံနိုင်ဝန် သတ်မှတ်ချက်အရ ထုတ်လုပ်ပေးခဲ့သော လမ်းဒီဇိုင်းများအပေါ် စံချိန်စံညွှန်းပါအတိုင်း လိုက်နာတည်ဆောက်ခြင်း မရှိပါက အချိန်မတန်ဘဲ ပျက်စီးမှုများ ဖြစ်ပေါ်မှုအတွက် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိ၊ မရှိပါက နောင်တွင် အစီအစဉ် ရှိ/မရှိ။ (၃) ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ထိန်းသိမ်းထားသော (က) စုစုပေါင်း လမ်းမိုင်နှင့် လျာထားရန်ပုံငွေ၊ (ခ) တံတားကြီးများ အပါအဝင်လမ်း အဆောက်အအုံ များအတွက် လျာထားရန်ပုံငွေ။ (၄) ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်/တိုင်းဒေသကြီးများအလိုက် အသစ်ဖောက်လုပ် တည်ဆောက်မည့် (က) စုစုပေါင်းလမ်းမိုင်နှင့် လျာထားရန်ပုံငွေ၊ (ခ) တံတားကြီးများ အပါအဝင် လမ်းအဆောက်အအုံများအတွက် လျာထားရန်ပုံငွေ။ (၅) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ် လမ်းများ(Roads) အတွက် သတ်မှတ်ရန်ပုံငွေ သုံးစွဲရာခိုင်နှုန်းနှင့် တံတားကြီး၊ ငယ်များ (Bridges) အတွက် ရန်ပုံငွေ သုံးစွဲဆိုင်ရာရာခိုင်နှုန်း မည်မျှရှိသည်ကို သိလိုပါတယ်။ (၆) ဒေသဖွံ့ဖြိုးရေး အတွက် ဆက်သွယ်ထားတဲ့ လမ်းများ (ကတ္တရာ၊ ကျောက်ချောလမ်းများ စသည့်) ဖောက်လုပ် ရာတွင် ပိုပြင်သော ဒီဇိုင်းများ ရေဆွဲခြင်း၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ (Technical Specifications) သတ်မှတ်ပေးခြင်းတို့ဖြင့် လမ်းသက်တမ်း (Life Span) သတ်မှတ်ထားပြီး ဖောက်လုပ်ခြင်း ရှိ/မရှိ။ (၇) ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာ ဒေသအသီးသီး၏ ကျေနပ်မှုရရှိရန် မျှဝေ၊ ခွဲဝေစနစ်ဖြင့် အချိန်ဆွဲဆန့်၍ ဖောက်လုပ်သည့် ဒေသဖွံ့ဖြိုးရေးလမ်းပိုင်းများ။ ဥပမာ - ဦးစားပေး လမ်းအလိုက် လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းရာသီ(၁)ခု သို့မဟုတ် (၂)ခုအတွင်း ပြီးစီးသင့်သည့် လမ်း လုပ်ငန်းများကို အချိန်(၃)နှစ်၊ (၄)နှစ်၊ (၅)နှစ် စသည် ခွဲခြား၍ လုပ်ဆောင်ခြင်းတို့ကို အချိန်တို အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိ တို့ကို သိရှိနိုင်ပါရန် ပြည်သူများ၊ ပညာရှင်များ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း - လွိုင်ကော်လမ်း မိုင်တိုင်အမှတ် ၆၁/၃ မှ ၆၂/၃ အတွင်း လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဦးဒွေးရယ် က ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း-လွိုင်ကော်လမ်း မိုင်တိုင်အမှတ် ၆၁/၃ မှ ၆၂/၃ အတွင်း လမ်းအန္တရာယ် ကင်းရှင်းရေး အတွက် လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ရှေးရှုပြီးတော့ ဒီမေးခွန်းကို မေးမြန်းခွင့်ပြုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကို များစွာကျေးဇူးတင်ပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း-လွိုင်ကော်လမ်းဟာ ကျွန်တော်တို့ ကယားပြည်နယ်အတွက် အဓိကကျလှတဲ့ ဆက်သွယ်ရေး လမ်းကြောင်းကြီးတစ်ခု ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ လမ်းပန်းဆက်သွယ်ရေးကို ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်များ ချထားပေးလျက်ရှိပါတယ်။ ဒီလို ဘတ်ဂျက်များချထားပေးရာမှာ လမ်းအဆင့် မြှင့်တင်ခြင်း၊ လမ်းချဲ့ ပေးခြင်း၊ လမ်းအသစ် ဖောက်လုပ်ခြင်းများကို အဓိကထား ဆောင်ရွက်ပေးလျက် ရှိပြီးတော့ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သာမန်အရသာ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

လွိုင်ကော်-အောင်ပန်းလမ်း မိုင်တိုင်အမှတ် ၆၁/၃နဲ့ ၆၂/၃ အတွင်းဟာ နောင်ဦးတောင် အတက်/အဆင်းကြီးတဲ့အပိုင်း ဖြစ်ပြီးတော့၊ လမ်းကြောင်းဟာ အောင်ပန်းမှ လွိုင်ကော် လာတဲ့အခါမှာ အဆင်းရှည်ပြီးတော့၊ လွိုင်ကော်မှ အောင်ပန်းကို တက်တဲ့အခါမှာ အတက်ရှည်ပြီးတော့၊ ကျွန်တော်တို့ အဆင်းရှည်ပြီးတော့၊ အကွေ့အကောက်နည်းပြီး အထိန်းအကွပ် မရှိဘဲနဲ့ ဆင်းရတဲ့အတွက်ကြောင့် မို့လို့ ဆင်းရတဲ့ကားများဟာ အရှိန်မထိန်းနိုင်ဘဲနဲ့ ဘရိတ်ပေါက်တာမျိုးတို့၊ လမ်းဘေး ချော်တာမျိုးတို့ ဖြစ်ပြီးတော့ တိမ်းမှောက်နေတာဟာ မကြာခဏပဲ ဖြစ်ပါတယ်။ တက်လာတဲ့ အခါကျတော့လည်းပဲ အတက်ရှည်တဲ့အတွက်ကြောင့်မို့လို့ ဂီယာကို စက်ရှိန်ကျပြီးတော့ အနောက် ပြန်ကျတာမျိုး မကြာခဏ ဖြစ်ပွားပြီးတော့ အသက်ပေါင်းများစွာ နစ်နာဆုံးရှုံးခဲ့ရတယ် ဆိုတာ ဒေသခံများအသိပင် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းကြောင်းပိုင်းကို ဖောက်လုပ်ပေးတဲ့အခါမှာ လမ်းအူကြောင်းကို ပြောင်းလဲဖောက်လုပ်ပေးမှသာလျှင် ကျွန်တော်တို့အတွက်လမ်းအန္တရာယ်ကင်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက်ကို ရှေးရှုပြီးတော့ အဆင်းလမ်း အတွက် ပြေပြစ်စေဖို့နဲ့ အန္တရာယ်ကင်းစေဖို့အတွက် သီးသန့်လမ်းအူကြောင်းတစ်ကြောင်း ပြန်လည်

ဖောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၉။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ချိုဦး မှ အမျိုးသားလွှတ်တော် အစည်းအဝေးကို မေးမြန်းထားတဲ့ ပြည်ထောင်စု မော်တော်ကားလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများ အရည်အသွေး (Quality)နှင့် စံချိန်စံညွှန်း (Specification) ပြည့်မီစေရေး တာဝန်ယူဆောင်ရွက်ပေးရန်နဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ချိုဦး ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် အားနည်းချက်၊ အားသာချက်များအား စေတနာဖြင့် တင်ပြဆွေးနွေးခဲ့တာကို ဝန်ကြီးဌာနအနေနဲ့အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဦးစွာတင်ပြပါတယ်။ ကိုယ်စားလှယ်တော်ကြီး အနေနဲ့ နိုင်ငံတော်အတွင်းမှာ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ကတ္တရာလမ်းမကြီးများနဲ့ ပတ်သက်တဲ့ အဓိကမေးခွန်း(၇)ခု မေးပေမယ့် စုစုပေါင်းမေးခွန်းလွှာမှာ တင်ပြထားတဲ့ မေးခွန်တွေဟာ အားလုံးပေါင်း(၂၃)ချက် ရှိပါတယ်။ ဒီ(၂၃)ချက်ကို ကျွန်တော့်အနေနဲ့ တစ်ချက်ချင်း ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါကြောင်း တင်ပြပါတယ်။ ပထမအချက်ကတော့ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ လမ်းမကြီးတွေမှာ Road Boundary များကို ထားရှိတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အနေနဲ့ ပြည်ထောင်စုလမ်းများကို ရွာတွင်းနဲ့ မြို့တွင်းတွေမှာ ပေ(၁၀၀)ထားရှိတာ ဖြစ်ပါတယ်။ ပြည်ထောင်စုလမ်းတွေမှာတော့ မြို့နဲ့ရွာ အပြင်ဘက်မှာဆိုရင်တော့ ပေ(၁၅၀) လမ်းနယ်အဖြစ် သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အာဆီယံလမ်းမကြီးတွေကိုတော့ ပေ(၃၀၀)ထားရှိပါတယ်။ အဝေးပြေး အမြန်လမ်းမကြီးတွေ မှာတော့ ပေ(၄၀၀)လမ်းနယ် သတ်မှတ်ထားရှိပါကြောင်း တင်ပြပါတယ်။

ယခုဆိုရင်တော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိတဲ့ လမ်းများအားလုံးမှာ သတ်မှတ်လမ်းနယ်တိုင်အတိုင်း (Road Boundary) တွေ၊ လမ်းနယ်ပြကွန်ကရစ်တိုင်တွေ (Boundary Posts) များ ပြုလုပ်တပ်ဆင်သွားဖို့ ညွှန်ကြားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ လမ်းပခုံး (Road Shoulders)

များနဲ့ ပတ်သက်ပြီးတော့ တင်ပြပါမယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ လမ်းပခုံးဟာ လမ်းတစ်လမ်း အတွက် အင်မတန်မှ အရေးကြီးပါတယ်။ လမ်းပုခုံးမကောင်းခဲ့ရင် လမ်းသားများပါ ပျက်စီးတဲ့အတွက် ကျွန်တော်တို့ လမ်းပုခုံးကို အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ အခုချိန်မှာတော့ လမ်းပုခုံး တော်တော်များများဟာ နိမ့်ကျပြီးတော့ ထုများ ပြန်လည်ရရှိဖို့အတွက် ကျွန်တော်တို့ ရန်ပုံငွေများ ချမှတ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းတင်ပြပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လမ်းအချို့မှာ ကတ္တရာလမ်းသားများရဲ့ ဝဲ/ယာ ကျွန်တော်တို့ လမ်းရဲ့ Edging ခေါ်ပါတယ်။ Road Edging တွေ အလွန်အကျွံပွန်းပဲ့ ပျက်စီးလျက် ရှိတဲ့ဟာနဲ့ ပတ်သက်ပြီးတော့လည်းကောင်း၊ လမ်းပေါ်မှာ ဖြစ်ပေါ်နေတဲ့ လမ်းပေါက်များ (Pot Holes) များ ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်ပြီးတော့ လည်းကောင်း၊ ဒါတွေကို ကျွန်တော်တို့ Pot Holes များကိုတော့ တစ်ပေါက် ပေါက်လျှင် တစ်ပေါက် ဖာ ဆိုတဲ့ စနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါတယ်။ အချို့လမ်းများကတော့ ဒါ (၁၂)ပေလမ်း အကျယ်သာရှိတဲ့အတွက် ကားတစ်စီးနဲ့ တစ်စီး ရှောင်တိမ်းတဲ့အခါမှာ လမ်းကျဉ်းတာကြောင့် လမ်းရဲ့ Edging ခေါ်တဲ့ အစွန် အဖျား အနား တွေဟာ ကျိုးကျပျက်စီးသွားတာ တွေ့ရှိပါတယ်။ ဒါတွေကိုလည်းပဲ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးမှာ ကျွန်တော်တို့လမ်းများကို ပြန်လည်ပြီးတော့ ပြုပြင်ဖို့အတွက် ညွှန်ကြားထားပြီး ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ တည်ဆောက်ပြီးလမ်းများမှာရှိတဲ့ ခရီးလမ်းပိုင်း အကွာအဝေးပြ မိုင်တိုင်(Mile Post) များကို တပ်ဆင်ပြီး ဖြစ်သော်လည်းပဲ တချို့နေရာတွေမှာ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ နားမလည်တဲ့သူတွေက ကွန်ကရစ်တိုင်တွေကို ဖျက်ဆီးတယ်။ သစ်သား တိုင်တွေကို နှုတ်ယူတယ်။ သဘာဝဘေးဒဏ်ကြောင့်လည်း ပျက်စီးတယ်။ ပျောက်ဆုံးတယ် ဆိုတဲ့ ကိစ္စရပ်တွေဟာ ရှိနေတဲ့အတွက် ဒီလမ်းမိုင်တိုင် (Post) များကိုလည်း ကျွန်တော်တို့ ပြန်လည် ဆောင်ရွက်ထားရှိဖို့ ညွှန်ကြားထားပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တည်ဆောက် ပြီးတဲ့ မြေပြန့်လမ်း၊ တောင်ပေါ်မှာ တည်ဆောက်တဲ့လမ်းများ အမျိုးအစားအလိုက် လမ်းပေါ်မှာ ရေမြောင်းများကို လမ်းနဲ့အပြိုင် (Parallel Drain) တူးဖော်ခြင်းလုပ်ငန်းများကို လမ်းပြင်ဆင် ထိန်းသိမ်းပြီးတော့ ရန်ပုံငွေများချမှတ်ပြီးတော့ ဒီအားနည်းချက်များကိုလည်း ကျွန်တော်တို့ Parallel Drain များ ဆောင်ရွက်ခြင်းအားဖြင့် ပြုပြင်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံတော်အတွင်းမှာ အချို့ဒေသမှာရှိတဲ့ လမ်းတံတားနယ်မြေ များမှာ တာဝန်ရှိသူ၊ တာဝန်မဲ့သူတွေရဲ့ ကျူးကျော်အိမ်၊ ဈေးဆိုင်များ ဆောက်ခြင်း၊ တရားမဝင် ထွန်ယက်စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ မွေးမြူရေးခြံ၊ ကန်များ ဆောင်ရွက်ခြင်းများ ရှိပါတယ်။ ဒီကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံတော်မှ ထုတ်ပြန်အတည်ပြုပြီးဖြစ်တဲ့ လမ်းမကြီး ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အရေးယူတားဆီးရန် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ တာဝန်သိ ပြည်သူများနှင့် အတူဆောက်လုပ်ရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ နောက် တစ်ချက်ကတော့ လမ်းဘေး ဝဲ/ယာလမ်းနယ်အတွင်းမှာ ချုံနွယ်နှင့် အလေ့ကျ ပေါက်ရောက် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မိုးဦးကျ၊ မိုးလယ်၊ မိုးနှောင်း ဆိုပြီးတော့ ကျွန်တော်တို့ တစ်ကြိမ်စီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ပြည်ထောင်စု လမ်းမကြီးများမှာ လမ်းအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ အသိပေးဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်၊

လမ်းညွှန်ဆိုင်ဘုတ်၊ လမ်းစည်းကမ်းပြဆိုင်းဘုတ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားထားတဲ့အတိုင်း လိုအပ်တဲ့နေရာများမှာ မဖြစ်မနေ တပ်ဆင်သွားကြရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ခရီးသွားပြည်သူများ လမ်းအန္တရာယ်ရှိစေတဲ့ တာဘောင်အမြင့် နေရာ၊ လမ်းကွေ့အကောက်နေရာ တံတားအဝင်အထွက်နေရာ၊ တောင်ပေါ်ပိုင်း အတက်/အဆင်း နေရာများမှာ ကာကွယ်နံရံများ (Parapet Walls)၊ ကာကွယ်တိုင်များ (Guard Posts)၊ ကာကွယ် တန်းများ (Guard Rails) များ တပ်ဆင်ရန် စီစဥ်ကြပ်မတ် ညွှန်ကြားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းသစ်များ ဖောက်လုပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းထားချက်များကို ဆက်လက်ရှင်းလင်းတင်ပြပါ့မယ်။ ပထမမေးခွန်းကတော့ လမ်းစီမံကိန်းများ ဆောင်ရွက်ရာမှာ လမ်းသတ်မှတ်လမ်းနယ် လမ်းအူကြောင်းတစ်လျှောက် အောက်ခြေ တူးဖော်ရှင်းလင်းခြင်း ပြုလုပ်ခြင်းနဲ့ အပေါ်ယံမြေလွှာ (Top Soil) ကို အနည်းဆုံး (၆)လက်မ ဖယ်ရှားခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ လမ်းသစ်များ တည်ဆောက်တဲ့အခါမှာ လမ်းတာဘောင် (Embankment) နဲ့ လမ်းအောက်ခံ (Subgrade) များကို အနီးပတ်ဝန်းကျင်မှ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့မြေများကို သုံးစွဲခွင့်ခွင့် ပြုထားပါတယ်။ မြေကောင်းများမရရှိပါက ကျွန်တော်တို့ ရွေးချယ်မြေ (Selected Soil) ကို တခြား နေရာကနေ သယ်ယူပြီးတော့ သုံးစွဲဖို့ ဒါတွေကို ကျွန်တော်တို့ ညွှန်ကြားထားပြီးတဲ့အပြင် ၎င်းမြေကြီး များကိုလည်းပဲ သတ်မှတ်ထားတဲ့ သိပ်သည်းမှုရရှိအောင် (Soil Stabilization) ဖြစ်အောင် ကျွန်တော်တို့ တစ်လွှာချင်း ကြိတ်တဲ့စနစ်နဲ့ ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ လမ်းရဲ့ထုအခြေခံလွှာ (Subbase) တည်ဆောက်ရာမှာ ခွဲကျောက်အစား ကုန်ကျစရိတ်သက်သာပြီး လမ်းရဲ့ခံနိုင်ရည်အား ရရှိမဲ့ ရွှံ့စေးနည်းတဲ့ Kankar ဖြုန်းကျောက်၊ သဲ၊ ကျောက်စရစ်ရောမြေ သို့မဟုတ် သဲကျောက်စရစ်ရောမြေ၊ ကုန်းကျောက်မြေ (Hill Gravel)၊ဂဝံမြေ (Laterite)၊ ချောင်းကျောက်ရောမြေ (Chaung Gravel) တို့ကို အသုံးပြုတည်ဆောက် လျက်ရှိပါတယ်။ ၎င်းပစ္စည်းများကိုလည်းပဲ ကျွန်တော်တို့ ရေဒဏ်ခံနိုင်ခြင်း (Soaked CBR) ရရှိအောင် ဓါတ်ခွဲခန်း (Lab) များမှာ စမ်းသပ်စစ်ဆေးပြီးမှ အသုံးပြုခွင့် ပြုထားပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လမ်းတာဘောင်နဲ့ အောက်ခံမြေတည်ဆောက် တဲ့အခါမှာ သတ်မှတ်ချက်နဲ့ ပြည့်မီတဲ့မြေများကို အလောတော်ရေပါဝင်မှု (Optimum Moisture Content) ရရှိအောင်ရေဖြန်း၍ မြေသိပ်သည်းစက် (Compactor) များရဲ့ အလေးချိန်ပေါ် မူတည် ပြီးတော့ (၉)လက်မမှ (၁၂)လက်မထက် မပိုသော သတ်မှတ်မှုအဆင့် ရရှိသည်အထိ ကြိတ်ခင်း ပါတယ်။ မြေသိပ်သည်းစက် (Compactor)ရဲ့ Sheep Foot ခွာရာအနက်ကိုလည်းပဲ (၁ ၁/၄)လက်မ ကျန်သည်အထိကြိတ်လျှင် လိုအပ်တဲ့သိပ်သည်းမှုရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သတ်မှတ်ထားတဲ့ Degree Of Compaction ဖြစ်တဲ့ မြေသားလုပ်ငန်းကို (၉၀)ရာခိုင်နှုန်းနဲ့ Subgrade အတွက် (၉၅)ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ လမ်းများအသစ်ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်ရာမှာ လမ်းမိုင်အရှည် ပိုမိုရရှိရေးအတွက် ကတ္တရာများကို မျှဝေဆွဲဆန့်အသုံးပြုမှု ကျွန်တော်တို့ မရှိပါဘူး။ ကတ္တရာဖြန်းစက်များနဲ့လည်းကောင်း၊

ကျွမ်းကျင်တဲ့ လုပ်သားများနဲ့လည်ကောင်း သတ်မှတ်နှုန်းထားများ (Application Rate)အတိုင်း ကတ္တရာများကို အသုံးပြုလျက်ရှိပါတယ်။ နှစ်စဉ်လည်းပဲ ကျွန်တော်တို့ ကတ္တရာ တန်(၄၀၀၀၀) ကနေပြီးတော့ (၆၀၀၀၀)အထိ သုံးစွဲလျက်ရှိပါတယ်။ ဒီလို သုံးစွဲမှုများနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ရုံးချုပ်မှာရှိတဲ့ အင်ဂျင်နီယာချုပ်များကို တာဝန်ခွဲဝေပြီးတော့ တိုင်းနှင့်ပြည်နယ် အသီးသီးမှာရှိတဲ့ လမ်းလုပ်ငန်းများကို သွားရောက်ကြီးကြပ်ကွပ်ကဲ စစ်ဆေးစေပါတယ်။

နောက်တစ်ချက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းစီမံကိန်းအသစ်များ ဆောက်လုပ်မည်ဆိုပါက လမ်းဦးစီး၊ လမ်းပုံထုတ်အဖွဲ့မှ လမ်းအူကြောင်းရှာဖွေခြင်း လမ်းရဲ့ Geometric စံချိန်စံညွှန်းဖြစ်တဲ့ (Geometric Design) လမ်းအနိမ့်အမြင့်လျှောစောက် (Gradient) လမ်းအကွေ့ အကောက်များ တည်ဆောက်ရာမှာ Road Curve Setting များကို အကွေးဒီဂရီ (Deflection Angles)၊ အတွင်းအပြင် အနိမ့်အမြင့် (Super Elevation)၊ ရေဆင်း (Camber) စသည်များကို တွက်ချက်ပြီးတော့မှ ပုံစံထုတ်ပါတယ်။ လမ်းမကြီး သတ်မှတ်အကျယ်၊ အနိမ့်အမြင့်၊ အကွေ့အကောက် များ ရရှိစေဖို့အတွက် မြေကြီးလုပ်ငန်း ဖို့မြေ၊ ဖြတ်မြေပမာဏများကိုလည်း (Profile) အရ တွက်ချက် ပေးပြီးတော့မှ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပုံထုတ်ဌာနမှလည်း ရေးဆွဲထားတဲ့ ပုံစံအတိုင်း မှန်ကန်စေရန် ကွင်းအင်ဂျင်နီယာများမှ အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း ညွှန်ကြားထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ဒီ အမျိုးသားလွှတ်တော်မှာ လည်းပဲ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့က လာရောက် ရှင်းလင်းတင်ပြစဉ်မှာ ဥက္ကဋ္ဌကြီး ကိုယ်တိုင်ကကိုပဲ ကျွန်တော်တို့ဌာနမှာ ဒီပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်နေတယ် ဆိုတာကို မိန့်ကြားခဲ့တာ ကျွန်တော်တို့ သိရှိခဲ့ရပြီး ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ချောင်း၊ မြောင်းများနဲ့ အနိမ့်ပိုင်း (Depression)နေရာများမှာ ဖောက်လုပ်တဲ့လမ်းများမှာ လမ်းတာဘောင်မှာ အမြင့်ဆုံးရေအမှတ် အထက် (၃)ပေရရှိအောင် ကျွန်တော်တို့ လမ်းတာဘောင်ကို မြှင့်တင်ဆောင်ရွက်ရပါတယ်။ လျှိုများကို ဖြတ်ပြီးတော့ ဖောက်တဲ့နေရာမှာလည်းပဲ ရေပွန်များ၊ ကွန်ကရစ်ရေကျော် (Cause Ways) များ စသည်ဖြင့် ကျွန်တော်တို့ ထည့်ပြီးတော့ လမ်းမှာ Side Drains တွေ၊ Traverse Drains တွေ စတာတွေကို ထည့်ပြီးတော့ ဆောင်ရွက်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ချိုဦး မှ ဆွေးနွေး ထားတဲ့ ရန်ကုန်-ပြည်လမ်းဟာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ချေးငွေနဲ့ ၁၉၈၆ ခုနှစ်မှာ ကျွန်တော်တို့ စတင်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါတယ်။ သက်တမ်း(၁၀)နှစ်ကျော် လာတဲ့အခါမှာ ၂၀၁၃ ခုနှစ်မှ စတင်ပြီး လမ်းသက်တမ်း ကျော်လာပြီးတော့ တန်ပိုယာဉ်များလည်း ဖြတ်သန်းသွားလာတဲ့အတွက် လမ်းသား နိမ့်ကျခြင်း၊ ကတ္တရာ သက်တမ်းများကုန်ခြင်း ဖြစ်ပေါ်ခဲ့ရ ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၁ ခုနှစ်မှ စတင်ပြီးတော့ မက်စ်မြန်မာကုမ္ပဏီလီမိတက်မှ B.O.T စနစ်နဲ့ လမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့တာ အခုဆိုရင်တော့ လမ်းကောင်းမွန်လျက်ရှိပါတယ်။ အလားတူပါပဲ ပုသိမ်-မုံရွာလမ်းကိုလည်းပဲ ကျွန်တော်တို့ ၁၉၇၈ ခုနှစ်က စတင်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလမ်းကိုလည်းပဲ ၂၀၁၁ ခုနှစ်မှာ ပုသိမ်-မုံရွာလမ်း အရှည်(၄၅၀)မိုင်ကျော်ကို ကတ္တရာလမ်း

အဖြစ် ကျွန်တော်တို့ ဆောင်ရွက်ပြီးတဲ့အတွက် လမ်းကလည်း ကောင်းမွန်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အတူပဲ မြစ်ကြီးနား-ဗန်းမော်လမ်းအပိုင်းမှာ ဒေသအခေါ် ပြောင်းဖူးစေ့လမ်း (Coursed Dry Stone Pitched Road) မှာ ကျွမ်းကျင်တဲ့ ကျောက်ဆစ်လုပ်သားများနဲ့ ကျောက်တုံးများကို သဲညှပ်ပြီး ကြိတ်ခင်းထားတဲ့ ကျောက်စီလမ်းဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ၂၀၀၄ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ လမ်းအပိုင်းဖြစ်တဲ့အတွက် ရေရှည်အသုံးပြုခဲ့နိုင်ဖို့အတွက် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီမှာ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ အဝေးပြေးလမ်းမကြီးများအတွက် နိုင်ငံတကာ အဆင့်မီ တည်ဆောက်ထားတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ မြန်မာနိုင်ငံရဲ့ လမ်းတည်ဆောက်မှုဆိုင်ရာ ကုန်ကျစရိတ်များကို တင်ပြရမယ်ဆိုရင် အဓိကအားဖြင့် လမ်းအကျယ်(၂၄)ပေ၊ လမ်းအရှည်(၁)မိုင်နဲ့ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာနဲ့ နှိုင်းယှဉ်ပြီးတင်ပြရမယ်ဆိုရင် တရုတ်နိုင်ငံဟာ (၅.၂)သန်း အမေရိကန်ဒေါ်လာ ကုန်ပါတယ်။ အိန္ဒိယနိုင်ငံဟာ (၂.၂)သန်း အမေရိကန်ဒေါ်လာ ကုန်ကျတာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက (၁.၃၈)သန်း ကုန်ကျတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ တော့ (၀.၆၄)သန်းသာ ကုန်ကျတာကို ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ဆောင်ရွက်ထားတဲ့ လမ်းတွေဟာ Asphalt Concrete ကတ္တရာကွန်ကရစ်လမ်းများ ဖြစ်ပြီးတော့ ကျွန်တော်တို့ လမ်းတွေကတော့ ရိုးရိုး Pen-Mac နဲ့ ဆောင်ရွက်ထားတဲ့ ကတ္တရာလမ်းများသာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုတာကတော့ လမ်းအမျိုးအစားအလိုက် ဒီဇိုင်း၊ ခံနိုင်ဝန်နဲ့ လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ပြီး အသုံးပြုသူများကလည်းပဲ Axial Load အတိုင်း မော်တော်ယာဥ်များသွားလာပြီး ပုံမှန် ပြင်ဆင် ထိန်းသိမ်းမှုများ ပြုလုပ်မယ်ဆိုရင် လမ်းအသစ်တစ်ခုရဲ့သက်တမ်း (Life span of Roads) က ကတ္တရာလမ်းများအတွက် (၁၀)နှစ်ဖြစ်ပါတယ်။ ဘိလပ်မြေ ကွန်ကရစ်လမ်းများအတွက် သက်တမ်း ဟာ အနှစ်(၂၀)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ လမ်းအမျိုးအစားအလိုက် ဒီဇိုင်းခံနိုင်ဝန် သတ်မှတ်ချက်အရ ထုတ်ပေး ထားတဲ့ လမ်းဒီဇိုင်းအပေါ်မှာ စံချိန်စံညွှန်းပါအတိုင်း တည်ဆောက်ခြင်းမရှိပါက အချိန်မတန်ဘဲ လမ်းပျက်စီးမှုများ ဖြစ်ပေါ်မှုအတွက် တာဝန်ရှိသူများ၊ အင်ဂျင်နီယာများကို သတ်မှတ်ကွာခြား ပစ္စည်းတန်ဖိုး၊ လုပ်အားခတန်ဖိုးများ ပြန်လည်ပေးလျော်ခြင်း၊ ရာထူးတိုး ဆိုင်းငံ့ခြင်း၊ နေရာဒေသ ရွှေ့ပြောင်းခြင်း စတဲ့ အရေးယူခြင်းများ ရှိခဲ့ပါတယ်။

ဆက်လက်ပြီးတော့လည်းပဲ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ အရေးယူ ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ တည်ဆောက်မယ့် လမ်းမိုင်နဲ့ ရရှိရန်ပုံငွေများကို တင်ပြရမယ်ဆိုရင် လမ်းမိုင်အနေနဲ့ (၁၂၇၉၁)မိုင် (၇)ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပြီးတော့ ရရှိတဲ့ ရန်ပုံငွေဟာ (၁၄၃.၉၃)

ဘီလီယံ ဖြစ်ပါတယ်။ တံတားကြီးများအပါအဝင် အဆောက်အအုံများအတွက် ဆောင်ရွက်ရမယ့် ငွေပမာဏကတော့ (၉၂.၉၃)ဘီလီယံ ရရှိထားပါကြောင်း တင်ပြအပ်ပါတယ်။

ဒီအပြင် ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ အသစ်တည်ဆောက်မယ့် လမ်းတွေအတွက် လမ်းမိုင်ပေါင်းဟာ (၄၁၄)မိုင်နဲ့ (၅)ဖာလုံ အသစ်တည်ဆောက်မှာဖြစ်ပါတယ်။ တံတားကြီးငယ်များကိုတော့ အားလုံးပေါင်း ကျွန်တော်တို့ (၁၇.၁၃)ဘီလီယံ အကုန်အကျခံပြီး တည်ဆောက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၅)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက နှစ်စဉ်လမ်းမကြီးများအတွက် သုံးစွဲတဲ့ ရာခိုင်နှုန်းဟာ လမ်းမကြီးများအတွက် (၆၀)ရာခိုင်နှုန်း ဖြစ်ပြီးတော့ တံတားကြီးများအတွက် (၄၀)ရာခိုင်နှုန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းနံပါတ်(၆)ကိုတော့ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆက်သွယ်တဲ့အခြေအနေပေါ်မှာ မူတည်ပြီးတော့ ကတ္တရာလမ်း၊ ကျောက်ချောလမ်း လမ်းလွှာဒီဇိုင်းပုံစံ ရေးဆွဲခြင်းနဲ့ လမ်းသစ်များကို လမ်းအူကြောင်းအဖြစ် ဖောက်လုပ်ရန် Geometric Design ရေးဆွဲပြီးမှ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ပါတယ်။ လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ရာမှာလည်း သက်တမ်းပြည့် (Life Span) အသုံးပြုနိုင်ရန် အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ (Quality Control) များနဲ့ ကြီးကြပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နံပါတ်(၇) မေးခွန်းကတော့ ရန်ပုံငွေရရှိမှုအပေါ် ဒေသအသီးသီးရဲ့ ကျေနပ်မှုရရှိစေရန်မျှဝေ၊ ခွဲဝေစနစ်ဖြင့် ဒေသဖွံ့ဖြိုးရေးလမ်းပိုင်းများအား အချိန်ဆွဲဆန့်၍ ဆောင်ရွက်ခြင်းမျိုး မရှိပါဘူးခင်ဗျား။ လမ်းများရဲ့ တည်ဆောက်ရန် ကြာတဲ့အချိန်ဟာ ရန်ပုံငွေ ခွဲဝေရရှိမှု၊ ဒေသအသီးသီးမှာလမ်းခင်းပစ္စည်းများရရှိမှု၊ ရာသီဥတု အခြေအနေ၊ စက်ယာဥ်ယန္တရား ပံ့ပိုးနိုင်မှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်သည့် ကျွမ်းကျင်လုပ်သားများရရှိမှု အနည်း၊ အများနဲ့ နယ်မြေဒေသရဲ့ လုံခြုံရေးအခြေအနေစတဲ့ အခက်အခဲများအရ ကွာခြားမှုရှိပါတယ်။ စီမံကိန်းပြီးစီးရန် သတ်မှတ်အချိန်အတွင်း ရည်မှန်းချက်ထားရှိသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်း၊ တံတားများ ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်တဲ့အခါမှာ စံချိန်စံညွှန်းများနှင့်အညီ လမ်း၊ တံတားလုပ်ငန်းများကောင်းမွန်စေရန် စနစ်တကျ စီမံခန့်ခွဲမှု၊ ရန်ပုံငွေစနစ်တကျ သုံးစွဲနိုင်မှု၊ အရည်အသွေး ကောင်းမွန်သောပစ္စည်းအား Open Tender စနစ်ဖြင့် ဈေးနှုန်းမှန်ကန်စွာ ရရှိမှု၊ လူအင်အားမှန်ကန်စွာသုံးစွဲမှု၊ စက်ယာဥ်ယန္တရားများ အသုံးပြုမှု၊ တည်ဆောက်ရေး နည်းစနစ်များ မှန်ကန်မှု စတဲ့ အခြေခံအချက်အလက်များကို သက်ဆိုင်ရာ တာဝန်ရှိ အင်ဂျင်နီယာများရဲ့ အခြေခံ (Mind Set)များကိုပါခေတ်မီတဲ့နည်းစနစ်များ ပြောင်းလဲပြီး တာဝန်ယူဆောင်ရွက်ရတဲ့အတွက် လမ်း၊ တံတားလုပ်ငန်းများအောင်မြင်အောင် ထိန်းသိမ်းဆောင်ရွက်တဲ့အခါမှာ အင်မတန်မှ အကျိုးရှိသွားမှာ ဖြစ်ပါကြောင်းလေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကယား ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဒွေးရယ် မှ အမျိုးသား လွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း-လွိုင်ကော် လမ်းအား ပြည်သူများ အန္တရာယ်ကင်းရှင်းရေးကို ရှေးရှု၍ လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ အောင်ပန်း-လွိုင်ကော်လမ်း မိုင်တိုင် ၆၁/၃ ကနေပြီးတော့ ၆၂/၃ အတွင်း နောင်ဝိုးတောင် အတက်အဆင်းကြီးတဲ့ လမ်းအပိုင်းဟာ ဘယ်ဘက်ခြမ်းမှာ ကျောက်တောင်ကြီးရှိပါတယ်။ ပင်လောင်းဘက်ကသွားရင် ညာဘက်ခြမ်းမှာလည်း မီးရထားလမ်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အဲဒီနေရာကို လမ်းအူကြောင်း ပြောင်းဖို့ ကျွန်တော်ကိုယ်တိုင်ပဲ ဇွန်လ ၁၅ ရက်နေ့မှာ သွားရောက်ပြီးတော့ စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းအူကြောင်းပြောင်းလဲရန် အခက်အခဲရှိတဲ့အနေနဲ့၊ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ လမ်းပုံထုတ်အင်ဂျင်နီယာများကို ခေါ်ယူသွားပြီးတော့ လမ်းရဲ့ဘေးမှာပဲ သတ်မှတ်အကျယ်ရရှိအောင် ကျွန်တော်တို့ လမ်းတစ်လမ်း ထပ်မံဖောက်လုပ်မှာ ဖြစ်ပါတယ်။ မူလလမ်းရဲ့ Gradient က (၁၁.၅) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ်မှတ်ရမှာက (၇)ရာခိုင်နှုန်း အများဆုံး (၈)ရာခိုင်နှုန်းထက် မပိုရပါဘူးခင်ဗျား။

ဒါကြောင့် Gradient များနေတဲ့အတွက် အဲဒီလမ်းကို ကျွန်တော်တို့ ထားပြီးတော့ ဒီဘက်မှာ ကျွန်တော်တို့ နောက်ထပ် လမ်းအကျယ်တစ်ခုကို သတ်မှတ်ထားတဲ့ Gradient ရအောင် ကျွန်တော်တို့ ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း လမ်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို (၄)ဖာလုံ၊ (၅)ဖာလုံလောက် အရှည်ကြီးကို တစ်ခါတည်း တောက်လျှောက် ဆင်းသွားတာမျိုး မဟုတ်ဘဲနဲ့ ကြားထဲမှာ ကျွန်တော်တို့က Landing လေးတွေ ထားပြီးတော့ အဆင့်ဆင့် ဆောင်ရွက်တဲ့ နည်းစနစ်နဲ့ ဖောက်လုပ်ဖို့ ကျွန်တော်တို့ အခုချိန်ကစပြီးတော့ လမ်းများကို ရှင်းလင်းပြီး ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုတစ်ဘက်မှာ ကျွန်တော်တို့ လမ်းကို (၁၈)ပေအကျယ် လမ်းတစ်လမ်း အသစ် ကျွန်တော်တို့ ဆောင်ရွက်ပြီးတဲ့အခါမှာ မူလလမ်းကိုလည်းပဲ ကျွန်တော်တို့ ဒီအချိန်မှာ ပြန်ပြင်ပါမယ်။ ဒီဘက်က ဘေးက လမ်းလွှဲကို သေသေချာချာ သတ်မှတ်တဲ့ Gradient ရအောင် ဆောင်ရွက်ပြီးမှ မူလလမ်းကို ကျွန်တော်တို့ ပြန်ပြင်ပါမယ်။ ပြန်ပြင်တဲ့အခါမှာလည်းပဲ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း လမ်းကို Gradient တောက်လျှောက်မသွားဘဲနဲ့ လမ်းမှာ Landing လေးတွေ ထားပါမယ်။ Gradient ကိုလည်း အများဆုံး(၇)ရာခိုင်နှုန်းထက် မပိုအောင်ထားမှ သာလျှင် လမ်းအန္တရာယ် ကင်းရှင်းမှာ ဖြစ်ပါတယ်။

ဒီလမ်းမှာ ခုလိုပဲ လက်ရှိအနေအထားအရ အရှည်ကြီးကို ဆင်းသွားရတဲ့အတွက် ဘရိတ်များ မနိုင်ဘဲနဲ့ အန္တရာယ်ဖြစ်တာတွေလည်း ကျွန်တော်တို့ သိရပါတယ်။ အလားတူစွာပါပဲ ပြန်အတက်မှာ လည်းပဲ မတက်နိုင်ဘဲနဲ့ ဂီယာကုန်သွားပြီးတော့ ပြန်လျှော့ကျတာတွေလည်း တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီနှစ်ရရှိတဲ့ သန်း(၄၀၀) ရှိပါတယ်။ အဲဒီ(၄၀၀)ကို တစ်ဘက်မှာ လမ်းအသစ် ဖောက်မယ်။ ပြီးတာနဲ့ ဒီဘက်က လမ်းကိုပါ ဖောက်ပြီးတော့ လမ်း(၂)လမ်း ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လက်ရှိ နှစ်ခုစလုံး ပြီးသွားတဲ့အခါမှာ လက်ရှိလမ်းကို ကျွန်တော်တို့ အဆင်းလမ်းအဖြစ်

အသုံးပြုပြီးတော့ နောက်အသစ်ဖောက်တဲ့လမ်းကို အတက်လမ်းအဖြစ် အသုံးပြုတဲ့စနစ်နဲ့ ဆောင်ရွက်သွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နောင်ဝိုးတောင် အတက်/အဆင်းကြီးတဲ့အပိုင်းကို ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အသွား(၁)လမ်း၊ အပြန်(၁)လမ်း ဖောက်လုပ်ရန်အတွက် ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ပုံထုတ်အင်ဂျင်နီယာများဟာ သွားရောက်ပုံထုတ်ပြီး ဖြစ်ပါတယ်။ ပုံထုတ်တဲ့ ရရှိချက်များကို ကျွန်တော်တို့ လက်ဝယ်မှာ ရရှိပါပြီ။ ဒါကို စနစ်တကျပြေပြစ်တဲ့ လမ်းပုံစံထုတ်ပြီးတော့ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးဘုန်းဆွေ (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဦးဘုန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးက ရှေးဦးကလေးသူငယ် ပြုစု

ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဣန္ဒနယ်တော် ဦးအောင်မြင့်သိန်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦး ကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၇-၂၀၁၃(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမယ့် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

ယခု အစည်းအဝေးကို (၁၅)မိနစ် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၁း၁၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာဌေးဝင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ်ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service)ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၈-၃-၂၀၁၃ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာဌေးဝင်း တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ်ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာခင်မောင်လေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) က ဒေါက်တာဌေးဝင်း တင်သွင်းသွားတဲ့ နိုင်ငံတော်မှာ ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေတဲ့နေရာမှာ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ အမှန်တကယ် ဆင်းရဲချို့တဲ့လူတွေကို စိစစ်ပြီးတော့ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးဖို့ဆိုတဲ့ အဆိုကို ထောက်ခံရင်းနဲ့ တစ်ပိုင်းကလည်းပဲ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာဖို့ ရည်ရွယ်ပြီးတော့ ကျန်းမာရေး မြှင့်တင်ရေးအပိုင်း (Promotive)၊ ကာကွယ်ရေးအပိုင်း (Preventive)၊ ကုသရေးအပိုင်း (Curative) နဲ့ ပြန်လည်ထူထောင်ရေးအပိုင်း (Rehabilitate) ဆိုတဲ့ ကဏ္ဍကြီး(၄)ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ကုသရေးအပိုင်းက လွဲပြီးတော့ ကျန်တဲ့ မြှင့်တင်ရေး၊ ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုတဲ့ အပိုင်းကဏ္ဍတွေဟာ အောက်ခြေမှာရှိတဲ့ ပြည်သူလူထုမှာ ထင်သာမြင်သာမှု အားနည်းပေမယ့် ကုသရေးအပိုင်းမှာ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် ထင်သာမြင်သာ ပွင့်လင်းမှုရှိတယ်လို့ ဒီလိုပဲ ခံယူပါတယ်။ ပြည်သူများ အနေနဲ့ကလည်းပဲ ဒီလိုကုသမှုအပိုင်းမှာ အားနည်းချက်တွေနဲ့ ပတ်သက်ပြီးတော့ သူတို့ ကျန်းမာရေး ကဏ္ဍနဲ့ပတ်သက်ပြီးတော့ ဝေဖန်သံတွေ ဒါတွေကလည်း မကြာခဏဆိုသလို ကျွန်တော်တို့ ကြားနေ ရပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ အမျိုးသားစီမံကိန်းများနဲ့ ပတ်သက်ပြီးတော့ ပါမောက္ခ ဒေါက်တာမြဦး မူဝါဒပိုင်းဆိုင်ရာမှာ ဆွေးနွေးတင်ပြသွားတဲ့အထဲမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းတွေတိုးချဲ့ဖို့ ရန်ပုံငွေတွေကို တိုးမြင့်ပြီးတော့ ချထားဖို့ဆိုပြီးတော့ ဆွေးနွေးသွားတဲ့ ဥစ္စာများကလည်း ကျွန်တော်တို့ ခုချိန်မှာဆိုလို့ရှိရင် ဒီ ဒေါက်တာဌေးဝင်း အဆို တင်သွင်းသွားတဲ့ ကာလကနေ တွက်ပြီးတော့ (၃)လကျော်ကျော် အတွင်းထဲမှာလည်းပဲ ပြောင်းလဲမှုတွေ အများကြီး ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ ဒီအဆို တင်သွင်းပြီးတဲ့ နောက်ပိုင်းမှာ သက်ဆိုင်ရာတိုင်းကျန်းမာရေးဦးစီးမှူးတွေ၊ ဆေးရုံအုပ်ကြီးတွေ၊ ကျွန်တော်တို့ မြို့နယ်တွေ ရောက်တဲ့အခါမှာ မြို့နယ်ဆရာဝန်တွေ၊ တိုက်နယ်ဆေးရုံဆရာဝန်များနဲ့ တွေ့ဆုံပြီးတော့ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ဒေါက်တာဌေးဝင်း တင်သွားတဲ့ ဒီအဆိုမှာ သူ့ရဲ့ လိုအပ်ချက်တွေနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်နေတာ တွေ့နေရတဲ့အတွက်လည်းပဲ ကျန်းမာရေးဝန်ကြီးဌာနကို ပြည်သူများကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

ဒေါက်တာဌေးဝင်း ရဲ့ အဆိုမှာလည်းပဲ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ပတ်သက်ပြီးတော့ အမှန်တကယ်ဆင်းရဲနွမ်းပါးတဲ့ အုပ်စုလေးတွေကို သူကနေပြီးတော့ တင်ပြထားတာ တွေ့ရပါတယ်။ ဒါတွေက ဘာတွေလဲ ဆိုတဲ့အခါကျတော့ အလုပ်လက်မဲ့တွေ၊ လက်လုပ်လက်စားတွေ၊ လယ်မဲ့ ယာမဲ့တွေ၊ မှီခိုမဲ့နေတဲ့လူတွေဆိုပြီးတော့ ဒီလို သူက ဆင်းရဲနွမ်းပါးမှု အမှန်တကယ် ဆိုပြီးတော့ ဒီအုပ်စုလေးတွေကို တင်ပြသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ တကယ့်တကယ် ကျွန်တော်တို့ ဒီ ဆင်းရဲနွမ်းပါးတဲ့ မြို့ပေါ်အနေအထားမှာ ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ လစာနည်းဝန်ထမ်းတွေတင် မဟုတ်ဘဲနဲ့ တချို့လစာနည်းတဲ့အဆင့် အလယ်အလတ်တန်းစား ဝန်ထမ်းတွေကလည်းပဲ ကျန်းမာရေးနဲ့ ပတ်သက်လာလို့ရှိရင် သူတို့မှာလည်း ကျွန်တော်တို့ အပိုထပ်ဆောင်းနိုင်တဲ့ စရိတ်စက မတတ်နိုင် အနေအထားမျိုးတွေလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆင်းရဲနွမ်းပါးတယ်ဆိုတဲ့ အုပ်စုကို သတ်မှတ်တယ်ဆိုတဲ့ နေရာမှာလည်း တော်တော်များများ ရှိနေတာကို တွေ့ရပါတယ်။ ကျေးလက်ဒေသမှာ (၇၀)ရာခိုင်နှုန်း သော တောင်သူလယ်သမားများ ဖြစ်ကြပေမယ့်လည်းပဲ လယ်ပိုင်ယာပိုင်တွေက (၃၀)ရာခိုင်နှုန်း လောက်သာ ရှိတဲ့အတွက်ကြောင့် တောအရပ်ဒေသတွေမှာလည်းပဲ ဒီ ခုနပြောတဲ့ ရှိတဲ့အတွက်ကြောင့် လယ်မဲ့ယာမဲ့ ပုဂ္ဂိုလ်တွေ အုပ်စုထည့်သွင်းလာတာ တွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီလို လူမျိုးတွေကို စိစစ်ဖို့ဆိုပြီးတော့ ဒါ ဒေါက်တာဌေးဝင်း အနေနဲ့ကလည်းပဲ လူတွေကို သူက ပြန်ပြီး စိစစ်ဖို့ တာဝန်ပေးတဲ့ သဘောမျိုးတော့လည်း မဟုတ်ပါဘူး။ ကြီးကြပ်မှုကော်မတီအဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ကနေပြီးတော့ ဆင်းရဲနွမ်းပါးတဲ့ လူတွေကို စိစစ်ပြီး တော့မှ သူက Free Medical Service ဆိုပြီးတော့ ဒါကို သူက တောင်းဆိုထားခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ စိစစ်တယ်ဆိုတဲ့နေရာမှာလည်းပဲ ဒီခုနပြောတဲ့ အဖွဲ့အစည်းတွေ၊ ကော်မတီတွေကနေပြီးတော့ စိစစ်တယ်ဆိုတဲ့နေရာမှာ ဒီအပိုင်းကလည်း တစ်ပိုင်းရှိသလို ကျန်တဲ့ အပိုင်းကလည်းပဲ ကျွန်တော်တို့ ဆေးရုံတွေ ရောက်တဲ့အခါကျတော့ ဆရာဝန်တွေ၊ ဆရာမတွေက လည်းပဲ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေအားလုံးကလည်းပဲ လူနာတွေရဲ့ အနေအထား တွေကို ခန့်မှန်းကြည့်ရုံနဲ့လည်း ဒါ သူတို့ရဲ့ ဆင်းရဲနွမ်းပါးတဲ့ အခြေအနေကို ခန့်မှန်းလို့ ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဆေးရုံအုပ်ကြီးတွေ၊ တိုင်းကျန်းမာရေးဦးစီးမှူးတွေ၊ မြို့နယ်ဆရာဝန်တွေ၊ တိုက်နယ်ဆရာဝန်တွေနဲ့ ဆွေးနွေးကြည့်တဲ့ အခါကျတော့လည်းပဲ ဒီ ဒေါက်တာဌေးဝင်း အဆို တင်သွင်းတဲ့ ကာလတုန်းက ရှိခဲ့တဲ့ ပြဿနာတွေပေါ့။ အထူးသဖြင့် ကျွန်တော်တို့ ဆေးရုံ၊ ဆေးခန်း တွေမှာ ဆေးဝါးပြတ်လပ်မှုအခြေအနေတွေ၊ ဝန်ထမ်းတွေရဲ့ ဆက်ဆံရေးအခြေအနေတွေ၊ စရိတ်မျှပေး အစီအစဉ်တွေရဲ့ အားနည်းချက်တွေ စသည်ဖြင့် ဒါလေးတွေကို သူ တင်ပြထားတာ တွေ့ရပါတယ်။ အခု ကျွန်တော်တို့ ဒီ (၃)လကျော်ကျော် ကာလအတွင်းမှာပဲ ပြန်လည်တွေ့ရှိရတဲ့ အချက်က ဘာလဲ ဆိုတော့ ဒီဆေးရုံဆေးခန်းတွေမှာ နိုင်ငံတော်ကလည်း ရန်ပုံငွေတွေ တိုးမြှင့်ချထားတာ တွေ့ရတယ်။

တိုက်နယ်ဆေးရုံအဆင့် ကျေးလက်ကျန်းမာရေးဌာန အဆင့်တွေအထိ ရန်ပုံငွေတွေ တိုးမြှင့်ချထားပြီးတော့ တစ်ချိန်တုန်းက ကျွန်တော်တို့ ဆေးရုံ၊ ဆေးခန်းသွားတိုင်း ပတ်တီးတွေ၊ အရက်ပျံတွေ၊ ဂွမ်းလိပ်တွေ ဝယ်နေရတဲ့ အနေအထားမျိုးကနေ လုံးဝမရှိတော့ဘဲနဲ့ သူတို့ လက်ရှိ အနေအထားအရ သူတို့လည်းပဲ ချမှတ်ဆောင်ရွက်နေတာတွေက ဘာတွေလဲ ဆိုတဲ့အခါကျတော့

ပြင်ပလူနာတွေကို အခမဲ့၊ နောက်တစ်ခါ ကျွန်တော်တို့ အရေးပေါ် ခွဲစိတ်ကုသခံရမယ့် အူအတက်ပေါက်တာ၊ အစာအိမ်ပေါက်တာ ဒီ အရေးပေါ်သားဖွား ဗိုက်ခွဲကလေးမွေးရတဲ့ အနေအထားမျိုးတွေ ဒါတွေကအစ ကျွန်တော်တို့ အခမဲ့၊ ဆင်းရဲချမ်းသာမရွေး အခမဲ့ ဆောင်ရွက်ပေးနေတာတွေ တွေ့သလို ဒီလို Surgical Emergency တွေ အပြင်မှာပဲ Medical Eymergency တွေဖြစ်တဲ့ မြွေကိုက်သူများ စသည်ဖြင့်၊ သွေးသွင်းသူများ စသည်ဖြင့် ဒါမျိုးတွေကိုလည်းပဲ အခမဲ့ကုသပေးနေပြီဆိုတဲ့ သတင်းကောင်းတွေကို ကျွန်တော်တို့ ကြားသိနေရပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဒေါက်တာဒွေးဝင်း ရဲ့ အဆိုထဲမှာ ကျွန်တော် စိစစ်တယ်ဆိုတဲ့ စကားလုံးတစ်လုံးပါတယ်။

ဆင်းရဲနွမ်းပါးတယ်ဆိုတာ ခုန ကျွန်တော် အထက်က တင်ပြသွားသလို ဒီ ဆရာဝန်၊ ဆရာမတွေကလည်း ဆေးရုံရောက်လာတဲ့ လူနာတွေကို စိစစ်ရပါတယ်။ စိစစ်တဲ့အခါကျတော့ သူတို့ကတော့ မျက်မြင်လေးနဲ့ စိစစ်ရတဲ့သဘောမျိုးလည်း ဖြစ်ပါတယ်။ လူနာတစ်ယောက် ဆေးရုံတက်လာမယ်ဆိုလို့ရှိရင် သူ့ရဲ့ လူနာရဲ့ ဝတ်စားနေထိုင်မှု အနေအထား သူနဲ့ ပါချလာတဲ့ ကျွန်တော်တို့ ဓာတ်ဘူးလေးတွေ၊ ခြင်းတောင်းလေးတွေကအစ ဒါမျိုးလေးတွေကို လေ့လာကြည့်မယ် ဆိုလို့ရှိရင် ဒါလေးတွေက သူတို့ရဲ့ ဆင်းရဲနွမ်းပါးမှုကို သူတို့ ခန့်မှန်းပြီးတော့ တကယ့်တကယ် အဓိကဆုံးဖြတ်ရတာက ဒီ Provider လို့ခေါ်တဲ့ ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ ဆိုတော့ ဒီနေရာမှာ ဒီလို အရေးပေါ် လူနာတွေကို အခမဲ့စောင့်ရှောက်ပေးတဲ့အပြင် ဆေးရုံတက်ပြီးတော့ ရက်ရှည်တက်ရမယ့် လူနာတွေ အခါကျတော့ ဒီလူနာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ စရိတ်မျှပေး စဉ်းစားသင့်တဲ့ လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးတဲ့လူတွေကပဲ ဒါကို ဆုံးဖြတ်ရတဲ့ အနေအထားမျိုးတွေလည်း ရှိပါတယ်။ သူတို့နဲ့ ကျွန်တော် ဆွေးနွေးကြည့်တဲ့အခါမှာ ပေါ်ပေါက်လာတဲ့ အနေအထားမျိုးပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောကြမယ်ဆိုလို့ရှိရင် ဒီကနေ့ ဥပဓိရုပ်ဆိုတဲ့ စကားလုံးက အင်မတန်မှ ခေတ်စားလာပါတယ်။

အဲဒီတော့ ဒီလို ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနဲ့ ဆွေးနွေးကြည့်တဲ့အခါမှာ လူနာရဲ့ ဥပဓိရုပ်ပေါ့ ဆရာ။ ဆရာတို့ ပြောတဲ့ လူနာရဲ့ ဥပဓိရုပ်ဆိုတာ ဘာတုန်းဆိုတော့ ဆေးရုံတွေမှာ လူနာတစ်ယောက်ဟာ အိုးတစ်လုံး ဖျာတစ်ချပ်နဲ့ တက်နေရလို့ရှိရင် အမြင်မှာ မသင့်လျော်ဘူး။ အဲဒီတော့ လူနာတွေကလည်းပဲ လူနာဝတ်စုံလေးတွေနဲ့ဆိုရင် ဒါဟာ လူနာရဲ့ ဥပဓိရုပ် ပြည့်စုံတယ်လို့ ဒီလိုပဲ ပြောကြပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒါ ကျွန်တော်တို့ အရင်ကျန်းမာရေးဝန်ကြီး တစ်ယောက် ပြောသွားဖူးတဲ့ အနေအထားမျိုးပါပဲ၊ ရင်ခွဲရုံရဲ့ ဥပဓိရုပ်။ ဒီ ဆေးရုံတွေမှာရှိတဲ့ ရင်ခွဲရုံဆိုတာကလည်းပဲ မြင်လိုက်ရုံနဲ့ကို မြင်လိုက်ရတဲ့လူတွေဟာ သေချင်စဖွယ် ဖြစ်ရမယ်ဆိုတဲ့ ဥပဓိရုပ်မျိုးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ဒါ ကျန်းမာရေးဌာနက စောင့်ရှောက်မှုအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဒီဥစ္စာလေးတွေကလည်းပဲ ဒါ အရေးကြီးတဲ့အချက်တွေပါ အလျဉ်းသင့်လို့ ကျွန်တော်တင်ပြသွားခြင်းပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီ ဒေါက်တာဒွေးဝင်း ရဲ့ အဆိုထဲမှာ ပါတဲ့အတိုင်းပဲ နွမ်းပါးတဲ့လူလေးတွေကို ကျွန်တော်တို့ Target ထားပြီးတော့ စောင့်ရှောက်တယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ တခြားလူမှုဖူလုံရေးနဲ့ ပတ်သက်တဲ့ တိုးမြှင့်ဆောင်ရွက်မှု အနေအထားတွေ၊ စရိတ်မျှပေး ခုနပြောတဲ့ Insurance System တွေ၊ Health

Insurance System တွေ မပေါ်ပေါက်သေးခင် ကာလအတောအတွင်းမှာတော့ ဒေါက်တောဌေးဝင်းရဲ့ အစီအမံလေး တစ်ခုအနေနဲ့ ဆောင်ရွက်သင့်ပါတယ်ဆိုတဲ့ ဥစ္စာကို ကျွန်တဲ့ ကျွန်တော့်နောက်မှာ ဆက်လက်ဆွေးနွေးမယ့် ကိုယ်စားလှယ်တော်ကြီးများကနေပြီးတော့ အကြံကောင်း၊ ဉာဏ်ကောင်း များ ရနိုင်ပါမယ်လို့ မျှော်လင့်ရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးချက်ကတော့ ကောင်းပါတယ်။ ရင်ခွဲရုံ ဘယ်လောက်ကောင်းကောင်း ဘယ်သူမှတော့ သေချင်မယ် မထင်ပါဘူး။ ဒါတော့ ဘယ်သူမှ သဘောတူမယ် မထင်ဘူး။ တူတဲ့လူ ရှိလား။

ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၈-၃-၂၀၁၃ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ကနေပြီးတော့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍနှင့် ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှေ့ကလည်းပဲ ဆေးကုသမှုနဲ့ ပတ်သက်ပြီးတော့မှ ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်လေး ကလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အောက်ခြေလူတန်းစားတွေရဲ့ အမှန်တကယ် လိုအပ်မယ်ထင်တဲ့ကိစ္စရပ်ပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းသော ဆင်းရဲသားပြည်သူများဟာ အထူးသဖြင့် ကျေးလက်နေ၊ တောင်ပေါ်နေ ပြည်သူများ ဖြစ်ကြပါတယ်။ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေး အစီအမံတစ်ခုကို အခမဲ့ ဆေးကုသမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး အဆို တင်သွားတဲ့ ဒေါက်တာဌေးဝင်း အားလည်း လေးစားဂုဏ်ယူမိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှန် တကယ် ဆင်းရဲချို့တဲ့သူများဆိုတာ ကျေးလက်၊ တောင်ပေါ်နေ ပြည်သူများ အများဆုံး ဖြစ်ပါတယ်။ ဒီပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချစေရန် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်မယ်ဆိုရင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြလိုတာက ကျေးလက်ဒေသ တောင်ပေါ်မကျန် ဖွင့်လှစ်ထားခဲ့တဲ့ ကျန်းမာရေးဌာနခွဲများ၊ ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံ များတွေမှာ အခြေခံဆေးဝါးပစ္စည်းများ အပြည့်အစုံ ပေးနိုင်ဖို့ လိုအပ်ပါမယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်မှ ခွဲဝေပေးလိုက်တဲ့ တိုက်နယ်ဆေးရုံများအတွက် ဆေးခွဲတမ်းများကို ဆေးရုံကြီးကြပ်မှု

ကော်မတီများနဲ့ သေချာဂဏစွာ ဖွင့်ဖောက်စစ်ဆေးပြီး တာဝန်ရှိ ဆေးရုံဆရာဝန်များကို အပ်နှင်းဖို့ လိုအပ်ပါမယ်။

ထို့အတူပဲ ကျန်းမာရေးဌာနခွဲများ၊ ကျန်းမာရေးဌာနများသို့ ချပေးလိုက်တဲ့ ဆေးခွဲတမ်းများကိုလည်း ဆင်းရဲသားပြည်သူများအတွက် အကျိုးရှိရှိ သုံးစွဲနိုင်ရန် စိစစ်ကြပ်မတ်ပြီး အပ်နှံပေးဖို့ လိုအပ်ပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံကျတဲ့ ကျန်းမာရေးဌာနခွဲများ၊ ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံများတွေမှာ အခြေခံဆေးဝါးများကို ဆင်းရဲသားပြည်သူများ အမှန်တကယ် အခမဲ့စနစ် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးကုသမှု ခံရပြီဆိုရင် ကျန်းမာရေးဌာနခွဲများ၊ ကျန်းမာရေး ဌာနများ၊ တိုက်နယ်ဆေးရုံများဟာ ကျန်းမာရေးအတွက် ပြည်သူများ အားကိုးစရာ ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ ဌာနကြီးတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ တစ်ချိန်တစ်ခါက ကာလ တစ်ခုမှာ ပြည်သူများဟာ ကျန်းမာရေးနဲ့ ပတ်သက်လာရင် ဆေးရုံဆေးခန်းများကို အလေးထား ပြသကုသကြပါတယ်။ အဲဒီအချိန်အခါမျိုးမှာ ဆေးရုံရောက်လာကြတဲ့ လူနာတွေဟာ ဆေးဖိုးဝါးခ ကုန်ကျကြရမယ်ဆိုတာလည်း မသိခဲ့ပါဘူး။ နိုင်ငံတော်ကြီးမှ အထိုက်အလျောက် ဆေးရုံ၊ ဆေးခန်း တွေမှာ စနစ်တကျ ဆေးခွဲတမ်းများ ချပေးခဲ့တဲ့ကာလမျိုး ဖြစ်ပါတယ်။ အဲဒီ အဲဒီအချိန်ကာလမှာ မြို့နယ် ဆေးရုံအဆင့် ရှိတယ်ဆိုရင် နေ့စဉ် ပြင်ပလူနာ စမ်းသပ်တဲ့ ဆရာဝန်များဟာ ခေါင်းထောင် လို့ပင် မရသလောက် လူနာများ တစ်ယောက်ပြီးတစ်ယောက် စမ်းသပ်စစ်ဆေးပေးခဲ့ကြတာ တွေ့မြင် ကြုံဖူးခဲ့ရပါတယ်။ဆရာဝန်၊ ဆရာမများကလည်း မွန်းတည့်(၁၂)နာရီလောက်ရောက်သွားမှသာလျှင် သက်သာရာ ရကြပါတယ်။ တိုက်နယ်ဆရာဝန်များဆိုရင်လည်း ထိုနည်းတူ ပြင်ပလူနာစမ်းသပ်မှု အချိန်များစွာ ပေးကြရပါတယ်။

ဒီနေ့ ဆေးရုံကြီးတွေမှာရော၊ ကျေးလက်ဆေးခန်းတွေရော၊ တိုက်နယ်ဆေးရုံတွေပါမကျန် ပြင်ပလူနာ မရှိသလောက် တွေ့ရပါတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ဆေးရုံတွေမှာ အခြေခံအဆင့် ဆေးဝါးများပင် မပေးနိုင်တဲ့အဆင့် ရောက်သွားလို့ပါပဲ၊ လူနာများကလည်း ငွေပေးရခြင်းအတူတူ ပြင်ပဆေးခန်းတွေဆီပဲ လူနာတန်းစီကြတာကို တွေ့မြင်ရပါတယ်။ ခရိုင်ဆေးရုံကြီးများမှာဆိုရင်လည်းပဲ မတော်တဆမှုဖြင့် ထိခိုက်ဒဏ်ရာရလာသော လူနာများ၊ အရေးပေါ် ခွဲစိတ်ကုသခံရမယ့် လူနာများ၊ မွေးလူနာများကိုသာ များများတွေ့ရပါတယ်။ သာမန်ဖျားနာ လူနာများမှာ ဆေးရုံမှာ မရှိသလောက် ပါပဲ၊ ဒါဟာ ဆင်းရဲသား ပြည်သူများအတွက် ဆေးရုံ၊ ဆေးခန်းတွေဟာ အားကိုးရာ မဲ့လာကြလို့ပဲ ဖြစ်ပါတယ်။ အဲဒီအချိန် အဲဒီအခါမျိုးမှာ ဆေးရုံအတွက်သာ ဖွံ့ဖြိုးတိုးမြင့်ဖို့ တင်ပြတောင်းဆိုလိုက်ကြ တဲ့ အခါ လူနာစာရင်းအရ လူနာနည်းတယ်ဆိုပြီး မတိုးမြင့်ပေးတာ များပါတယ်။ လူဦးရေ တိုးလာတဲ့ ခေတ်ကြီးမှာ ဆေးရုံကြီးတွေမှာ ဖျားနာလူနာအင်အား ယခင်ကထက် နည်းသွားရတယ်ဆိုတဲ့ အကြောင်းတရားကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲများ လေ့လာသိရှိကြမှာ ဖြစ်ပါတယ်။ ဒါဟာ အဓိက အခြေခံဆေးဝါးလူနာများကို ကျန်းမာရေးစောင့်ရှောက်ပေးမှု မပေးနိုင်ခြင်း ကြောင့်သာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေ ဆင်းရဲသားပြည်သူများအတွက် တိုက်နယ်ဆေးရုံတွေ၊ ကျန်းမာရေးဌာနတွေ၊ ကျန်းမာရေးဌာန ဆေးခန်းတွေမှာ အခြေခံဆေးဝါးများ လုံလုံလောက်လောက် ချထားပေးပြီး ပြည်သူများ အားကိုးရတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကောင်းစွာခံစားရပြီ

ဆိုရင် ယနေ့ မြန်မာနိုင်ငံမှာ ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေတာဟာ အထိုက်အလျောက် ခရီးပေါက်နေပြီလို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာလည်းပဲ တိုက်နယ်ဆေးရုံမှ အရေးပေါ်လူနာများ၊ တိုက်နယ်ဆေးရုံတွင် ကုသမရ နိုင်သော လူနာများကို ခရိုင်ဆေးရုံကြီးတွေကို ပို့ရမယ်ဆိုရင် မြို့နယ်ခရိုင်အဆင့် ဆေးရုံကြီးများ တွေမှာ ဆင်းရဲသားပြည်သူများ ကျန်းမာရေးအတွက် ကုသခံနိုင်ရန် မြို့နယ် မြို့နယ်အလိုက် ခရိုင် ခရိုင် ဆေးရုံအလိုက် ပြည်သူများကို ကုသပေးနိုင်သော အထူးကုဆရာဝန်များ ပြည့်ပြည့်စုံစုံ ထားရှိဖို့ လိုအပ်သလို ဆေးဝါးပစ္စည်းကိရိယာများလည်း ဖြည့်ဆည်းထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဆင်းရဲသားပြည်သူ လူနာတစ်ဦးဟာ တိုက်နယ်အဆင့်မှာ ကုသလို့မရဘူးဆိုရင် ခရိုင်ဆေးရုံကို ထမ်းစင်နဲ့ ထမ်းရ ထမ်းရ ရောက်အောင် ပို့ဆောင်ကြရမှာ ဖြစ်ပါတယ်။ ခရိုင်ဆေးရုံအဆင့်မှာ အထူးကုဆရာဝန်များ အကယ်၍ ပြည့်စုံလုံလောက်မှု မရှိခဲ့ဘူးဆိုရင် တိုင်းမြို့ ဆေးရုံကြီး၊ မန္တလေး၊ ရန်ကုန်လို ဆေးရုံကြီးမျိုး ဆက်ပို့ရမှာ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးတဲ့ ပြည်သူများက ဘယ်လို ကုစားရမလဲဆိုတာကို စဉ်းစားပေးစေချင်ပါတယ်။ ခရိုင်ဆေးရုံကြီးများကိုမှ အားကိုး၍ မရနိုင်ဘူးဆိုရင် အောက်ခြေအလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား လူတန်းစား ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့ အဖြေဟာ ဝေးနေဦးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနကို အကြံပြု တင်ပြလိုတာက ခရိုင် ဆေးရုံကြီးများကို အထူးကုဆရာဝန်များ အသုံးပြုမည့် ခေတ်မီစက်ကိရိယာများ အထိုက်အလျောက် ထားသင့်တယ်လို့ အကြံပြုလိုပါတယ်။ အဲဒီအချိန်မှာ ဆေးကုသခံရတဲ့ လူနာရှင်ဘက်ကလည်း ကျခံသင့်တဲ့ ကုန်ကျစရိတ်မျိုး ရှိခဲ့ရင်တောင် မန္တလေး၊ ရန်ကုန်တွေကို သွားကုသရတာထက် ကုန်ကျမှု များစွာသက်သာသွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်း တင်ပြလို တာက ဆေးခွဲတမ်းများ ချထားပေးတဲ့အခါမျိုးမှာ ခရိုင်အဆင့်ချင်းတူသော်လည်း လူဦးရေ များတဲ့ ခရိုင်ဆေးရုံကြီးများကို အချိုးကျ ခွဲပေးဖို့ လိုအပ်ပါမယ်။ တူညီစွာ ခွဲဝေပေးရမယ်လို့ မဆိုလိုပါဘူး။ ခရိုင်ဆေးရုံတစ်ခုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထူးကုဆရာဝန်များ ထားသင့်သလို ဆေးဝါးပစ္စည်းကိရိယာ များလည်း ရှိခြင်းအားဖြင့်လည်း ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၅) ဒေါက်တာဌေးဝင်း တင်ပြတဲ့ အဆိုဟာ ဆင်းရဲသားပြည်သူများအတွက် များစွာအကျိုးရှိပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူ ဖြစ်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးညှင်းဆေးရုံ အထူးကုဆရာဝန် မပြည့်စုံသေးတဲ့အတွက် မနှစ်က ဖြစ်စဉ်လေးတစ်ခု တင်ပြပါရစေ။ သာမန်မီးရထား ဝန်ထမ်းတစ်ယောက်ရဲ့ကလေး ကစားရာမှာ ဂေါ်လီလုံး လည်မျိုထဲ ရောက်သွားတဲ့အခါ မိုးညှင်းခရိုင်ဆေးရုံကို ချက်ချင်းပို့လိုက်ပါတယ်။ ဆေးရုံမှာ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန် မရှိတော့ မန္တလေးသို့သွားရန် လမ်းညွှန် လိုက်ပါတယ်။ ဒါဆိုတော့ ဒီ ဝန်ထမ်းမိသားစုအတွက် ဘယ်လောက် အခက်အခဲ ရှိမလဲဆိုတာ စဉ်းစားကြရင် အဖြေပေါ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုတာက မိုးညှင်းခရိုင်လို ဆေးရုံ မျိုးတွင် အထူးကုဆရာဝန်များ ပြည့်စုံပြီး အသုံးပြုခေတ်မီကိရိယာများလည်း ရှိသင့်သလောက် ရှိမယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့ မိုးညှင်းခရိုင် လူဦးရေ(၅)သိန်းနဲ့ ခရိုင်ချင်းဆက် အင်းတော်မြို့နယ်၊ မော်လုတိုက်နယ်က လူထုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု များစွာအထောက်အကူ ဖြစ်လာ

နိုင်မှာ ဖြစ်ပါတယ်။ ယခင် မြို့နယ်ဆေးရုံအဆင့်မှာပင် မော်လုတိုက်နယ်မြို့နယ်မှ ပြည်သူများဟာ ဆေးကုသခံရာတွင် မိုးညှင်းဆေးရုံကိုပဲ အဓိကထား ကုသကြပါတယ်။ မိုးညှင်းခရိုင်ဆေးရုံမှာ အထူးကု ဆရာဝန်များနဲ့ ဆေးပစ္စည်းကိရိယာများ တော်တန်သလောက် ပြည့်စုံစွာဖြင့် ကုသနိုင်မယ်ဆိုရင် လူနာများဟာ ဘယ်လိုမှ ရန်ကုန်၊ မန္တလေး ဆင်းရမှာ မဟုတ်ပါဘူး။

ဒါကြောင့် ကျေးလက်နေ ပြည်သူ သိန်းပေါင်းများစွာဟာ ကျန်းမာရေးစောင့်ရှောက်မှု အတွက် များစွာသက်သာသွားမှာကို သာဓက တင်ပြခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံး တင်ပြလိုတာက ရာခိုင်နှုန်း(၇၀)ရှိတဲ့ ဆင်းရဲသား ပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချစေရန် အခမဲ့ ကျန်းမာရေးစောင့်ရှောက် ဆေးကုသမှုအတွက် ဆောင်ရွက်တဲ့အခါ အောက်ခြေမှာရှိတဲ့ ကျန်းမာရေးဌာန၊ ဌာနခွဲများ တိုက်နယ်ဆေးရုံများမှာ အခြေခံ ဆေးဝါးပစ္စည်းများ ပြည့်ပြည့်စုံစုံ ထားရှိခြင်းနှင့် စနစ်တကျ ကြီးကြပ်စစ်ဆေးပြီး ပြည်သူများအတွက် အကျိုးရှိစေရန်နဲ့ တိုက်နယ် အဆင့်မှ ကုသမရနိုင်သော လူနာများ ခရိုင်အဆင့် ကုသမှုခံနိုင်ရန်၊ ခရိုင်ဆေးရုံကြီးများမှာ လူဦးရေ အချိုးအစားအလိုက် ဆေးဝါးပစ္စည်းကိရိယာများ ချပေးခြင်း၊ အထူးကုဆရာဝန်များ ထားပေးခြင်းအားဖြင့် ပြည်သူများဟာ ကျန်းမာရေးအတွက် ကုန်ကျမှု သက်သာလာမယ်ဆိုတာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် များစွာအကျိုးသက်ရောက်မှု ရှိလာမှာ ဖြစ်ပါကြောင်း ဧရာဝတီ မဲဆန္ဒနယ်အမှတ်(၅) ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေး ကဏ္ဍ၌ ကျန်းမာရေး စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် အစီအမံတစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့ သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ခေတ်စနစ်ပြောင်းလဲလာပြီး ဒီမိုကရေစီစနစ်နဲ့ အရပ်သား အစိုးရ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်များ အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လုပ်ကိုင်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကျန်းမာရေးကဏ္ဍမှာ ပြည်ထောင်စုလွှတ်တော်မှ နှစ်စဉ်ကျန်းမာရေးဘတ်ဂျက် တိုးမြှင့်

ချပေးခြင်း၊ NGO, INGO များ၊ အလှူရှင်နိုင်ငံများ စသည်ဖြင့် ကူညီပံ့ပိုးလာနေကြပြီ ဖြစ်ပါတယ်။ ယခင်ကာလများနှင့်စာလျှင် များစွာတိုးတက်လာပြီ ဖြစ်ပါတယ်။ ဥပမာ - ကျေးလက်ကျန်းမာရေး ဌာနခွဲများ တိုးချဲ့ခြင်း၊ အဆောက်အဦများ အသစ်ဆောက်လုပ်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ကျန်းမာရေး ဌာနများ တိုးချဲ့အဆင့်မြှင့်ခြင်း၊ အဆောက်အဦများ၊ R.C အဆောက်အဦများ၊ အုပ်ညှပ်တိုက်များ အဖြစ် ဆောက်လုပ်ပေးလာခြင်း၊ တိုက်နယ်ဆေးရုံ တိုးချဲ့ပေးလာခြင်း၊ (၂၅)ခုတင်မှ ခုတင်(၅၀)၊ ခုတင်(၅၀)မှ ခုတင်(၁၀၀)အထိ မြို့နယ်များတွင် တိုးချဲ့ပေးလာခြင်း၊ လက်ထောက်ဆရာဝန်များ၊ သမားတော်များ၊သူနာပြု၊ သားဖွားများကို တိုးချဲ့၍ ခန့်ထားပေးလာခြင်း၊ အရန်သားဖွားဆရာမများကို NGO၊ INGO များမှ သင်တန်းများပို့ချ၍ တာဝန်ပေးအပ်ခြင်းများ၊ နောက်ရောဂါကြီး(၃)မျိုး ငှက်ဖျား၊ AIDS နဲ့ TB စတဲ့ ရောဂါကြီး (၃)မျိုးကို နိုင်ငံကြီးများမှ ဆေးဝါးများ ပံ့ပိုးကူညီမှုများရှိလာပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ မကျန်းမာရင် အလုပ်လုပ်နိုင်မှာ မဟုတ်တဲ့အတွက်ကြောင့်မိုလို့ ဝင်ငွေမရရှိဘဲ ဆင်းရဲမွဲတေနေတဲ့ ဘဝကို ရောက်နေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုဟာ ကျန်းမာရေးနဲ့လည်း များစွာ ဆက်စပ်လျက်ရှိပါတယ်။ သာဓကတစ်ခုအားဖြင့် ပြောရရင် ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ် မြို့ဟာ ခုတင်(၁၀၀)ဆေးရုံကို ခုတင်(၅၀)အဆင့် ၂၀၀၀ ခုနှစ်တွင် စတင်၍ ဆေးပဒေသာပင်ကို ဒါစတင်ဖွဲ့စည်းပြီးတော့မှ ကျွန်တော် ဥက္ကဋ္ဌတာဝန်နဲ့ ထမ်းဆောင်ခဲ့ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ရန်ပုံငွေကို ၂၀၀၀ ခုနှစ်က စတင်ရှာကြံခဲ့တဲ့အခါမှာ ၂၀၀၅ ခုနှစ်မှာ ကျွန်တော်တို့ ခုတင်(၅၀)ကို သိန်း(၅၀)နဲ့ မတည်ရမယ်ဆိုတော့ ကျွန်တော်တို့ ၂၀၀၅ ခုနှစ်မှာ သိန်း(၅၀)ရအောင် ရှာဖွေပေးနိုင် ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ရောက်တော့ ခုတင်(၁၀၀) တိုးမြှင့်ခံရတဲ့အတွက်ကြောင့်မိုလို့ ခုတင်(၁၀၀)မှာ မတည်ရင်းနှီးငွေ သိန်း(၁၀၀)ရှိရမယ်ဆိုတဲ့ ညွှန်ကြားချက်အရ ကော်မတီကနေပြီးတော့မှ ကြိုးစား ရှာဖွေတဲ့အခါမှာ ၂၀၀၉ ခုနှစ် ရောက်လာတဲ့အခါမှာ သိန်း(၁၀၀)ရရှိအောင် ကျွန်တော်တို့ ရှာဖွေ ပေးနိုင်ခဲ့ပါတယ်။ ယခုအချိန်တွင် မြို့နယ်ဆေးပဒေသာပင် သိန်း (၁၅၀) ကျော်ရှိလာပြီ ဖြစ်ပါတယ်။ ဒီအတိုးအညွှန့်ကို ကျွန်တော်တို့ နှစ်စဉ်အတိုးအညွှန့်မှ ဆင်းရဲချို့တဲ့လှတဲ့ ကျေးလက်ဒေသမှ ပြည်သူများ၊ မြို့ပေါ်နေ ဆင်းရဲသားပြည်သူများ၊ အခြားမြို့နယ်မှ ခုတင်(၁၀၀)သို့ လာရောက် တက်ရောက်ကုသကြတဲ့ ဆင်းရဲသားများ၊ ပြည်သူများကို တစ်ဦးလျှင် ဆေးဖိုး(၃၀၀၀၀)နှုန်းနဲ့ နှစ်စဉ် လူနာ မရှိဆင်းရဲပြည်သူများကို ကြီးကြပ်ပေးတဲ့ ဆရာဝန်များရဲ့ စိစစ်ထောက်ခံချက်နဲ့ တစ်နှစ်ကို အတိုးအညွှန့်မှ လူအယောက် (၂၅)၊ (၃၀)ထိကျွန်တော်တို့ နှစ်စဉ် တစ်ဖက်တစ်လမ်း ကနေပြီးတော့မှ ကူညီပံ့ပိုးပေးလျက် ရှိပါတယ်။ ကျေးလက်တိုက်နယ်ဆေးရုံ၌ လက်ထောက်ဆရာဝန်များရှိဖို့၊ ကျန်းမာရေးဌာနများမှာ ကျန်းမာရေးမှူးများရှိဖို့ အထူးလိုအပ်ပါတယ်။

ယခုအချိန်မှာ ယခင်ကလိုပဲ ကျေးလက်တွေမှာ တိုက်နယ်ဆေးရုံမှာ လက်ထောက်ဆရာဝန် မရှိတာတို့၊ ကျန်းမာရေးဌာနမှာ ကျန်းမာရေးမှူးမရှိတာတို့ လက်ရှိကျွန်တော်တို့ ဝေးလံသီခေါင်တဲ့ ဒေသတွေမှာ၊ ကျေးလက်တွေမှာ ယခုလက်ရှိ ကြုံတွေ့နေရပါသေးတယ်။ အရှေ့ပိုင်းက ကျွန်တော်တို့ အစ်ကိုကြီး ဒေါက်တာခင်မောင်လေး တို့ တင်ပြသွားသလိုပဲ ကျွန်တော်တို့ ကျေးလက်ဒေသမှာ အခု ဆိုရင် တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲတွေမှာ ကျွန်တော်တို့ ဆေးဝါးတွေကို အတတ်နိုင်ဆုံး နိုင်ငံတော်က တစ်ဖက်တစ်လမ်းက၊ နိုင်ငံတော်က ယခင်ကထက် ပံ့ပိုးလာနိုင်တဲ့

အပြင် ကုမ္ပဏီလုပ်ငန်းရှင်များမှလည်း ဆေးဝါးများ ဝယ်ယူဖြည့်တင်းပေးတဲ့ အတွက်ကြောင့်မိုလို့ အခုဆိုရင် ကျေးလက်တွေအရောက် ဆေးဝါးများ အထိုက်အလျောက်တော့ ယခင်ကထက်ဆိုရင် မြောက်များစွာ တိုးတက်လာပါတယ်။ သို့သော်လည်းပဲ အဲဒီဒေသတွေမှာ ကျွန်တော် အရှေ့ပိုင်းက တင်ပြခဲ့တဲ့အတိုင်းပဲ တိုက်နယ်ဆေးရုံမှာ လက်ထောက်ဆရာဝန်တွေ လိုပါတယ်။ ကျန်းမာရေးဌာနမှာ ကျန်းမာရေးမှူးတွေ လိုပါတယ်။

ဒါကြောင့် ဒီပုဂ္ဂိုလ်များဟာလည်း ကျွန်တော်တို့လစာ၊ ကျွန်တော်တို့ ဝေးလံသီခေါင်တဲ့ဒေသ ဆိုရင် လစာနှစ်ဆတိုးပါပြီဆိုရင် ကျွန်တော်တို့ဆီမှာဆိုရင် အောက်တန်းအမှုထမ်းတစ်ယောက်ဟာ လစာ ဘားဆုံးတယ်ဆိုရင် လစာ(၁၄၀၀၀၀)အထိ ရပါတယ်။ အခုလက်ရှိ အလုပ်ဝင်တဲ့ ညစောင့် တစ်ယောက်ဟာ၊ Work Servant တစ်ယောက်ဟာ လစာ (၁၂၀၀၀၀) ရပါတယ်။ ဒီလိုအခြေအနေ နိုင်ငံတော်က အဖက်ဖက်ကနေပြီးတော့မှ ဒီလို ပံ့ပိုးပေးလာတဲ့အချိန်မှာ ဒီလိုဝေးလံသီခေါင်တဲ့ ဒေသမှာရှိတဲ့ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက်ဟာ မိမိတို့ကျရာ ဒေသမှာ အမှန်တကယ် သွားရောက်တာဝန်ထမ်းဆောင်ဖို့ အထက်ကနေပြီးတော့မှ ဒါဝန်ကြီးဌာန အထက်အဆင့်ဆင့်ကနေပြီး ကြီးကြပ်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ အခု နောက်ပိုင်းဆိုရင် ဆေးဝါးတွေဟာ အတတ်နိုင်ဆုံး ပံ့ပိုးလာတာကို တွေ့ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူတွေ၊ ကျန်းမာရေးမကောင်းတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လက်ထဲကိုရောက်အောင် လက်ထဲကို တကယ်တမ်း နားလည်ကျွမ်းကျင်တဲ့ လက်ထောက်ဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေက ကုသပေးဖို့ လိုပါတယ်။ အဲဒီအပိုင်းမှာ အခုအချိန်မှာ အားနည်းနေသေးတာကို ကျွန်တော် တွေ့မြင် နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုလို့ရှိရင် ခုတင်(၁၀၀)ကနေ ခုတင်(၅၀)၊ (၂၅)ခုတင်၊ ခုတင်(၁၀၀) ကနေ ခုတင်(၅၀)၊ နောက်(၁၆)ခုတင်ကနေ (၂၅)ခုတင်၊ (၂၅)ခုတင်ကနေ (၅၀)၊ (၅၀)ကနေ ခုတင်(၁၀၀) စသည်ဖြင့် ကျန်းမာရေးဌာနနဲ့ ကျန်းမာရေးဌာနခွဲများအထိ ဆေးများ စတင်ထောက်ပံ့လာနေတာကို တွေ့ရတဲ့ အတွက်ကြောင့်မိုလို့ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။ ယခင်နှစ်နဲ့စာလျှင် ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများဟာ တိုးတက်လာမယ်ဆိုတာ လုံးဝဥဿုံ ယုံကြည်ပါတယ်။ တပ်မတော်မှာလည်း ကျေးလက်များအထိ ကွင်းဆင်းကုသပေးခြင်းများ ရှိလာ၍ ပြည်သူများ အထိုက်အလျောက် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ ကုမ္ပဏီလုပ်ငန်းရှင်များမှလည်း ယခုထက်ပိုမို၍ ဆေးဝါးများ ကူညီပံ့ပိုးပေးခြင်း၊ သမားတော်များ၊ လက်ထောက်ဆရာဝန်များမှလည်း ယင်း ဆေးဝါးများဖြင့် အခါအားလျော်စွာ ကျေးလက်သို့ ကွင်းဆင်းဆောင်ရွက်ကုသပေးခြင်းများ ပိုမိုပြုလုပ်ပေးမည်ဆိုပါက ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေပြည်သူများ၊ မြို့ပေါ်နေ မရှိဆင်းရဲ ပြည်သူများအတွက် ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေး စောင့်ရှာက်ပေးမှုများ ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း တွေ့ရပါတယ်။ နောင်တွင် တဖြည်းဖြည်းချင်း အစိုးရမှ ဆင်းရဲနွမ်းပါး ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးနိုင်သည်အထိ ရည်မှန်း၍ လုပ်ဆောင်သွားကြရမှာလည်း ဖြစ်ပါတယ်။ လောလောဆယ် အားလုံးကို ရာနှုန်းနဲ့ ရာနှုန်းပြည့် အခမဲ့ မကုသပေးနိုင်သေးရင်တောင်မှ ဥပမာ - မရှိဆင်းရဲ(၁၀)ဦးမှာ (၄)ဦး၊ (၄)ဦးမှ (၅)ဦး၊ (၅)ဦးမှ (၆)ဦး စသည်ဖြင့် ဒီလိုအဆင့်ဆင့် ကျွန်တော်တို့ ကုသပေးသွားနိုင်မယ်ဆိုရင်

ကုသပေးသွားနိုင်ဖို့ အတွက် နိုင်ငံတော်မှ ရေရှည်စီမံချက်များချမှတ်ပြီး နိုင်ငံတော်အစိုးရနဲ့အတူ NGO၊ INGO များ၊ လူမှုအသင်းအဖွဲ့တို့မှ ကြိုးပမ်းလုပ်ဆောင်သွားကြ ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒေါက်တာဒွေးဝင်း တင်သွင်းသွားတဲ့ နိုင်ငံတော်မှ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေနဲ့ အမှန်တကယ် ဆင်းရဲချို့တဲ့ တဲ့ ပြည်သူများအား အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဦးတိုးဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၀၅။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဒွေးဝင်း ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေး စီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှုပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ဆွေးနွေးချက်အား ဖတ်ကြားဆွေးနွေးခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်တဲ့အဆိုကို ဆွေးနွေး တင်ပြမှာ ဖြစ်တဲ့အပြင် ပြည်သူများရဲ့ ခံစားမှုကို တင်ပြမှာ ဖြစ်တဲ့အတွက် သမားဂုဏ်နဲ့ ပြည့်စုံသော ဆရာဝန်များ၊ သူနာပြုများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံး နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာ ကြိုတင်မေတ္တာရပ်ခံပါတယ်။ ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒေသအသီးသီးတွင် ဆေးရုံ၊ ဆေးခန်းများကို တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆရာဝန်၊ သူနာပြုများ တိုးချဲ့ခန့်ထားပေးခြင်းမှာ များစွာအားရဖွယ်ရှိပါတယ်။ ထို့အပြင် အမှန်တကယ် ဆင်းရဲချို့တဲ့သူ များအား အခမဲ့ဆေးကုသမှု ပေးနိုင်ရင်တော့ ဆင်းရဲနွမ်းပါးသူများအတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ကြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အကောင်အထည် မဖော်ပေးနိုင်သေးရင် တောင် တစ်နိုင်ငံလုံးရဲ့ ဒေသအသီးသီးမှာရှိတဲ့ ပြည်သူ့ဆေးရုံအချို့ကြောင့် ပြည်သူများ မွန်းကြပ် နေရတဲ့ အခြေအနေအချို့ကိုတော့ အမြန်ပြုပြင်ဆောင်ရွက်ပေးရန်အတွက် တစ်နိုင်ငံလုံးရှိ ပြည်သူ များအတွက် ကျွန်တော့်မဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူ့ဆေးရုံများကို ကိုးကားပြီး တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲတဲ့ နိုင်ငံ တစ်နိုင်ငံဆိုတာ ကမ္ဘာကရော၊ ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားများ အားလုံးကပါ သိရှိကြပါတယ်။ ဒီလိုသိရှိတဲ့အတွက်လည်း ပြည်သူ့ဆေးရုံများမှာ တစ်ချိန်တုန်းက ဆေးဝါးကုသမှု ခံယူကြတဲ့ လူနာများဟာ ဝါဂွမ်းမှအစ အသက်ကယ်ဆေးအထိ ပြင်ပမှ ဝယ်ယူကုသခဲ့ရပါတယ်။ ဒါပေမဲ့ ဒီ ကိစ္စကိုတော့ နိုင်ငံတော်ကြီး ကြွယ်ဝချမ်းသာလာရင် ဖြေရှင်းပေးပါလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြည်သူအများစုက ကျေနပ်နှစ်သိမ့်ခဲ့ကြပါတယ်။ သို့သော်လည်း ပြည်သူ့ဆေးရုံတွင် ပြည်သူတို့၏ငွေများကို လစဥ် ခံစားနေသော ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြတဲ့ ဆရာဝန်၊ သူနာပြုများဟာ ပညာရှင်စရိတ်ဆိုပြီး ခွဲစိတ်ကုသမှုခံယူကြတဲ့ ပြည်သူများဆီကနေ တောင်းခံနေတာကိုတော့ ပြည်သူများအနေနဲ့ မနှစ်မြို့ကြပါဘူး။ ဥပမာတစ်ခုကို ကျွန်တော့်ကိုယ်တွေ့ တင်ပြရရင် ကျွန်တော့်မိတ်ဆွေ အငြိမ်းစား တပ်မတော်အရာရှိ တစ်ယောက်ဟာ အူကျရောဂါအတွက် ခွဲစိတ်ကုသမှုခံ ယူခဲ့ပါတယ်။ ကျွန်တော် ဆေးရုံသွားပြီး လူနာသွားကြည့်တော့ ၎င်း အငြိမ်းစားဝန်ထမ်းကြီးမှ ကျွန်တော့်ဆီက ခွဲစိတ်မှုအတွက် ကျပ်နှစ်သိန်းခွဲနဲ့ ခွဲစိတ်ခန်းသန့်ရှင်းရေးအတွက် ကျပ်ငါးထောင် ပေးရကြောင်း ကျွန်တော်ကို ပြောပြတဲ့အတွက် ကျွန်တော်ကိုယ်တိုင် သိရှိခဲ့ရပါတယ်။ ကျန်တဲ့ ပြည်သူများဆိုရင်တော့ ကိုယ်စားလှယ်တော်ကြီးများ စဥ်းစားကြည့်စေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထက်ပိုဆိုးတဲ့အချက်ကတော့ ကျွန်တော် ဥပမာအနေနဲ့ တင်ပြရရင် ပြည်သူ့ဆေးရုံတစ်ခုမှာ ဒေါက်တာဦးဖြူ ဒေါက်တာဦးနီ ဆိုတဲ့ ဆရာဝန်များ တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ ၎င်းဆရာဝန်များဟာ ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်သလို ပြင်ပမှာလည်း ကိုယ်ပိုင်ဆေးခန်းတွေ ဖွင့်ကြတဲ့အတွက် မိမိဆေးခန်းမှာ မနိုင်မနင်း ဖြစ်လာတဲ့အချိန်မှာ ဆေးရုံသို့ ပို့သကြပါတယ်။ ဒေါက်တာဦးဖြူ ဆေးခန်းမှာ တက်လာတဲ့ လူနာဟာ ဒေါက်တာဦးဖြူ လူနာဟု သတ်မှတ်ပြီး၊ ဒေါက်တာဦးနီ ဆေးခန်းမှ တက်လာတဲ့ လူနာဟာ ဒေါက်တာဦးနီ လူနာအဖြစ် အသီးသီး သတ်မှတ်ထားကြတဲ့အပြင် ဒေါက်တာဦးဖြူ ဆေးရုံပေါ်မှာ Round လှည့်တဲ့အချိန်ကျတော့ မိမိလူနာ ဟု သတ်မှတ်ထားတဲ့ လူနာများကိုသာ အားပေးစကားပြောခြင်း၊ စမ်းသပ်ပေးခြင်း၊ ကုသမှုပေးခြင်းများ ပြုလုပ်ပြီး ကျန်လူနာများကိုတော့ လှည့်တောင် မကြည့်ဘူးဆိုတဲ့ အခြေအနေကိုတော့ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အထက်ပါ တင်ပြချက်တွေကို ကိုယ်တိုင်ကြုံတွေ့ လေ့လာချက်များအရ များစွာအံ့ဩမိသလို ကျန်းမာရေးဝန်ကြီးဌာန၊ အကြီးအကဲများလည်း မယုံနိုင်လောက်အောင်ပင် အံ့ဩမိမယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။ သို့သော်လည်း ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသမှာတော့ ဒီကိစ္စတွေဟာ အမှန်တကယ် ရင်ဆိုင်နေရတာ အမှန်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အထက်တင်ပြပါ အခြေအနေအရပ်ရပ်ပေါ်မှာ မူတည်ပြီး ဥက္ကဋ္ဌကြီးမှတဆင့် ကျန်းမာရေးဝန်ကြီးဌာနကို အကြံပြုတင်ပြချင်တာကတော့ ပြည်သူများတိုင်ကြားမှ ဖြေရှင်းခြင်းမျိုး မဟုတ်ဘဲ ဒေသအသီးသီးရှိ ပြည်သူ့ဆေးရုံများကို အခါအားလျော်စွာ သွားရောက်စစ်ဆေးလေ့လာ မေးမြန်းစေချင်ပါတယ်။ ဒီလို စုံစမ်းစစ်ဆေး မေးမြန်းရာတွင်လည်း ပြည်သူ့ဆေးရုံများရှိ ဆရာဝန်၊ သူနာပြုများကိုသာ စုံစမ်းမေးမြန်းခြင်းမျိုး မဟုတ်ဘဲ ဒေသခံပြည်သူအများအကြား ထဲထဲဝင်ဝင် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်မှသာလျှင် အဖြစ်မှန်များ သိရှိမှာဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဆေးဝါးသုံးစွဲမှုနဲ့ ပတ်သက်ပြီး ကျွန်တော်နေထိုင်တဲ့ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲမှာရှိတဲ့ ပြည်ကြီးမဏ္ဍိုင်မြို့ပေါ်ရှိ (၁၆)ကုတင်ဆံ့ပြည်သူ့ ဆေးရုံရဲ့ ဆေးဝါးသုံးစွဲမှုကိစ္စကို ကိုးကားပြီး အနည်းငယ်တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဆေးရုံကို အရေးပေါ်လူနာများ ရောက်လာရင် ကျွန်တော်ကိုယ်တိုင် အမြဲတက်ရောက်ကြည့်ရှုပါတယ်။ လူနာ အတွက် လိုအပ်တဲ့ဆေးများ ဆေးရုံတွင်ရှိပါလျက် ဆေးသုံးစွဲခွင့်မရတဲ့ အခြေအနေရှိပါတယ်။ ဒီလို အခြေအနေကို ကျွန်တော် သူနာပြုဆရာမလေးကို မေးကြည့်တော့ သူနာပြုဆရာမလေးက ဆေးစတိုခန်းထဲတွင် လိုအပ်သောဆေးများ ရှိပါကြောင်း တာဝန်ခံ ဆရာဝန်ကိုယ်တိုင် ဆေးစတိုခန်း ဖွင့်ပေးမှ သုံးစွဲခွင့်ရှိကြောင်း ကျွန်တော့်ကို ပြန်ပြောပြပါတယ်။ ဆရာဝန်ကလည်း ကျွန်တော်တို့ ဆေးရုံမှာ တစ်နှစ်(၃၆၅)ရက်မှာ ရက်(၃၀၀)လောက်ဟာ ဆရာဝန်မရှိပါဘူး။ ကျန်ရက်များမှာတော့ ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များ လာတတ်ကြပါတယ်။ ယခု ကျွန်တော် တင်ပြနေတဲ့အချိန်မှာလည်း ကျွန်တော်တို့ဆေးရုံမှာ ဆရာဝန်မရှိပါဘူး။ ဒါကြောင့် သူနာပြုဆရာမလေး ပြောကြားချက် အတိုင်း အမှန်တကယ်ဆိုရင်တော့ ဆရာဝန်မရှိတဲ့ ဆေးရုံများအတွက် ဆေးသုံးစွဲမှုနဲ့ပတ်သက်ပြီး ကျန်းမာရေး ဝန်ကြီးဌာနမှ ဖြေလျှော့ပေးဖို့ ဥက္ကဋ္ဌကြီးမှတဆင့် အကြံပြုတင်ပြအပ်ပါတယ်။ ဒါကြောင့် ဆေးရုံတွင် ဆေးရှိပါလျက် ဆေးသုံးစွဲခွင့် မရှိတဲ့အတွက် ရက်လွန်ဆေးများကို ဖျက်ဆီးပစ်ရတဲ့ အကြိမ်ပေါင်း များစွာရှိခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော်အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူများရဲ့ ခံစားချက်ကို၊ ကျွန်တော်၏ မဲဆန္ဒနယ်မှ အမှန်တကယ်ဖြစ်ပျက်နေတဲ့ အခြေအနေများကို ကိုးကား ဖော်ပြခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း ရဲ့ အဆိုအား ထောက်ခံတင်ပြ၍ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံးကို ကျွန်တော်ဦးခင်မောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)ကနေပြီးတော့ ဒီနေရာကနေ တလေးတစား ဂါရဝပြုပါတယ်။ ဒေါက်တာဌေးဝင်း ရဲ့ ကျန်းမာရေးကဏ္ဍတစ်ရပ်အနေနဲ့ ပြည်သူလူထုရဲ့ လိုအပ်နေတဲ့ ပကတိအခြေအနေတစ်ခုကို မေးခွန်းအနေနဲ့ တင်ပြတဲ့အတွက် ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ ကျွန်တော့် အနေနဲ့ဆိုရင် ပြောစရာတွေ အများကြီး ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကိုယ်စားလှယ် တော်တော်များများဟာ ဆွေးနွေးခဲ့ပြီးပါပြီ၊ တော်တော်များများဟာ ခြုံငုံမိနေပြီ၊ ကျွန်တော့်အနေနဲ့ ကတော့ နည်းနည်း၊ တစ်ကွက်ချင်းလောက်ပဲ ကျွန်တော် ထောက်ပြချင်ပါတယ်။

ဒီ နိုင်ငံတော်ကလည်းပဲ ကျွန်တော်တို့ ကျန်းမာရေးကဏ္ဍမှာ အများကြီးပဲ တိုးတက်ပြီးတော့ ဆောင်ရွက်နေတာ ကျွန်တော်တို့ ငြင်းဆိုလို့ မရပါဘူး။ ကျွန်တော်ပြီးခဲ့တဲ့ အခေါက် ရခိုင်ပြည်နယ် သွားတဲ့အခါမှာ ဆေးရုံမှာ ဆေးတွေ အပြည့်ရှိတယ်လို့ ပြောကြပါတယ်။ ဝမ်းသာစရာပါ။ နောက် တစ်ခုက အဲဒီမှာ ပြဿနာတစ်ခု ကြုံခဲ့တာကတော့ လိုအပ်တဲ့ နေရာလေးတွေမှာ ကျွန်တော်တို့ ဖြည့်ဆည်းပေးဖို့ပါ။ ကျွန်တော်တို့ ကျောက်တော်မဲဆန္ဒနယ်မှာ၊ နဂူမကျေးရွာမှာ အင်မတန်မှ ထူးဆန်းတဲ့ကိစ္စတစ်ခု ရှိပါတယ်။ သူတို့ တင်ထားတဲ့ဥစ္စာ။ ၂၀၁၀ မှာ မွေးဖွားမှု(၄၆၃)မှာ၊ (၁၂၅) ယောက် သေဆုံးပါတယ်။ ၂၀၁၁ မှာ (၃၉၂)ဦးမှာ၊ (၁၂၂)ယောက် သေဆုံးပါတယ်။ ၂၀၁၂ မှာ (၄၂၄)ယောက် မွေးဖွားမှုမှာ (၁၀၆)ယောက်သေဆုံးပါတယ်။ အင်မတန်မှ မြင့်မားတဲ့ အပျက်အစီးတွေ ဖြစ်ပါတယ်။ ဒီကဏ္ဍကို ကျွန်တော်တို့ ဘယ်လို ဆောင်ရွက်ပေးကြမှာလဲ။ ကျွန်တော်တို့ဟာ နိုင်ငံ တစ်ဝန်းလုံးအနေနဲ့ ပြည်သူတွေရဲ့ ခံစားနေရတဲ့ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တွေကို ဘယ်လို ဖြည့်ဆည်းပေးမှာလဲ။ ဒါ ကျွန်တော်တို့ စဉ်းစားရမယ့်ကဏ္ဍ ဖြစ်ပါတယ်။ အခမဲ့ ဆိုတဲ့ ဥစ္စာကတော့ နိုင်ငံတော်အတွက် အင်မတန် တာဝန်ကြီးလေးချင်လည်း ကြီးလေးပါလိမ့်မယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ အခမဲ့ပဲ။ ကျွန်တော့် အိမ်ဘေးမှာကို ဆေးခန်းရှိ ပါတယ်။ ဆေး အချိန်မရွေး သွားတောင်းလို့ ရတယ်။ ပြည်သူလူထုကလည်း ကျန်းမာနေကြသလား မသိပါဘူး။ သိပ်ပြီးတော့ ထွေထွေထူးထူး ဝေဒနာတွေ မကြားမိဘူး။ အခုအချိန်မှာတော့ ဝေဒနာတွေ ကလည်း များလာတယ်။ တောမှာလည်း တောအလျောက် လူတွေက အမျိုးစုံ ကင်ဆာရောဂါ၊ နှလုံးရော အမျိုးမျိုး ဖြစ်ပါတယ်။ ဖြစ်ပြီးတော့ အဲဒီ ရောဂါဝေဒနာတွေကလည်း ဆေးကုသမယ် ဆိုလို့ရှိရင် အင်မတန်မှ အခကြေးငွေ တော်တော်များများပေးမှ ကုသလို့ရပါတယ်။ ကိုယ့်ဒေသမှာ ဆေးကုလို့ မရဘူး။ ဆေးရုံရှိတဲ့ နေရာကိုသွားရတယ်။ ရန်ကုန်မြို့လို၊ မန္တလေးလို၊ နေပြည်တော်လို နေရာမျိုးမှာတော့ ဆေးရုံ၊ ဆေးခန်းတွေရှိပါတယ်။ ဝန်ဆောင်မှုလည်း ကောင်းတယ်။ ဆေးဝါး ကုသတဲ့ ကိရိယာတွေလည်း ကောင်းတယ်။ ဆရာဝန်ကြီးတွေလည်း ရှိတယ်။ ဒါပေမဲ့ နယ်က လူတွေ ကျတော့ အဲဒီဆေးရုံကို ရောက်ဖို့ဥစ္စာကို အခမဲ့ပဲ ပေးဦးတော့ ဘယ်လိုမှ လာရောက်ဖို့ အခြေအနေ မရှိပါဘူး။ သာမန် အခု ကျွန်တော်တို့ ဦးဌေးဝင်း က စိစစ်ပြီးတော့ အမှန်တကယ် ဆင်းရဲချို့တဲ့သူ များ ဆိုတဲ့နေရာမှာ ကျွန်တော်ကတော့ ထင်ပါတယ်။

ကျွန်တော်တို့ မြန်မာပြည်မှာ အဆင့်မြင့်မြင့် ဆေးကုသနိုင်တဲ့ လူတန်းစားဟာ သိပ်မရှိ ပါဘူး။ တော်တော်များများဟာ ကျွန်တော်တို့ ဆေးဖိုးဝါးခဒဏ်ကို မခံနိုင်ကြပါဘူး။ ကျွန်တော် ကိုယ်တိုင်ကသော်လည်းကောင်း၊ ဥပမာတစ်ခုပြောရရင် ကျွန်တော့်သားလေးဟာ၊ ဆရာဝန်ပေါက်စ လေးဟာ အလုပ်မရလို့ သူက လှိုင်သာယာမှာ ဆေးခန်းလေးတစ်ခု ဖွင့်နေပါတယ်။ ဆင်းရဲသား ရပ်ကွက်မှာ အဲဒီမှာလာတဲ့ လူမမာတွေဟာ တီဘီ၊ အဆုတ်ရောဂါဖြစ်တဲ့ လူမမာဟာ ဆေးခန်းကို ဆိုက်ကားစီးပြီးတော့ လာပါတယ်။ ဆိုက်ကားခ (၁၅၀၀)ကျတယ်။ သူ့ဆီရောက်တဲ့အခါကျတော့ သူက (၅၀၀)ပဲ ယူလိုက်တယ် ဆေးထိုးခ။ အိမ်ရောက်တော့ မိန်းမက ဘယ်လောက် ယူလိုက်တာတုန်း ဆိုတော့ (၅၀၀)ပဲဆိုတော့ ဟာ ... ဆရာဝန်တစ်ယောက်ဟာ ဆိုက်ကားသမားလောက်တောင် တန်ဖိုး မရှိပါလားတဲ့။ သူတစ်နေ့ကို အဲဒီ လှိုင်သာယာကို သွားရတဲ့စရိတ်နဲ့ သူသင်လာခဲ့တဲ့ ကာလနဲ့

ကုန်ကျစရိတ်နဲ့ အဲဒီလိုမျိုး တွက်ဆနေလို့ရှိရင်တော့ ကျွန်တော်တို့ ဒီဝန်ထမ်းရဲ့ Mindset တွေကိုလည်း ကျွန်တော်တို့ ပြောင်းရဦးမယ်။

ကျွန်တော် ရန်ကုန်ဆေးရုံကြီးမှာ ကျွန်တော့် မဲဆန္ဒနယ်က ဒုက္ခသည်တွေရောက်လို့ ကျွန်တော် သွားကြည့်ပါတယ်။ အဝင်ဝမှာပဲ ပိုက်ဆံ တောင်းပါတယ်။ ကျွန်တော်က ပြောပါတယ်။ ငါ ကိုယ်စားလှယ်တစ်ယောက်ပါလို့၊ အမတ်တစ်ယောက်ပါလို့ သေချာအောင် ပြောလိုက်သေးတယ်။ ပြီးတော့ ကျွန်တော် ဒီအတိုင်းပဲ တက်သွားတယ်။ ဘာမှ မပြောဘူး။ အဲဒီမှာ ရယ်ကျဲကျဲနဲ့ ကျန်ခဲ့တယ်။ နောက်တစ်ခေါက် သွားလို့ရှိရင်လည်း တောင်းတာပါပဲ။ သူ မမှတ်မိတော့ဘူး။ ဆိုတော့ ကျွန်တော်တို့ Mindset တွေကို ဘယ်လို ပြင်ကြမှာလဲ။ ကျွန်တော်တို့ အောက်ခြေမှာ အစိုးရက ဘယ်လောက်ပဲ လုပ်ပေးလုပ်ပေး ကျွန်တော်တို့ ဒီဟာတွေက ရှိနေတယ်။ နယ်မှာ ဆေးရုံကြီးမှာ ဆရာဝန်ကြီးတစ်ယောက်ဟာ (Round) လှည့်ရုံလောက်ပဲ လုပ်ပါတယ်။ (Round) လှည့်ရုံပဲ လုပ်ပါတယ်။ သူနဲ့ သွားတွေ့တဲ့အချိန်မှာ သူက အနည်းဆုံး (၁၀၀၀၀)ကျော်လောက် တောင်းပါတယ် စရိတ်စက။ တစ်ဖက်က ကျွန်တော်တို့ ကြည့်လို့ရှိရင် အစိုးရက လုပ်မပေးနိုင်ဘူးလား။ သို့သော် ပုဂ္ဂလိကကဏ္ဍမှာ ကျွန်တော်တို့ ဒီ Civil Society က ကြိုးစားနေကြတယ်။ သူတို့က အမျိုးမျိုးအဖုံဖုံ ကြိုးစားပြီးတော့ Foundation တွေ လုပ်၊ ပြီးတော့မှတစ်ခါ ကျွန်တော်တို့ စစ်တွေမှာ ရွှေကရုဏာဆေးခန်းဆိုတာ တွေ့ခဲ့တယ်။ အလှူရှင် တွေနဲ့ လှူဒါန်းပြီးတော့ (၁)လကို (၁၇)သိန်း ဝင်ငွေရှိတယ်။ မျက်စိလည်း ခွဲပေးတယ်။ အလှူငွေနဲ့ ခွဲပေးတယ်။ မျက်စိတစ်လုံး ခွဲမယ်ဆိုရင် (၃၇၀၀၀)၊ (၃၅၀၀၀)၊ အလှူငွေ ရှိရင် ချက်ချင်းခွဲပေးတယ် သူတို့။ ဆိုတော့ ဒီလို ပုဂ္ဂလိကပိုင်းက လုပ်ပေးနေတဲ့ ကဏ္ဍလေးတွေကို ကျွန်တော်တို့က အစိုးရအပိုင်းက ဘယ်လို ဖြည့်ဆည်းပေးမှာလဲ။ ဒါလည်း စဥ်းစားဖို့ပါ။ လိုအပ်တဲ့ ဟာလေးတွေကို ဖြည့်ဆည်းပေးဖို့၊ နောက်ပြီးတော့ တိုင်းနဲ့ ပြည်နယ်ဆေးရုံ၊ ဆေးခန်းတွေကို ကျွန်တော်တို့ အဆင့်မြှင့်ဖို့၊ ပြီးခဲ့တဲ့အခေါက် ကျွန်တော် ပထမအကြိမ်၊ ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်ပြောခဲ့ပါတယ်။ စစ်တွေဆေးရုံမှာ အထူးကုဆရာဝန်ကြီးများ၊ ဓေတ်မီရောဂါစစ်ဆေးစက်များ ထားရှိဖို့ အစီအစဥ် ရှိ/မရှိ ဆိုတဲ့ဥစ္စာ မေးခဲ့ပါတယ်။ အဲဒီတုန်းက ဖွဲ့စည်းပုံမှာမရှိသေးလို့ ဖြေပါတယ်။ (၂)နှစ်ကြာ သွားပါပြီ။

အဲဒီတော့ ယခုအချိန်မှာ ရန်ကုန်မှာဆိုလို့ရှိရင် ပုဂ္ဂလိက ဆေးခန်းတွေ၊ ပြင်ပဆေးခန်းတွေမှာတောင်မှ အဲဒီလို CT Scan စက်တွေ၊ ဘာတွေနဲ့ ရောက်လာကြပါပြီ။ ပုဂ္ဂလိကအပိုင်းကတောင် လုပ်နိုင်တယ်ဆိုလို့ရှိရင် အစိုးရအပိုင်းက ဘာလို့ မလုပ်နိုင်မှာလဲဆိုတာကို ကျွန်တော်တို့က ရှက်စရာ မရှိပါဘူး။ ကျွန်တော်တို့က နိုင်ငံတကာက အကူအညီတောင်းမယ်။ ငါတို့မှာ လိုအပ်နေတယ်။ ဘယ်သူက ကူညီမှာလဲ။ ဆေးရုံ ဆောက်ပေးမှာလား။ တစ်လောတုန်းကတော့ စစ်တွေမှာ အိန္ဒိယက ဆေးရုံဆောက်ပေးမယ်လို့ ကြားလိုက်ပါတယ်။ အစီအစဥ်ကတော့ ဖြစ်မလာသေးပါဘူး။ အဲဒီလိုပဲ ကျွန်တော်တို့ဟာ ကိုယ့်လိုအပ်ချက်ကို အကူအညီတောင်းပြီးတော့ ကျွန်တော်တို့ ပြည်သူ/ပြည်သား အကျိုးအတွက် ကျွန်တော်တို့ လူထုတွေ ဒုက္ခရောက်နေတယ်။ လူစဥ်မမီ ဖြစ်လာမယ်။ ဆေးဝါး မကုသနိုင်လို့ရှိရင်၊ ကျွန်တော်တို့က အလကားမပေးနိုင်ရင်တောင်မှ တစ်စုံတစ်ရာ အတိုင်းအတာ အထိ လုပ်ပေးနိုင်ဖို့ လိုပါတယ်။ နိုင်ငံတိုင်းမှာ၊ ချမ်းသာတဲ့နိုင်ငံတော့ အလကားကုပေးတယ်။ ဘရူနိုင်းတို့ ဘာတို့ဆိုရင် အလကားကုပေးတယ်လို့ ကြားပါတယ်။ တချို့နိုင်ငံတွေကျတော့

ပြင်သစ်တို့ဆိုလို့ရှိရင် Social Security ဆိုပြီးတော့ သူတို့က လူမှုဖူလုံရေးမှာ လခထဲကနေပြီးတော့ တစ်ခါတည်း ဖြတ်တောက်ထားတယ်။ လစာထဲက ဖြတ်တောက်ပြီးသား၊ နေမကောင်းလို့ရှိရင် အချိန်မရွေးသွား၊ အစိုးရက ဘယ်လောက် ပေးနိုင်မှာလဲ ဆေးရုံက၊ သူက အကုန်အကျ အကုန်လုံး ခံစရာမလိုဘူး။ အတိုင်းအတာ တစ်ခုတည်းပဲ သူက Percentage နဲ့ သူတို့ ယူလိုက်တယ်။ ပြီးတော့ ပြန်အမ်းတယ်။ ဆေးဝယ်ရလို့ရှိရင်လည်း အဲဒီမှာ တစ်ခါရွေးချယ်ခွင့် တစ်ခါပေးထားသေးတယ်။ အခွင့်အရေးက သူ အပြင်မှာ ပြချင်တယ်ဆိုရင်လည်း ပြပါ။ ကြိုက်တဲ့ ဆရာဝန်နဲ့ပြ သူတို့ ခံမယ် ဆိုတဲ့ဥစ္စာမျိုး လုပ်ပေးထားတယ်။ ဒီဟာတွေကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ ဆွေးနွေးဖို့ လိုပါတယ်။ ကျွန်တော်တို့ ဒီ (၁၀)မိနစ် အတိုင်းအတာလေးနဲ့ ပြောလို့ ကျွန်တော်တို့ မပြီးပါဘူး။ နောက်ပြီးတော့ အကုန်လုံးကလည်း ဆွေးနွေးကြတယ်။ အကုန်လုံး ထပ်ကုန်လိမ့်မယ်။ ဒီဟာကို ကျွန်တော်တို့ ဝန်ကြီးဌာနတွေ၊ ကျွန်တော်တို့ အပြင်က ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေ ဆွေးနွေး တိုင်ပင်ပြီးတော့ ကျွန်တော်တို့ လူထုအကျိုးအတွက် ကျွန်တော်တို့ ပြည်သူတွေမျက်နှာကို ထောက် ပြီးတော့ ကျွန်တော်တို့ တစ်စုံတစ်ခု လုပ်ပေးပါလို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေး အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၂း၂၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၂၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၄။**

**ဦးတင်ရှုန်၊ တသ်ာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနသ်ာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှုန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့ သူများအားစိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရှေ့မှ ကိုယ်စားလှယ်တော်ကြီးများဟာ တော်တော်ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ အနည်းငယ် ဆွေးနွေးချင်ပါတယ်။ ကုသရေးနှင့် ထောက်ပံ့ရေးကိုစတင်ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ကျန်းမာရေးအခန်းကဏ္ဍအပေါ်မှာ ဘတ်ဂျက်ချထားမှုဟာ ယခင်ကထက် (၄)ဆခန့်အထိ ပိုမိုချထားခွင့်ပြုပေးလာတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ဆေးပစ္စည်းများဟာ လုံလောက်စွာထောက်ပံ့မှုဖြင့် ဆေးရုံကြီးနှင့် ကျေးလက်ဆေးပေးခန်းများသို့လာရောက်၊ တက်ရောက်ကုသကြတဲ့ တိုင်းရင်းသား လုပ်သားပြည်သူ လူနာအားလုံးကို အခမဲ့ဆေးကုသပေးနိုင်ပါရန် ဦးစွာတင်ပြ ဆွေးနွေးလိုပါတယ်။ တကယ်လို့ လောလောဆယ်မှာ အခက်အခဲများ ရှိပြီးတော့ အလုံးစုံ အခမဲ့ကုသမပေးနိုင်ရင်လည်းပဲ ဆေးရုံကြီးများရဲ့ ပြင်ပလူနာဌာန (OPT)နဲ့ ကျေးလက်ဆေးပေးခန်းတွေမှာ စတင်ပြီးတော့ အခမဲ့ ဆေးကုသပေးနိုင်ပါရန် တင်ပြဆွေးနွေးလိုပါတယ်။

အရေးပေါ်ကုသမှုနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးလိုပါတယ်။ ယခုအခါမှာ မြန်မာတစ်နိုင်ငံလုံးမှာ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်များ လွန်စွာများပြားလာတဲ့အတွက် ယာဉ်တိုက်မှုများဟာ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။ ယာဉ်တိုက်မှု ဖြစ်ပြီးတော့ ဒဏ်ရာပြင်းထန်စွာ ရရှိတဲ့ လူနာများကို အများအားဖြင့် ယာဉ်ထိန်းရဲများ ရောက်ရှိစစ်ဆေးပြီး အချိန်အထိစောင့်ဆိုင်းပြီးမှ ဆေးရုံကို သယ်ဆောင်ကုသကြရပါတယ်။ ဒါ မဖြစ်သင့်ပါဘူး။ ဒဏ်ရာရနေတဲ့လူနာကို ဆေးရုံကြီးကို ချက်ချင်းပို့ပြီးတော့ အရေးပေါ် ကုသမှသာလျှင် လူနာရဲ့ အသက်အန္တရာယ်မှ ကာကွယ်ပြီးတော့ ဒဏ်ရာများ သက်သာပျောက်ကင်းနိုင်မှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက ဒဏ်ရာသွေးထွက်လွန်ပြီးတော့ အသက်ဆုံးရှုံးမှုများ ဖြစ်လာနိုင်တယ်ဆိုတာကို ဆွေးနွေးလိုပါတယ်။ ဆေးရုံကြီးများရဲ့ အရေးပေါ်ပြင်ပလူနာဌာနသို့ ရောက်ရှိရင်လည်း တာဝန်ရှိတဲ့ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ လူနာကို အမြန်ဆုံး ကယ်တင်ကုသပြီးမှသာ ရဲမှုခင်း စစ်ဆေးခြင်းကိစ္စများကို နောက်မှဆောင်ရွက်စေရန် ဖြစ်ပြီးတော့ ရဲမှုခင်း စစ်ချက်ယူပြီးမှ ဆေးဝါးကုသမယ်ဆိုပါက လူနာရဲ့ အသက်

အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့အတွက်ကို အမှုစစ်ယာဥ်ထိန်းရဲများမှာလည်းပဲ အရေးပေါ်ကိစ္စရပ်များ အပေါ် နားလည်စွာနဲ့ ဖြေလျှော့ပေးပါရန် တင်ပြဆွေးနွေးလိုပါတယ်။

ကျန်းမာရေးဝန်ထမ်းများဟာ လူနာများရဲ့ ကျန်းမာရေးကိစ္စများကို နေ့ညမရွေးတာဝန်ထမ်းဆောင်နေရတဲ့အတွက် ကိုယ်စိတ်နှလုံး နှစ်ပါးစလုံး ပင်ပန်းကြီးစွာ လုပ်ကိုင်နေရတဲ့ ပြည်သူ့ဝန်ထမ်းများ ဖြစ်ပါတယ်။ မိမိတို့ အားကိုးကြီးစွာနဲ့ ပြည်သူ့ဆေးရုံကြီးကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားပြည်သူ လူနာအားလုံးကို ဆွေးမျိုးမိသားစုသဖွယ် သည်းခံစိတ်အပြည့်နဲ့ ယဥ်ကျေးသိမ်မွေ့စွာ ဆက်ဆံအားပေးပြီးတော့ ကုသပေးရန် လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ အများပြည်သူတွေရဲ့ အားကိုးရာ ပြည်သူ့ဆေးရုံကြီးရဲ့ ပြရုပ်ဟာ သန့်ရှင်းတဲ့ ကျန်းမာရေးဌာနဖြစ်တဲ့အတွက်ကို ဆေးရုံအတွင်းအပြင် ခွဲစိတ်ခန်း၊ မွေးဖွားခန်း၊ သန့်စင်ခန်းများရဲ့ ပိုးမွှားကင်းစင်ရေး၊ သန့်ရှင်းရေးဟာ မိမိတို့ မဖြစ်မနေ လုပ်ကိုင်ရမယ့် တာဝန်များ ဖြစ်တဲ့အတွက်ကို သန့်ရှင်းရေးဝန်ထမ်းများဖြင့် တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အချို့ဆေးရုံတွေမှာ သန့်ရှင်းရေးကို လူနာများက တာဝန်ယူရမယ်ဆိုတဲ့ ကြေငြာစာတန်းများ တွေ့ရှိနေရပါတယ်။ တကယ်လို့ သန့်ရှင်းရေးအတွက် ဝန်ထမ်းများ ပိုပြီးလိုလို့ရှိရင် သက်ဆိုင်ရာကို တင်ပြဆောင်ရွက်သွားပြီးတော့ တောင်းခံတင်ပြရမှာ ဖြစ်ပါတယ်။ ဆေးရုံစည်းကမ်းနဲ့ သက်ဆိုင်တဲ့ကိစ္စများကိုလည်းပဲ လူနာများ သိရှိလိုက်နာနိုင်ရန် ပညာပေးစာတမ်းများ ကပ်ပြီးတော့ ကျန်းမာရေးအသိ ဖြန့်ဝေပေးဖို့ လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ အခုအချိန်မှာ ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ အများအပြား ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ငွေကြေးမတတ်နိုင်သူ လူနာအများစုကသာလျှင် ပြည်သူ့ဆေးရုံကြီးနဲ့ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများသို့ လာရောက်တက်ရောက်၍ ဆေးဝါးကုသကြသဖြင့် ဆေးရုံတက်တဲ့ လူနာအားလုံးကို ချမ်းသာ၊ ဆင်းရဲ မခွဲဘဲနဲ့ အခမဲ့ဆေးကုသပေးနိုင်ရေး တင်ပြဆွေးနွေးရင်းနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၁။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုလက်ရှိ ဆေးရုံတွေမှာစပြီး အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် အကျယ်တဝင့် မဆွေးနွေးတော့ပါဘူး။ ဒေသရဲ့ အခက်အခဲလေးတစ်ခုကိုတော့ တင်ပြချင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသမှာ ဆေးတွေကတော့ ရောက်ရှိနေပါပြီ။ ဒါပေမဲ့ ဆရာဝန်တွေ ပြည့်ပြည့်စုံစုံ မရောက်ရှိသေးပါဘူး။ ဒီ အချက်ကလေးတစ်ချက်ကိုပဲ တင်ပြရင်းနဲ့ ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၂။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း တင်သွင်းသွားတဲ့ အဆိုနဲ့ ပတ်သက်ပြီးမှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အာရောဂျံပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်တယ်ဆိုတာကို ကျန်းမာခြင်းဆိုတဲ့ ဆုလဒ်ကို လူတိုင်းကလည်း လိုချင်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်တယ်။ ကျွန်တော်တို့ နိုင်ငံသားတွေကို အပြည့်အဝကျန်းမာရေး ပေးတယ် ဆိုတာ တစ်ဖက်တစ်လမ်းကနေပြီးတော့ နိုင်ငံတော်ကို တည်ဆောက်နေတယ်လို့ ဆိုနိုင် ပါတယ်။ ဒါကြောင့် ဒီအဆိုဟာ အင်မတန်မှ သင့်မြတ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအဆိုကို ဆက်လက် အောင်မြင်အောင် အကောင်အထည်ဖော်ပေးစေလိုတဲ့ ဆန္ဒမွန်နဲ့ ထောက်ခံရခြင်း ဖြစ်ပါတယ်။ ဒီအဆိုမှာ အဓိက အမှန်တကယ် ဆင်းရဲချို့တဲ့သူတွေကို စိစစ်ပြီးမှ အခမဲ့ဆေးကုသခွင့် ပေးနိုင်ဖို့ ဆိုပြီးတော့ တိုက်တွန်းထားတဲ့ အဆိုပဲဖြစ်ပါတယ်။ အဲတော့ အမှန်တကယ်ဆင်းရဲတဲ့ သူတွေကို စိစစ်ဖို့အတွက် ဆိုတာကတော့ ကျွန်တော်တို့အနေနဲ့ ထပ်ပြီးတော့ သတ်မှတ်ပြဋ္ဌာန်းမှုတော့ ရှိသင့် တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်။ နောက် အဆိုရှင် တင်သွင်းထားတဲ့ အဆိုရှင် တင်သွင်းရာမှာပါတဲ့ လစာနည်းဝန်ထမ်းတွေကို ဒါထည့်သွင်းပေးဖို့ဆိုတာလည်း ကျွန်တော့်အနေနဲ့ ဒါ အပြည့်အဝ ထောက်ခံပါတယ်။

နောက် ကျွန်တော်တို့ ဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ အခြေအနေကို သုံးသပ်ရမယ်ဆိုရင် တော့ အခမဲ့ဆေးကုသမှုဆိုတာကိုတော့ မျှော်လင့်နေကြတာ အမှန်ပါပဲ။ အဲဒီတော့ ကျွန်တော်တို့မှာ ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်နယ်မှာ ပြန်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ရပ်နားတဲ့အချိန်မှာလည်းပဲ ကျွန်တော်တို့ ဒီကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့မှ ကျေးလက်တောရွာဖြစ်စေ၊ ကျွန်တော်တို့ အနီးအနား ပတ်ဝန်းကျင်ဖြစ်စေ အခက်အခဲရှိတဲ့သူတွေ ကျွန်တော်တို့ဆီလာပြီးမှ အကူအညီတောင်း ကြတယ်။ နောက်ပြီးမှ ဒီဆေးကုသမှုကို အခမဲ့ပေါ့။ ဆေးကုသမှုရအောင် တင်ပြလာကြတွေလည်း ရှိကြပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခမဲ့ဆေးကုသမှုဖြစ်လာဖို့ အခု ဒီကျန်းမာရေး ဌာနအနေနဲ့လည်း ဒီလို အခမဲ့ဆေးတွေပေးနေပြီး ကျွန်တော်တို့ဆေးရုံတွေမှာ ဆေးတွေ ရောက်လာပြီ။

အခမဲ့ဆေး ကုသဖို့ လက်ရှိအနေအထားမှာ အကောင်အထည် ဖော်နေပြီဆိုတာ ကျွန်တော်တို့ အနေနဲ့ ဒါတွေ့ရတဲ့အတွက်လည်း အထူးသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကျွန်တော် ဒေသမှာ ပြန်ပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒေသမှာတော့ ငှက်ဖျားရောဂါပေါ့ ကျေးလက်တောရွာတွေမှာ ငှက်ဖျားရောဂါ အဖြစ်များပါတယ်။

ဒီအရင်တုန်းကဆိုလို့ရှိရင် ကျွန်တော်တို့ဒေသမှာ ငှက်ဖျားရောဂါဖြစ်တယ်ဆိုတာ မကုသနိုင်ကြဘူးပေါ့။ ဒီဆေးဝါးကုသမှု မခံယူနိုင်တဲ့အခါကြတော့ သူတို့ ဒီတော်တော်များများ ဒီငှက်ဖျားနဲ့ပဲ အသက်ဆုံးရှုံးတဲ့ သူလည်းရှိသလို တချို့မသေရင်တောင်မှ ရူးကြောင်ကြောင်တွေ ဖြစ်သွားကြတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ရွာသူ/ရွာသားတွေအနေနဲ့ ဒါ ခွဲစိတ်မှုဆိုတာဟာလည်း ယခင်တုန်းကပေါ့။ ခွဲစိတ်မှုဆိုတာ မခံယူနိုင်လို့ မသေသင့်ဘဲနဲ့ သေဆုံးခဲ့တာတွေလည်း ရှိပါတယ်။ ကျေးရွာသူ/ကျေးရွာသားတွေကတော့ များသောအားဖြင့် လေ့လာကြည့်ရသလောက်ဆိုရင် ယခင်တုန်းကပေါ့ ဆေးရုံတက်ဖို့ တော်တော်လေး ဝန်လေးနေကြတာကို လေ့လာသိရှိရပါတယ်။ ဘာဖြစ်လို့ ဒီလို ဖြစ်ရသလဲဆိုရင် ကျန်းမာရေး ဗဟုသုတ နည်းတာလည်းပါတယ်။ နောက် သွားလာရေး ခက်ခဲတာတွေ၊ နောက် ငွေကြေးမပြည့်စုံလို့ ဒီလို ဖြစ်ပါတယ်။ နောက်တချို့ ကူးစက်ရောဂါ ဆိုလို့ရှိရင် ကျွန်တော်တို့တစ်ရွာလုံးကို ကူးစက်ပြီးမှ ကူးစက်ရောဂါ ဖြစ်ပြီဆိုရင် တစ်ရွာလုံး တော်တော်များများဟာ ဒါသေဆုံးကြတာလည်း ရှိသလို အရင်တုန်းက ရှိခဲ့ဖူးတယ်။ ကြားခဲ့ပါတယ်။ နောက်ပြီးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ပေါ့။ ပြီးခဲ့တဲ့ စက်တင်ဘာ ကျွန်တော်တို့ ပဋ္ဌမပုံမှန်အစည်းအဝေးပြီးလို့ ရပ်နားတဲ့အချိန် ၂၀၁၂ စက်တင်ဘာတုန်းက အ.လ.က လိုဘာကိုမှ ကျောင်းသူ/ကျောင်းသားပေါင်း (၈၀)ကျော်လောက် ဖျားနာတာကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ယောက်နဲ့ ကျန်းမာရေး ဝန်ထမ်းတွေ နောက် ထွေ/အုပ်က ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ ကွင်းဆင်းသွားပြီးတော့မှ ကုသပေးခဲ့ ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားတွေအတွက် ကျွန်တော်တို့ သွားပြီးမှ ကုသတယ်ဆိုပြီးမှ သွားလိုက်တဲ့အခါကျတော့ ဒီကျေးရွာမှာရှိတဲ့ ဖျားနာသူတွေ အများကြီးပဲ ရောက်လာကြတာပေါ့။ အားကိုးတကြီးနဲ့ အများကြီး ရောက်လာကြတာပေါ့။ အဲဒီအခါကျတော့ ဆေးတွေမလုံလောက်လို့ ပြန်ပြီးတော့မှ သက်ဆိုင်ရာကို သတင်းပို့ လိုအပ်တဲ့အစီအမံတွေ ဆောင်ရွက်ပြီးမှ၊ ကျန်းမာရေးဝန်ထမ်းတွေ ထပ်ပြီးတော့မှ၊ စေလွှတ်ပြီးမှ ကုသပေးရတယ်။ ဒီလို မိုးတွင်းကာလ မိုးတွင်း ရောက်လာတဲ့အခါကျရင် ကျွန်တော်တို့ လိုဘာကိုတို့၊ ဒေါသမကြီးတို့ ဝေးလံတဲ့ နယ်စွန်နယ်ဖျားပေါ့။ မြို့နယ်အစွန်အဖျားတွေမှာ ဒီလို ကျန်းမာရေးစောင့်ရှောက်မှုတွေ တော်တော်လေး လိုအပ်ပါတယ်။ အဖျားအနာတွေလည်း ရှိကြတယ်။ နောက် ကျွန်တော်တို့ နယ်ဘက်မှာ ပြီးခဲ့တုန်းကလည်း တပ်မတော် နယ်လှည့်ဆေးကုသပေးတော့ အဲဒါတွေလည်း ရှိတယ်။ ရှိတဲ့အခါကျတော့ ဒါ ကျွန်တော်တို့အတွက်၊ ပြည်သူလူထုတွေအတွက် အများကြီး အကျိုးပြုပေးပါတယ်။ ဒီအတွက် ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိတဲ့အကြောင်းလည်း ပြောကြားလိုပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်ဖို့ကို ဒီလို မေတ္တာ၊ စေတနာနဲ့ အခမဲ့နယ်လှည့်ဆေးကုသပေးသလို ဆေးရုံ၊ ဆေးပေးခန်းတွေမှာလည်းပဲ ဆင်းရဲချို့တဲ့သူတွေကို အခမဲ့ ဆေးကုသပေးနိုင်မယ်

ဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံသားတိုင်း ပြီးပြည့်စုံတဲ့ကျန်းမာရေး စောင့်ရှောက်မှုကို သာတူညီမျှ ခံစားကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခမဲ့ ဆေးကုသဖို့ ဆိုတာကတော့ လူသာခု၊ နတ်သာခုခေါ်တဲ့ အင်မတန်မှ မွန်မြတ်သည့် ဒါနတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းကြီး အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ ဆေးရုံ၊ ဆေးပေးခန်းတွေမှာ စောစောက ကိုယ်စားလှယ်များ တင်ပြပြီးသလို ယခုလက်ရှိလည်း အကောင်အထည်ဖော်နေပါတယ်။ ဆေးဝါး လုံလောက်ဖို့ အဓိက က ဆေးဝါးလုံလောက်ဖို့ လိုပါတယ်။ နောက်မှ ဒီဆေးဝါး၊ ခွတ်ခွဲခန်းတို့၊ ခွတ်ခွဲပစ္စည်းတွေပေါ့။ နောက် ကျွန်တော်တို့ ရောဂါရှာဖွေဖို့ ပစ္စည်းကိရိယာတွေ ပြည့်စုံဖို့လည်း လိုပါတယ်။ ကျွန်တော်တို့ ယခင်တုန်းကပေါ့။ ကျွန်တော်တို့ အတွေ့အကြုံအရဆိုရင် ကျွန်တော်တို့ ဆေးရုံတက်ပြီဆိုရင် ကျွန်တော်တို့ နယ်ဘက်တွေမှာ ကျွန်တော်တို့ဒေသမှာ ဆေးရုံတက်ပြီဆိုလို့ ရှိရင် လူနာကို စမ်းသပ်တယ်၊ မှတ်ပုံတင်တယ်၊ Register လုပ်တယ်ပေါ့။ ပြီးလို့ရှိရင် ဆရာဝန်က ဆေးစာ ရေးပေးတယ်။ အဲဒါကို ယူပြီးမှ ကျွန်တော်တို့ ဆေးသွားဝယ်ကြရတာပေါ့။ တစ်ခါတစ်လေ အဲဒီဆေးရုံဝင်းထဲမှာလည်း ဝယ်လို့ရတယ်။ တစ်ခါတစ်လေကျတော့ တချို့ဆေးတွေဆိုရင် ဟို တော်တော်လေး ပတ်ရှာဝယ်ရတယ်ပေါ့။ အဲဒီလိုလေးတွေ ရှိခဲ့တဲ့အခါကျတော့ ကျေးလက်တောရွာ တွေမှာ ဒီလို ဆေးရုံလာတက်တဲ့အခါကျတော့ စာမတတ်တဲ့ ရွာသူ၊ ရွာသားတွေက တော်တော်လေး ဒုက္ခရောက်ပါတယ်။ ဒုက္ခရောက်တယ်။ အဲဒါကြောင့်မို့ ရွာသူ၊ ရွာသားတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့တာပေါ့။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ကျေးလက်တောရွာ တွေမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာ သားတွေ ဒီကာကွယ်ဆေး ထိုးဖို့ဆိုတာလည်းပဲ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲတွေမှာ ရေခဲ သေတ္တာပုံးတွေလည်း ပြည့်စုံဖို့ လိုအပ်ပါတယ်။ လူနာတွေကို နွေးထွေးစွာ ကြိုဆိုပေးစေလို ပါတယ်။ ကျွန်တော်တို့ ကျေးလက်တောရွာတွေက တက်လာတဲ့ သူတွေက ကျန်းမာရေး အသိအမြင် နည်းတဲ့အခါကျတော့ စိတ်ရှည်သည်းခံပြီးတော့မှ နားဝင်အောင် ရှင်းပြပေးဖို့လည်း ရှင်းပြပေးစေ လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကျေးလက် တောရွာကနေ တက်လာတဲ့ လူနာစောင့်တွေရဲ့ အခက်အခဲတွေ၊ အနေအထိုင်တွေ၊ အပြောအဆိုတွေကို နားလည်ခွင့်လွှတ်ပေးနိုင်မယ်ဆိုရင်တော့ အများလည်း ဝမ်းသာသာခုခေါ်ကြမှာ အတိုင်းထက်အလွန်ပဲ ဖြစ်ပါတယ်။ ကျေးလက်တောရွာ တွေမှာ ဥပမာ - တိုက်နယ်ဆေးရုံတို့၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲတွေမှာ တာဝန်ကျတဲ့ ဆရာဝန်၊ ဆရာမတွေ အနေနဲ့ကတော့ တော်တော်များများက မေတ္တာ၊ စေတနာ ရှေ့ထားပြီးတော့မှ ကုသပေးတာတော့ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးဝါးလုံလောက်ဖို့ပဲ လိုအပ်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျေးလက်တောရွာတွေမှာ အဲဒီလိုပဲ ရွာသူ၊ ရွာသားတွေနဲ့ နေတဲ့ အခါကျတော့ ရွာသားတွေရဲ့ ဆင်းရဲမှု ဟို ရွာသားတွေကို အာပေါက်အောင် ရှင်းပြရတာတွေ၊ နောက် အဆင်မပြေမှုတွေပေါ့။ ဒါ အမြဲတမ်းတွေ့ရတဲ့အခါကျတော့ တချို့ ဒီပြောမယ်ဆိုလို့ရှိရင် နယ်တွေ မှာတော့ အခမဲ့ဆေးကုသမှုဆိုတာတော့ အထိုက်အလျောက်တော့ ရှိခဲ့ပါတယ်။ အခုအနေနဲ့ ကျွန်တော်တို့ ဒီလို တစ်နိုင်ငံလုံးအနေနဲ့ပေါ့။ နယ်တွေရော၊ မြို့ပေါ်တွေရော၊ ဆေးရုံကြီးတွေ ရောပေါ့၊ အကုန်လုံး ကျွန်တော်တို့အနေနဲ့ ဆေးဝါးလုံလုံလောက်လောက်နဲ့ ဒီလို အခမဲ့ကုသပေး

နိုင်မယ်ဆိုရင်တော့ ဒီပြည်သူတစ်ရပ်လုံးပေါ့၊ ဆေးရုံ၊ ဆေးပေးခန်းတွေကို ယုံကြည်အားကိုးမှုအပြည့်နဲ့ ဒါဆေးရုံတက်ဖို့လည်း ဝန်လေးကြတော့မှာ မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်မျှော်လင့်မိပါတယ်။

အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန ရည်မှန်းချက်(ကက)မှာ ဖော်ပြထားတဲ့ နိုင်ငံသားတိုင်း အရည်အသွေး ပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ ရရှိခံစားစေနိုင်မည် ဆိုတာကို ပေါက်မြောက်အောင်မြင်ဖို့အတွက် အမှန်တကယ် ဆင်းရဲချို့တဲ့သူတွေကို အခမဲ့ ဆေးကုသမှုတစ်ရပ် စနစ်တကျ ဖော်ဆောင်ပေးသွားရမှာ အမှန်လိုအပ်လှပါတယ်။ ဒါကြောင့် ဒီကောင်းမြတ်လှတဲ့ ဒီရည်မှန်းချက်ကို အမြန်ဆုံး လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပတ္ထနာပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဇဉာအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဒေါက်တာဇဉာအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇဉာအောင်မိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာဋ္ဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေး အစီအမံတစ်ခု အနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားပါမယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လေ့လာသိရှိခဲ့သမျှကတော့ ဒီအဆိုဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍကို ပြုပြင်တည်ဆောက်ရာမှာ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဆင်းရဲချို့တဲ့သူများကို အခမဲ့ဆေးဝါးကုသဖို့ နိုင်ငံတော် ကျန်းမာရေးကဏ္ဍမှာ အထူးအရေးကြီးပြီးတော့ မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်သမ္မတက လွန်ခဲ့တဲ့(၁)လလောက်က ကျွန်တော် မှတ်မိသလောက် Basic Health Help ကိစ္စနဲ့ ပတ်သက်ပြီးတော့ အစည်းအဝေးမှာ မိန့်ခွန်းပေးသွားတာလည်း အင်မတန် အရေးကြီးပါတယ်။ အဲဒီ အခြေခံကျန်းမာရေး စောင့်ရှောက်မှုအပိုင်းကလည်းပဲ ခုန ဒီဆင်းရဲတဲ့ ဆင်းရဲသားများကို အခမဲ့ဆေးဝါးကုသပေးနိုင်တဲ့ အပိုင်းလိုပဲ အထူးပဲ အရေးကြီးပါတယ်။ ဒါပေမဲ့ ကျန်တဲ့အစိတ်အပိုင်းတွေတော့ အများကြီးရှိတယ်။ ဒီ(၂)ခုက အခြေခံအကျဆုံး ဘယ်နိုင်ငံမှာမဆို အကောင်အထည်ဖော်တဲ့နေရာမှာ ဒါကို ကျွန်တော်တို့ ကျန်းမာရေးရဲ့ တစ်နိုင်ငံလုံးအတွက် နိုင်ငံတော်က တာဝန်ယူနိုင်အောင်

ဆောင်ရွက်တဲ့နေရာမှာ ဒီအချက်(၂)ချက် အဓိကအခန်းကဏ္ဍက အရေးကြီးတဲ့အချက်(၂)ချက် ဖြစ်ပါတယ်။

အဲဒီလို လုပ်တဲ့နေရာမှာတော့ သေးငယ်တဲ့အလုပ်တော့ မဟုတ်ဘူး။ ကျွန်တော်တို့ ထိထိရောက်ရောက် လုပ်နိုင်ဖို့အတွက်က ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ ဌာနပေါင်းစုံ၊ ဌာနအများအပြား ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။ လေ့လာသိရှိခဲ့ရပါတယ်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုတာ အရေးကြီးပါတယ်။ ဘာလဲဆိုတော့ ပြည်ထောင်စုဝန်ကြီးက အကုန် လက်လှမ်းမမီဘူး။ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ အစိုးရဝန်ကြီးတွေက ပြည်သူ့ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ပုဂ္ဂိုလ်များတွေ ဖြစ်တယ်။ နောက်ပြီးတော့ ပြည်သူနဲ့ ထိတွေ့မှုရှိတယ်။ အကောင်း၊ အဆိုးကို အများဆုံး သိရှိနိုင်တဲ့ ပုဂ္ဂိုလ်များ ဖြစ်တယ်။ ဒါဟာ သူများနိုင်ငံမှာ လုပ်ခဲ့တာလည်း ဒီ ဗဟိုချုပ်ကိုင်မှုကို လျှော့ချတဲ့စနစ်က ကွန်မြူနစ်နိုင်ငံမှာတောင်မှ လုပ်ကြတာ ဒါ ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အကောင်အထည် ဖော်တဲ့နေရာမှာ ဒါ အများကြီး အရေးကြီးပါတယ်။ နောက် ဌာနပေါင်းစုံ ပူးပေါင်းပြီးတော့ စီမံအုပ်ချုပ်ကြီးကြပ်ဖို့လည်း လိုအပ်သလို တာဝန်ခွဲဝေတဲ့အပိုင်းမှာလည်းပဲ အရေးကြီးပါတယ်။

ဥပမာ - ဆင်းရဲသားများကို ရွေးချယ်သတ်မှတ်တဲ့နေရာမှာ ဘယ်သူက ဆင်းရဲတယ်၊ ဘယ်သူက မဆင်းရဲဘူးဆို ဘယ်သူက သတ်မှတ်ပေးရမှာလဲ။ ကျွန်တော်တို့ ကျန်းမာရေးဌာန ဒါ သိပ်သိတာ မဟုတ်ဘူး။ အဲဒီတော့ ဒါ ပြည်ထဲရေးဌာနက သိမယ်။ ပိုပြီးတော့ နီးစပ်မယ်။ လူမှုဝန်ထမ်းဌာနက ပိုပြီးတော့ နီးစပ်မယ်နော်။ ရပ်ရွာထဲမှာရှိတဲ့ အသင်းအဖွဲ့တွေက ပိုပြီးတော့သိမယ်။ အဲဒီတော့ အဲဒီလို ဌာနပေါင်းစုံ၊ အဖွဲ့အစည်းတွေနဲ့ရော ကျွန်တော်တို့ ပူးပေါင်းပြီးတော့မှ ဒီဆင်းရဲသားဆိုတဲ့ စာရင်းကို ကျွန်တော်တို့ လုပ်ဖို့လိုတယ်။ နောက်ပြီးတော့ ဆင်းရဲသားဆိုတာ ဘယ်လောက်အဆင့်ကို ဆင်းရဲသားရယ်လို့ ပြောရမလဲ။ တစ်နယ်နဲ့တစ်နယ် တူချင်မှတူမယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တူချင်မှတူမယ်နော်။ အဲဒါလည်း ရှိသေးတယ်။ နောက် အဲဒီစာရင်းက အမြဲတမ်းအတည်ရယ်လို့ မဟုတ်ဘူး။ (၆)လ တစ်ခါပဲဖြစ်ဖြစ်၊ (၁)နှစ်တစ်ခါပဲဖြစ်ဖြစ် ပြန်လည်စိစစ်ဖို့လိုတယ်။ အရင်က မဆင်းရဲသေးတဲ့သူက အဲဒီအချိန်မှာ ဆင်းရဲသားဖြစ်ချင် ဖြစ်လာမယ်။ အရင်က ဆင်းရဲနေတဲ့သူက အဲဒီအချိန်မှာ သူက ပြေလည်လာတာလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ အခြေအနေအရ ဒီစာရင်းက ကျွန်တော်တို့ အရှင်ထားပြီးတော့ အမြဲတမ်းစိစစ်ဖို့လည်း လိုတယ်လို့ ကျွန်တော် လေ့လာသိရှိခဲ့ရပါတယ်။

အဲဒီတော့ နောက်တစ်ခုက ဘာလဲဆိုတော့ ခုနက ကျွန်တော် ပြောခဲ့ပြီးပြီ။ ဒီလုပ်ငန်းက အင်မတန်ကျယ်ပြန့် ကြီးမားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီတော့ ဆေးရုံဝန်ထမ်းရဲ့ အင်အားလည်း အများကြီး ပြည့်ပြည့်ဝဝ စုံစုံဖြစ်ဖို့ အများကြီး လိုအပ်ပါတယ်။ နောက် ဆေးဝါးလုံလုံလောက်လောက် ရှိဖို့လည်း လိုအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိ ဘတ်ဂျက်နဲ့တော့ မလုံလောက်ဘူးဆိုတာ ဒါ သေချာပါတယ်။ သူများနိုင်ငံမှာ လုပ်နေကြတာ ဘတ်ဂျက်ဆိုတာ သူတို့ GDP နဲ့ တွက်လိုက်ရင်လည်း မနည်းဘူး။ တစ်နိုင်ငံလုံးရဲ့ ဘတ်ဂျက်နဲ့ တွက်ကြည့်ရင်လည်း မနည်းဘူး။ တစ်နိုင်ငံလုံး ဘတ်ဂျက် (၈)ရာခိုင်နှုန်း၊ (၁၀)ရာခိုင်နှုန်း၊ (၁၄)ရာခိုင်နှုန်း၊ (၁၅)ရာခိုင်နှုန်း အဲဒီလိုနဲ့ ကျန်းမာရေးကို အသုံးချ နေပါတယ်။ အဲဒီလို ကျန်းမာရေးကို အဲဒီလိုလုပ်ရတာ ဘာလဲဆိုတော့ ကျန်းမာရေးနဲ့ ပညာရေးဟာ ပြည်သူတွေအတွက် အစိုးရက ဒါ ဝန်ဆောင်မှုပေးရမယ့် အခန်းဖြစ်ပါတယ်။ အဲဒီတော့

ပြည်သူတွေကို ဒါကို ကျွန်တော်တို့ ဝန်ဆောင်ပေးနိုင်တယ်၊ လုပ်ပေးနိုင်တယ်၊ အလုပ်အကျွေး ပြုပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ ကျန်းမာရေးကောင်းသလို ပညာရေး ကောင်းမယ်။ ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့အတွက် ဒါဟာ အခြေခံပဲ။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က လေးလေးနက်နက် စဥ်းစားဖို့လိုတာက ဘတ်ဂျက်လည်း တိုးဖို့လိုပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းဟာ ဘာလဲဆိုတော့ ကျွန်တော်တို့ အလှူရှင်ချည်းပဲ အားကိုးနေလို့ မရဘူး။

ဘာလဲဆိုတော့ ဥပမာ - Basic Health Care ဆိုတော့ အလှူရှင်၊ ကျွန်တော်တို့ ကာကွယ်ဆေး ထိုးမယ်ဆိုပါစို့ လတိုင်း အချိန်မှန်မှန် ထိုးရမယ်။ အလှူရှင် မရှိရင် မထိုးရဘူးဆို ဒီလုပ်ငန်းပျက်သွားမှာ။ ကျွန်တော် ဥပမာပြရမယ်ဆိုလို့ရှိရင် ဘုန်းကြီးကျောင်းဆိုလို့ရှိရင် ကထိန်ခင်းအလှူ ရှိတယ်။ နောက်ပြီးတော့ ဝါဝင်ရင် ဝါဆိုသင်္ကန်း ကပ်ပွဲအလှူရှိတယ်။ ဒီအလှူ(၂)ခုနဲ့ (၁)နှစ်လုံး ပတ်လည်ဖို့အတွက် မလုံလောက်ဘူး။ နေ့တိုင်း ဆွမ်းသုံးနိုင်ဖို့အတွက် ဒါ လှူဖို့လိုတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးဌာန အလှူရှင်ဆိုတာတောင်မှလည်း ဒီအလှူရှင် အားလုံးကို ကျွန်တော်တို့ စုပေါင်းပြီးတော့ စနစ်တကျဖြစ်အောင် ကျွန်တော်တို့ ဒီလုပ်ငန်းက တကယ်ကြီးမားတဲ့လုပ်ငန်းဖြစ်တယ်။ စနစ်တကျနဲ့ ဘာလဲဆိုတော့ ဒီစီမံကိန်းချပြီးတော့ စနစ်တကျ လက်တွေ့ကျကျ မှန်မှန်ကန်ကန် ရေရှည်လုပ်သွားနိုင်ဖို့ အရေးကြီးပါတယ်။ နောက်ပြီးတော့ ဆေးရုံနဲ့ ပတ်သက်ပြီးတော့ ခုနတုန်းက ပြောသွားတာလည်း အများကြီးရှိတယ်။ ကျွန်တော်ကတော့ သိပ်မပြောတော့ပါဘူး။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီ ဆေးရုံ Hospital Reform ဆေးရုံကို ပြုပြင် ပြောင်းလဲဖို့ အများကြီး လိုတယ်။ ဆက်ဆံရေးက အစ။ ဒါဟာ ပြည်သူတွေ လက်ခံကျေနပ်နိုင်တဲ့ ဆက်ဆံရေး အဲဒီလို ရှိရမယ်။ ဝန်ဆောင်မှု။ ပြည်သူတွေ ကျေနပ်နိုင်တဲ့ ဝန်ဆောင်မှုရှိဖို့ လိုတယ်။ ဒါကြောင့် ဒီကိစ္စကိုလည်းပဲ ကျန်းမာရေးဌာနတစ်ခုတည်း အနေနဲ့ မတတ်နိုင်ဘူး။ ဆုပေး ဒဏ်ပေး လည်း လုပ်ဖို့ လိုတယ်။ ကျွန်တော် သတင်းမှာ တွေ့ရတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ဒီ ထိုင်းသတင်းမှာ တွေ့ရတယ်။ ဝန်ကြီးချုပ် သက်ဆင် တက်လာပြီးနောက် သူ Health Reform လုပ်တယ်။ Bath(၃၀) လူတစ်ယောက်လာရင် Bath(၃၀)၊ အခုနောက်ပိုင်းကျတော့ တစ်ပြားမှ မယူတော့ဘူး။ လူတိုင်းကို အခမဲ့။ အဲဒီအချိန်မှာ သူက ဆုပေး ဒဏ်ပေးကို သူက အဓိက သေသေချာချာ လုပ်တယ်။ ကျန်းမာရေးဌာနဝန်ကြီးကို ဆရာဝန် သူ မခန့်ဘူး။ အရပ်သား သူ ခန့်တယ်။ ဆုပေး ဒဏ်ပေး ဒီဆေးရုံ စနစ်၊ အရင်တုန်းက သူများပြောနေတဲ့ သားသတ်ရုံဟာ လူနာတွေ သွားချင်စရာ ဆေးရုံဖြစ်အောင်လုပ်ဆိုပြီးတော့ တကယ်လည်း အောင်မြင်တယ်။

အဲဒီတော့ ဆေးရုံရဲ့ ခုနတုန်းက တင်ပြသွားတာ အများကြီးရှိတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း တွေ့ကြုံမှု၊ ခံစားမှု၊ ကျွန်တော်ကိုယ်တိုင်လည်း ဆေးကု နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆေးရုံပြုပြင်မှုကလည်း အများကြီး အရေးကြီးပါတယ်။ အဲဒါ ဌာနပေါင်းစုံ စုပေါင်းပြီးတော့လုပ်ဖို့၊ တွဲဖက်ပြီးတော့ လုပ်ဖို့လိုတယ်။ ဘဏ္ဍာရေးနဲ့ ပတ်သက်ပြီးတော့ ဒီအာမခံဌာနကလည်း ပါချင်ပါမယ်။ နောက်ပြီးတော့ လူမှုဝန်ထမ်းဌာနကလည်း ပါချင်ပါမယ်။ ဘဏ္ဍာရေးနဲ့ စီမံကိန်းဌာနက ဝိုင်းဝန်းပြီးတော့ အကြံပေးတာလည်း၊ ဝိုင်းဝန်းထိန်းသိမ်းတာလည်း ပါချင်ပါမယ်။ အဲဒီလို ဌာနပေါင်းစုံလည်းပေါင်း၊ နောက်ပြီးတော့ ဗဟိုချုပ်ကိုင်မှုလည်း လျှော့ပြီးတော့ သူ့ပြည်နယ်၊ သူ့မြို့နယ်၊

အဲဒီ မြို့နယ်နဲ့ ကျေးရွာဆေးပေးခန်းအဆင့်ဟာ ဆင်းရဲသားတွေ တောနယ်မှာနေတာ၊ ကျေးလက်မှာ နေတာများတယ်။ မြို့မှာဆိုရင်တော့ ခုန လူမှုဖူလုံရေးဆေးခန်းတို့၊ ဘာဆေးခန်း၊ ညာဆေးခန်း၊ ဆေးရုံဆို နည်းနည်းနီးသေးတယ်။ တောနယ်မှာ လမ်းပန်းဆက်သွယ်ရေး ကလည်း ခက်ခဲတယ်။ အဲဒီတော့ ကျေးလက်ကျန်းမာရေးဆေးပေးခန်းကိုလည်း အဆင့်မြှင့်ပြီးတော့ အင်အားအပြည့်၊ ပစ္စည်းကိရိယာအပြည့်၊ နောက် အရည်အချင်းရှိတဲ့ ဆရာဝန်တွေ၊ ဘာလဲဆိုတော့ General Pratictioner ပုံစံမျိုးနဲ့ ချပေးဖို့လိုတယ်။ အဲဒီတော့မှ လာသမျှ ဆင်းရဲသားတွေကို အခမဲ့ ဆိုတာ တောင်မှ လုပ်ပေးနိုင်ရင် အခမဲ့ လုပ်ပေးတာတောင်မှ အရည်အချင်း မရှိဘဲနဲ့ မပြည့်မစုံဘဲနဲ့ဆိုရင် ကျွန်တော်တို့ရဲ့ ခုနတုန်းက ဆင်းရဲသားတွေကို အကျိုးသက်ရောက်မှု၊ အကျိုးခံစားမှု နည်းသွားမယ်။ အဲဒီတော့ မြို့နယ်နဲ့ ဒီကျေးလက် ကျန်းမာရေးဟာ အင်မတန်အရေးကြီးတယ်။ ဘာလို့လဲဆို ဆင်းရဲသားတွေ လက်လှမ်းမီနိုင်တဲ့ ဆေးရုံ၊ ဆေးပေးခန်းများ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် နောက်ဆုံးအနေနဲ့ ဘာတစ်ခု တင်ပြလိုသလဲဆိုတော့ ဆေးဝါး။ နောက်ပြီးတော့ ခုနက တစ်ချက် ကျန်သွားတယ်။ ဆေးရုံ၊ ဆေးခန်းနေရာမှာ ခုနကပဲ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်က ပြောတယ်။ ဆေးရုံမှာ ဆရာဝန်တွေ အချိန်ပြည့် မရှိဘူး။ အဲဒါလည်း အရေးကြီးပါတယ်။ ကိုယ့်ဆေးခန်းမှာတော့ မှန်ပါတယ်။ အချိန်မှန်တယ်။ ပြင်ပပုဂ္ဂလိက ဆေးခန်းကိုတော့ ဦးစားပေးပြီးတော့ သွားပါတယ်။ ပြင်ပဆေးရုံကိုတော့ ဦးစားပေးပြီးတော့ သွားပါတယ်။ ဆေးရုံမှာ တကယ်တမ်း တာဝန်ထမ်းဆောင်တဲ့အချိန်ဆိုရင် ဘယ်ဝန်ထမ်းမဆို (၈)နာရီ ဆိုပါတော့၊ အလုပ်သမားများကလည်း (၈)နာရီ။ အဲဒီလို ကျွန်တော်တို့ သတ်မှတ်ပြီးတော့ အဲဒီ(၈)နာရီအတွင်းမှာ ဆေးရုံမှာ ရှိမယ်။ ကျန်တဲ့အချိန်မှာ ကြိုက်တဲ့နေရာမှာ သွားဆေးကု။ နောက်ပြီးတော့ Emergency အတွက်က ရှိရမယ့်လူ၊ တာဝန်ရှိရမယ့်လူ ရှိရမယ်။ အဲဒီလို ကျွန်တော်တို့က အတိအကျ ကိုင်တွယ်ဖို့ လိုမယ်။ ခုန လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က ကျွန်တော့်ကို ဆွေးနွေးပြီးတော့ အကြံပြု သွားပါတယ်။

အဲဒီတော့ ကျွန်တော် နောက်တစ်ခု တင်ပြလိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ အခမဲ့ ပေးနိုင်ဖို့အတွက်က ဘတ်ဂျက်ဆိုလည်း အလုံအလောက်ရှိဖို့ လိုတယ်။ ဆေးဝါးကိရိယာတွေကို ထိန်းသိမ်းဖို့ အများကြီးလိုတယ် ဖြန့်ဖြူးတဲ့နေရာမှာ။ ပြီးခဲ့တဲ့အပိုင်းကဆိုရင် ဆေးရောက်လာတယ်။ နောက်ပြီးတော့ ဆေးက ဘယ်ရောက်သွားလဲ မသိဘူး။ လူနာဆီတော့ သိပ်မရောက်ဘူး။ အဲဒါ ဒါမျိုး မဖြစ်ရအောင် အခု ကျွန်တော် ခုတင်(၁၀၀၀)ဆေးရုံ။ နော် ဆေးရောင်းတဲ့ဆိုင်က သီးခြား ရှိတယ်။ လိုအပ်သလောက်ဆေးကို ဟိုမှာ သွားယူ၊ သွားဝယ်။ အလကားရလည်းပဲ အဲဒီလိုပဲ လုပ်ရမယ်။ အလကား ကုပေးရင်လည်း အဲဒီလိုပဲ လုပ်။ အဲဒီတော့ ဆေးကို ထိန်းသိမ်းတဲ့နေရာ၊ ဆေးထုတ်တဲ့နေရာ သီးခြားဆိုရင် သူ့မှာ စာရင်းနဲ့ ဇယားနဲ့ Computer နဲ့ဖြစ်ဖြစ်၊ ဘာနဲ့ပဲဖြစ်ဖြစ် လုပ်။ နောက်ပြီးတော့ စာရင်းစစ်တဲ့ အခါမှာလည်း စစ်လို့လည်း ကောင်းတယ်။ အဂတိလိုက်စားမှု ပပျောက်ရေး တိုက်ဖျက်တဲ့ အဖွဲ့အစည်းကလည်း ဒီနေရာမှာ ဝိုင်းဝန်းထိန်းသိမ်းဖို့အတွက် တာဝန်ယူဖို့လည်း လိုအပ်ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးဌာနတစ်ခုအနေနဲ့ ဒီလုပ်ငန်းဟာ အင်မတန်မှ အရေးကြီးတယ်။ အင်မတန်မှ လိုအပ်တယ်။ နော် အဲဒီတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ပြောသလို အားလုံးဝိုင်းဝန်းပြီးတော့ သေသေချာချာ စီမံကိန်း စနစ်တကျ ဆွဲပြီးတော့ ရေရှည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားဖို့ လိုအပ်တယ်။ တစ်နိုင်ငံလုံးအတွက် ကျွန်တော်တို့ ကျန်းမာရေး စောင့်ရှောက်မှုကို အစိုးရက တာဝန်ယူနိုင်အောင်၊ နောက်တစ်ဆင့် တက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတ ပြောသွားတဲ့မိန့်ခွန်းနဲ့ ဒီကနေ့တင်တဲ့ ဒီအဆိုဟာ အခြေခံပထမအဆင့် ဖြစ်ပါတယ်။ အင်မတန် အရေးကြီးပါတယ်လို့ ပြောကြားရင်း၊ ထောက်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၇။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပဏာမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာဌေးဝင်း ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေး စီမံကိန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခု အနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ကျွန်တော့် အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောရရင် ကျွန်တော့်အနေနဲ့ ကျန်းမာရေးလုပ်ငန်းတွေ၊ ကျန်းမာရေး ဌာနတွေနဲ့ ဝေးကွာတဲ့အတွက်ကြောင့် ဒီအဆိုကို ဆွေးနွေးရမှာ တွန့်ဆုတ်ဆုတ် ရှိပါတယ်။ ဒါပေမဲ့ ဒီ Free Medical Service ဆိုတဲ့ အခမဲ့ဆေးကုသမှု အဆိုနဲ့ ပတ်သက်လို့ လွန်ခဲ့သော နှစ်ပေါင်း (၂၈)နှစ် လောက်ကစပြီး ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အခု ဒီအဆိုကို ထောက်ခံပြီး ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ လွန်ခဲ့သော (၂၈)နှစ်က ဖြစ်ပေါ်နေခဲ့တဲ့ အခြေအနေလေးကို အနည်းငယ် ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ လွန်ခဲ့သော(၂၈)နှစ်လောက် ၁၉၈၄-၈၅ လောက်က ကျွန်တော် နယ်သာလန်နိုင်ငံမှာ (၁)နှစ်နေထိုင်ခဲ့ဖူးပါတယ်။ (၁)နှစ် ပညာသင်သွားတဲ့အချိန်မှာ သူတို့ နိုင်ငံမှာ သူတို့နိုင်ငံရဲ့ ထုံးစံအရ၊ သူ့ရဲ့ ဥပဒေအရ (၆)လထက်ကျော်လို့ရှိလို့ရှိရင် Health Insurance ထားရပါတယ်။ ကျွန်တော်တို့ (၁)နှစ်နေတဲ့အတွက် Health Insurance ထားရပါတယ်။ ကျွန်တော် တို့လည်း ဒီ Health Insurance အကြောင်း မသိပါဘူး။ သူတို့နိုင်ငံ ပိုက်ဆံနဲ့ Guilder(၈၀၀)၊ တန်ဖိုးအားဖြင့် Dollar (၄၀၀) ပတ်ဝန်းကျင်လောက် ကျွန်တော်တို့ အသက်အာမခံ ထားခဲ့ရပါတယ်။ စုစုပေါင်း အဲဒီအချိန်ကပညာသင်တာကျွန်တော်တို့မြန်မာနိုင်ငံက ကျွန်တော် အပါအဝင်(၉)ယောက် ရှိပါတယ်။ ဆောက်လုပ်ရေးဌာနက အင်ဂျင်နီယာတွေနဲ့ ဆည်မြောင်းဌာနက အင်ဂျင်နီယာ၊ ကျွန်တော်တို့

ဌာနက အားလုံးစုစုပေါင်း (၉)ယောက်ရှိပါတယ်။ ဒီတစ်နှစ်တာ ကာလအတွင်းမှာ ကျွန်တော်တို့ ဘာကြုံတွေ့ရလဲဆိုတော့ ကျွန်တော်တို့ သူငယ်ချင်း(၂)ယောက် အဲဒီနိုင်ငံမှာပဲ အူအတက်အကျရောဂါ ဖြစ်ပါတယ်။ ဆေးရုံ မဖြစ်မနေတက်ပြီး ခွဲစိတ်ကုသရမယ့် Case မျိုး ဖြစ်လာပါတယ်။

ကျွန်တော်တို့ အဲဒီအချိန်တုန်းက ပညာသင်ကျောင်းသားဘဝမှာ ငွေကြေး မရှိပါဘူး။ ငွေကြေး မရှိဘူး။ သူတို့ ဆေးရုံတက်ရဖို့ ကြုံလာတဲ့အခါမှာ ကျွန်တော်တို့တွေဟာ တော်တော် ထိတ်ထိတ်လန့်လန့် ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဖြစ်လာပြီဆိုတော့ အားလုံးစုပေါင်းပြီး ဖြေရှင်းရမှာ ဆိုတော့ ကျွန်တော်တို့ ဆေးရုံတင်လိုက်ပါတယ်။ တင်လိုက်တဲ့အချိန်ကျမှ ဆေးရုံကျတော့မှ သူတို့က မေးပါတယ်။ အာမခံထားလား၊ မထားလားမေးတော့ ကျွန်တော်တို့က အာမခံထားကြောင်းပြောတဲ့ အခါကျတော့ အာမခံကတ်ပြား ကျွန်တော်တို့ ပေးလိုက်တဲ့အခါ ဒီအာမခံကတ်ပြားအရ ဒီလူနာရဲ့ ခွဲစိတ်ကုသမှုတွေ၊ ဆေးရုံတက်တဲ့ စရိတ်တွေအားလုံးကို သူတို့က ခံပါတယ်။ ဒါကလည်း နောက်မှ တဖြည်းဖြည်း ကျွန်တော်တို့ နေရင်းထိုင်ရင်း သိပါတယ်။ အတိုချုံးပြောရလို့ရှိရင် အဲဒီလိုနဲ့ ဆေးရုံကို တစ်ပတ်လောက် တက်ရပါတယ်။ ဆေးဝါးကုသမှုဟာ နယ်သာလန် Guilder (၁၃၀၀၀) ကျော်လောက်ကုန်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ပညာသင်ကျောင်းသားဘဝမှာ နယ်သာလန် Guilder(၁၃၆၅) ရပါတယ်။ အဲဒီတော့ စားစရိတ်၊ နေစရိတ်နဲ့ ကျွန်တော်တို့မှာ တကယ်လို့ ပိုက်ဆံပေးမှ ဆေးကုနိုင်မယ်ဆိုရင် အဲဒီနယ်သာလန်နိုင်ငံမှာ အသက်သေရမယ့် ဖြစ်ရပ်မျိုးတွေပါ။

ဒါပေမယ်လို့ အသက်အာမခံကုမ္ပဏီက ကုန်ကျစရိတ်အားလုံး ပေးချေပြီး ကျွန်တော်တို့ လူနာက တစ်ပြားတစ်ချပ်မှ မပေးရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ကျန်းမာရေးအခြေအနေ ကျွန်တော့်သူငယ်ချင်းတွေ ဆေးရုံတက်တော့ ဆေးရုံမှာ အခြေအနေ ပြုစုကုသမှု၊ ကျွန်တော်တို့ သူငယ်ချင်းက ပြောပါတယ်။ ဆေးရုံမှာ နေရတာ ကျွန်တော်တို့ အပြင်ကျောင်းတက်ရင်း အဆောင်မှာ နေရတာထက် ပိုကောင်းတဲ့အကြောင်း၊ ပိုကောင်းတဲ့အတွက် အစစအရာရာ လိုလေးသေးမရှိ အစားအသောက်ကအစ အကုန် အလျှံပယ်ပြုစုတယ်။ ကျွန်တော်တို့ မရှိမသေ ပြောရရင် အပေါ့အပါး သွားတာ၊ Toilet သွားတာကအစ သူနာပြုဆရာမလေးက လိုက်ပို့ပေးတယ်။ သူကိစ္စ ဝိတ်စပြီးမှ ဘဲလေးတီးလိုက်လို့ရှိရင် လာခေါ်ပြီးတော့ လူနာကို ပြုစုစောင့်ရှောက်တယ်။ အဲဒီလိုဟာမျိုးတွေ ကြုံခဲ့ရတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒါမျိုးရှိရင် ကောင်းမယ်ဆိုတဲ့ ကျွန်တော့်မှာ အတွေးအမြင် ရပါတယ်။ ဒါမျိုး အဲဒီအချိန်တုန်းကလည်း ဖြစ်ချင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံက စုစုပေါင်း(၉)ယောက်မှာ နှစ်ယောက်က အူအတက်အကျရောဂါပေါက်လို့ အဲဒီမှာ သူတို့ ဆေးကုသခဲ့ရပါတယ်။ အားလုံးက ဒါပေမယ့်လို့ အခက်အခဲ မရှိခဲ့ပါဘူး။ ဒါက ကျွန်တော်တို့ ဆေးရုံတက်ပြီး ခွဲစိတ်ကုသတဲ့ အဖြစ်မျိုးပါပဲ။ ဒုတိယအားဖြင့် သာမန် ကျွန်တော်တို့ ခေါင်းကိုက်တာ၊ သာမန်ဖျားတာလောက်ဆိုလို့ရှိရင် ကျွန်တော်တို့ ဆေးခန်း သွားရပါတယ်။ ဆေးခန်းသွားလို့ရှိရင် ဆရာဝန်ကို ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ Health Insurance Card လေးကို ပြလိုက်ပါတယ်။ ပြလို့ရှိရင် ဆရာဝန်က အဲဒီ နံပါတ်ရေးတယ်။ ကျွန်တော်တို့ လက်မှတ်ထိုး ခိုင်းလိုက်တယ်။ ဆရာဝန်ကို စမ်းသပ်ခ ဘာမှပေးစရာ မလိုပါဘူးခင်ဗျား။ ဆရာဝန်ကလည်း ကျွန်တော်တို့ကို စားရမယ့်၊ သောက်ရမယ့်ဆေးတွေကို ရေးပေးလိုက်ပါတယ်။

ကျွန်တော်တို့က ဆေးဆိုင်ကို သွားရတယ်။ ဆေးဆိုင်သွားတယ်။ ဆေးဆိုင်ကျတော့လည်း ကျွန်တော်တို့က ကျွန်တော်တို့ အသက်အာမခံကတ်လေး Health Insurance Card လေးကို ပြလိုက်ရတယ်။ ပြလိုက်ရင် ကျွန်တော်တို့ ငွေကြေးတစ်ပြားမှ ပေးစရာမရှိဘဲနဲ့ လိုတဲ့ဆေးတွေ အကုန်ရပါတယ်။

အဲဒီတော့ သူတို့နိုင်ငံမှာ ငွေကြေးမရှိသော်လည်း ဒီ Insurance System နဲ့ ထားတာက လူတစ်ယောက်ရဲ့ကျန်းမာရေးကို အားလုံး အလုံးစုံပြည့်စုံပါတယ်။ ကျွန်တော်တို့ လိုက်ပြီးစုံစမ်းလိုက်ပါတယ်။ ဒီ (၈၀၀)Guilder ဆိုတာ ကျွန်တော်တို့က အဲဒီအချိန်တုန်းက Foreigner ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဈေးကြီးတာပါ။ သူတို့ နိုင်ငံသားတွေအတွက်ဆို ဈေးက ခပ်ပေါပေါပဲ။ နည်းနည်းလေးပဲ ပိုက်ဆံပေးရတယ်လို့ သိပါတယ်။ ကျွန်တော် တွက်ကြည့်တယ်။ အဲဒီ ကျွန်တော်တို့က အခု ဒီ Insurance ကုမ္ပဏီတွေ အဲဒီလိုဆိုရင် ရှုံးမလား တွက်ကြည့်တယ်။ အဲဒီတုန်းက ကျွန်တော်တို့က ကျောင်းသား(၄၀၀)လောက် ရှိပါတယ်။ ကျောင်းသား(၄၀၀)ဆို တစ်ယောက်ကို Guilder(၈၀၀)ဆို Guilder(၃၂၀၀၀၀) ရှိပါတယ်။ ကျွန်တော်တို့လို ကြီးကြီးမားမား ကုသတာ ကျွန်တော်တို့နိုင်ငံလို ဖြစ်သွားတာ မရှိသလောက်ပါ။ ကျန်တာက သာမန်ခေါင်းကိုက်၊ လေနာနဲ့ ဖျားတဲ့ နာတဲ့ ကုသစရိတ် လောက်ပဲ ရှိပါတယ်။

အဲဒီတော့ ကျွန်တော် ပြန်တွက်ကြည့်တယ်။ အသက်အာမခံ ကုမ္ပဏီတွေကလည်း အနည်းဆုံး ဘယ်လိုပဲတွက်တွက် လျှော့တွက်တာတောင်မှ (၅၀)ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်မှာ ရှိတယ်။ အမြတ်ကျန်တယ်။ အဲဒီ (၅၀)ရာခိုင်နှုန်းထဲက (၂၅)ရာခိုင်နှုန်းလောက်က သူတို့ရဲ့ Service Charges ဝန်ထမ်းကုန်ကျစရိတ်ထားဦးတော့ ကျန်တဲ့(၂၅)ရာခိုင်နှုန်းက Insurance ကို အမြတ် ဖြစ်ကာ အကြမ်းဖျဉ်း ကျွန်တော်တို့ သိတယ်။ သိတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလို System မျိုး ထွန်းကားရင် ကောင်းမှာပဲလို့ ကျွန်တော်တို့ အဲဒီတုန်းကလည်း အတွေးရှိပါတယ်။

ဒါပေမဲ့ အဲဒီတုန်းကတော့ ကျွန်တော်တို့က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဆိုတော့ ဒါတွေက စိတ်ကူးထဲမှာ ထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ခေါင်းထဲ ခဏခဏ အတွေးပေါ်ပါတယ်။ အဲဒီတော့ ဒီအချိန်အခါမှာ ကျွန်တော်တို့က ဖြစ်နိုင်မလား။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံ ကျန်းမာရေး အခြေအနေကြည့်တယ်။ လွန်ခဲ့တဲ့(၂၈)နှစ်လောက်က ကျွန်တော်တို့ ဒီ နယ်သာလန်နိုင်ငံ ရောက်တုန်းက ကျန်းမာရေး စောင့်ရှောက်ကုသမှု အခြေအနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံ အခြေအနေက ကျွန်တော်သွားခဲ့တဲ့ ၁၉၈၅ တုန်းက ဒီနေ့အချိန် ဘာမှထူးခြားမှု မရှိသလိုပါပဲ။ ကျွန်တော်တို့ဆိုရင် အပေါင်းအသင်းတွေ သတင်းတွေကြားနေကြတယ်။ နေရာဒေသအမျိုးမျိုးမှာ အထူးသဖြင့် ဝေးလံခေါင်းပါးတဲ့ နာဂဒေသမျိုးတွေမှာဆိုရင် ဆေးရုံရှိတယ်။ ဆရာဝန် မရှိဘူး။ ဆရာဝန်ရှိတဲ့နေရာရောက်တော့ ဆေးမရှိဘူး။ ဒီလိုအခက်အခဲမျိုးတွေ အများကြီးရှိပါတယ်။ ဒါက ကျန်မာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးတော့ ကျွန်တော်အားနာပါတယ်။ အရင် ကိုယ်စားလှယ်တွေ အများကြီးဆိုတော့ ကျွန်တော် ဆက်မပြောတော့ပါဘူး။

သူတို့နိုင်ငံတွေ ဘာလို့ဖြစ်လဲဆိုတော့ သူတို့နိုင်ငံတွေရဲ့ ပြောရင် Social Security ပြောမလား။ သူတို့ရဲ့ Insurance Security ပြောရမလား။ ဒီဟာတွေရဲ့ သူတို့နိုင်ငံမှာ ကောင်းတဲ့ အတွက် လူတွေက ကျန်းမာရေးအတွက် ပူစရာမလိုဘူး။ မကျန်းမာလို့ ဆေးရုံသွားရင် ဆေးရုံက အလကားကုပေးတယ်။ ကိုယ့်ပိုက်ဆံ ပြောရမယ်ဆိုရင် ငါးပြားတစ်စေ့မှ ကုန်စရာမလိုဘူး။ ကျန်းမာရင်

ပြန်လာရုံပဲ။ အဲဒါအားလုံးကို သူတို့ Insurance ကုမ္ပဏီက လုပ်တယ်ဆိုတော့ ကျွန်တော်က ကျွန်တော်တို့ နိုင်ငံဖြစ်နေတာကို တွက်ကြည့်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ခုနကပြောတဲ့ ဆင်းရဲနွမ်းပါးမှုဆိုတာ ကျွန်တော် ပြန်စဉ်းစားကြည့်တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့ ဆေးရုံ ဒီနေ့ခေတ်အခါ ကျွန်တော်တို့ တင်ပြတာပါ။ ပြည်သူ့ဆေးရုံတို့၊ တိုက်နယ်ဆေးရုံတို့ သွားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများက ဆင်းရဲနွမ်းပါးတဲ့သူတွေ များပါတယ်။ ငွေကြေးအနည်းငယ် တတ်နိုင်သူ၊ နည်းနည်းငွေကြေး ပြန်မကြည့်တဲ့သူ တော်တော်များများက ကိုယ်ပိုင်ဆေးခန်းတွေပဲ သွားကြတာများပါတယ်။ ဘာလို့လည်းဆိုတော့ ပြည်သူ့ဆေးရုံသွားလို့ရှိရင် အမျိုးမျိုး အချိန်ကြာတာ၊ ဆက်ဆံမှု မပြေပြစ်တာများတော့ တော်တော် တန်တန် မသွားကြပါဘူး။

အဲဒီတော့ ကျွန်တော်တို့က ပြောရင်တော့ စိစစ်စရာတောင်မလိုပါဘူး။ ပြည်သူ့ဆေးရုံတို့၊ တိုက်နယ်ဆေးရုံတို့သွားတဲ့ ပုဂ္ဂိုလ်တွေဟာ ဆင်းရဲနွမ်းပါးတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် စဉ်းစားကြည့်တယ်။ ကျွန်တော်နိုင်ငံမှာ လူသန်း(၆၀)ရှိတယ်။ သန်း(၆၀)မှာ သုံးပုံတစ်ပုံပဲ သွားဦး၊ လူသန်း(၂၀)ပဲ သွားဦးတော့ တစ်ယောက်ကို ဆေးရုံလာတဲ့အချိန်မှာ ကျွန်တော်တို့ သူများ နိုင်ငံက Insurance ကောက်သလို၊ Insurance မကောက်တဲ့ဆေးရုံ Register လုပ်ပေးမယ်။ (၁၀၀၀)ကောက်လို့ရှိရင် ဒီခေတ်ဈေးနဲ့ဆိုရင် ဒေါ်လာသန်း(၂၀)ကျော်ပါတယ်။ တကယ်လို့ သန်း(၆၀)လုံး လာမယ်ဆိုရင်လည်း (၁၀၀၀)ကောက်မယ်ဆိုရင် ဒေါ်လာသန်း(၆၀)ရော၊ သန်း(၇၀) လောက် ရပါမယ်။ ဒီနေ့ငွေကြေးနှုန်းနဲ့။ အဲဒီတော့ တကယ်လို့သာ (၂၀၀၀)ကောက်လို့ရှိရင် ကျွန်တော်တို့ ဘီလီယံ(၁၂၀)ရပါမယ်။ (၆၀)ပြည့်တိုင်း ဘီလီယံ(၁၂၀)ရပါမယ်။ ဒါမျိုး အရင်းအနှီး ပြုပြီးတော့ ကျွန်တော်တို့နိုင်ငံက နိုင်ငံတော်ကလည်း Sustain လုပ်ပြီး၊ ထောက်ပံ့ပြီး လုပ်မယ်ဆိုလို့ ရှိရင် ဒီလုပ်ငန်းတွေက မအောင်မြင်စရာမရှိဟု ကျွန်တော့်အနေနဲ့ ယုံပါတယ်။

ဘာလို့လဲဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ တခြားအလှူရှင်နဲ့ ကျွန်တော်တို့ တွေ့နေကြတာ အများကြီးပါ။ ဒီလိုဆင်းရဲနွမ်းပါးတဲ့လူတွေ ကုသမယ်ဆိုရင် တစ်ခြားတကယ့် ငွေကြေးချမ်းသာတဲ့ သူတွေဆိုရင် ဒီလူတွေကို အခမဲ့ကုသဖို့အတွက် ငွေကြေးရန်ပုံငွေက ဒီလောက်ကြီး ခဲယဉ်းလိမ့် မယ်လို့ ကျွန်တော့်အနေနဲ့ မထင်ပါဘူး။ ဒါ ကျွန်တော့်ရဲ့ အကြမ်းဖျဉ်း တွက်ချက်မှုပါ။ ဘာလို့လဲ ဆိုတော့ အဓိက က ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင်ပေါ့။ ဒီလူမှု Social Security နဲ့ Insurance Security ရှိဖို့ပဲ လိုပါတယ်။ အဲဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြချင်တာက ပြီးခဲ့တဲ့ ဆဋ္ဌမအကြိမ် လွှတ်တော် ပြည်ထောင်စုဝန်ကြီး ဘတ်ဂျက် အစည်းအဝေးမှာ လာပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော် စဉ်းစားပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေမှာ ဆေးရုံတွေမှာ ဆေးမပေး နိုင်တာ နှစ်ပေါင်း(၂၀)ကျော် ရှိပြီဆိုတော့ ဆေးလယ်ဂျာကအစ ကိုင်ရတာ၊ စာရင်းပြုစုရတာ ခက်တယ်ဆိုတော့၊ ခုနက ကျွန်တော်ကြုံတွေ့ခဲ့တဲ့ နယ်သာလန်နိုင်ငံကတွေးတော့ နှစ်ခုက Check and Balance သဘောပါ။ ဆရာဝန်ကလည်း ဆေးကို ကျွန်တော်တို့ကို မပေးဘူး၊ ပေးတယ် လုပ်လို့မရဘူး။ ဆေးဆိုင်က ဆေးပေးတယ်။ ဆရာဝန်က ပါမစ် ပေးတယ်။

အလားတူပဲ အခု ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးထိန်းသိမ်းဖို့ ဆေးရုံတွေမှာ ပြဿနာ ရှိတယ်ဆိုတဲ့ ဆေးကုမ္ပဏီတွေ ရှိတယ်။ ဆေးဆိုင်တွေမှာ အများကြီးရှိကြပါတယ်။ ဆေးကုမ္ပဏီတွေနဲ့ ဆရာဝန်နဲ့ ချိတ်ပြီးရင် ဆရာဝန်နဲ့ ဆေးလက်မှတ် ထုတ်ပေးတယ်။ ဆေးကုမ္ပဏီတွေက ပေးမယ့်

ဒီချိန်မှာ ကွန်ပျူတာတွေလည်း အများကြီးရှိတယ်။ Computer System Link လုပ်ပြီးလို့ရှိရင် ဒါတွေ အားလုံးလုပ်လို့ ဆေးကုမ္ပဏီတွေ၊ နောက် လကုန်ရင် ဆေးဖိုးပေးမယ်ဆိုပြီး လိုတဲ့ဆေးထုတ်ပေးရင် ဆရာဝန်တွေလည်း ဆေးထိန်းရတာ အပန်းမကြီးသလို လူနာတွေလည်း ပိုအဆင်ပြေပါမယ်။ ဒါက ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်က ကျန်းမာရေးဝန်ကြီးပြောတဲ့ ကျွန်တော့်စိတ်ထဲမှာပေါ်တာက ဒီနေ့ ပုဂ္ဂလိကဆေးရုံတွေမှာ ဒီလိုပဲ လုပ်နေပါတယ်။ ဆရာဝန်တွေ ဆေးပေးလိုက်တယ်။ နောက်ဆေးရုံမှာ သွားလို့ဆိုတော့ ဒီ ပြောရရင် ကျွန်တော်တို့နိုင်ငံမှာ ဒီအခမဲ့ဆေးကုသခွင့်ဆိုတာ တကယ်ဖြစ်ချင်လို့ တကယ်လုပ်မယ်ဆိုရင် မဖြစ်စရာအကြောင်း မရှိပါဘူး။ ဒါကြောင့်မို့ ကျွန်တော် ဒီနေ့ကို အများကြီးကို အများကြီး ဆွေးနွေးသွားပါပြီ။ ကျွန်တော့်အနေနဲ့တော့ နည်းနည်းလေး ကျွန်တော် ကျွန်တော် ကြုံတွေ့ဖူးတဲ့အတွေ့အကြုံနဲ့ ဒီနေ့ မြန်မာနိုင်ငံမှာ (Free Medical Service) ဖြစ်အောင် ဆောင်ရွက် ပေးဖို့ဆိုတဲ့ ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၄း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၉။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)** ။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေး နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုအပေါ် အကြံပြုထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မဆွေးနွေးခင် ကျွန်တော့်ရှေ့မှောက်မှာ ကိုယ်စားလှယ်တော်ကြီးများ တော်တော်လေး ဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အချက်(၂)ချက်၊ (၃)ချက်လောက် ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အားလုံးကို အခမဲ့ ကုသပေးနိုင်တာကတော့ နိုင်ငံတကာမှာကြည့်လိုက်ရင် ဘယ်နိုင်ငံ မှ မလုပ်နိုင်သေးပါဘူး။ ခုန ကိုယ်စားလှယ်တော်ကြီးတစ်ဦး ပြောသွားတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးက သာဓက အနေနဲ့ ထိုင်းနိုင်ငံနဲ့ တင်ပြသွားတာ ဖြစ်ပါတယ်။ အခု ထိုင်းနိုင်ငံကလည်း ဒီအခမဲ့နဲ့ ပတ်သက် ပြီးတော့ အခု စတင်ပြီးတော့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အရင်က တော့ ဆေးဖိုးဝါးခ ကျပ်(၁၀၀)ကျရင် အလုံး(၁၀၀)ဖိုး လူနာက ဝယ်ရပါတယ်။ အခု နိုင်ငံတော်က ထောက်ပံ့တာနဲ့ စရိတ်သက်သာအောင် လုပ်ပေးတာ ဖြစ်ပါတယ်။ ထောက်ပံ့တဲ့ ဆေးဝါးနဲ့

မသက်သာလို့ ဆေးထပ်ဝယ်ရမည်ဆိုရင်၊ ထောက်ပံ့ဆေးဝါး စာရင်းထဲမှာ မပါတဲ့ဆေးဆိုရင် လူနာနဲ့ ညှိနှိုင်းပြီး ရောဂါအတွက် ဆေးဝယ်ရမယ်လို့ နားလည်အောင် ပြောပြပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေ စေတနာကောင်း၊ စိတ်ကောင်းထားပြီး ချို့တဲ့ဒေသ တိုင်းရင်းသား ပြည်သူများအား နှစ်သိမ့်ပြုစုမှုပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးကို နွေးထွေးစွာခံစားနိုင်ပါမည့်အကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မြန်မာနိုင်ငံတော်မှာ တိုင်းဒေသကြီး အချို့နေရာဒေသတွေမှာ နိုင်ငံတော်မှ ထောက်ပံ့တဲ့ ဆေးဝါးဖြင့် အခမဲ့ ဆေးကုသခွင့် ရရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ အချို့သော တိုင်း၊ ခရိုင်၊ မြို့နယ်ဆေးရုံတွေမှာ ဆေးတွေ ဖြန့်ဝေသုံးစွဲ ကုသပေးနေပါပြီ။ တိုင်းဒေသကြီး တစ်ခုလုံး အတိုင်းအတာကတော့ မည်ကဲ့သို့အချိန်တွင် စတင်နိုင်မည်ကို မျှော်လင့်နေဆဲ ဖြစ်ပါတယ်။ တစ်ဒေသနှင့် တစ်ဒေသ ဆေးဝါးလိုအပ်ချက် ရောဂါဖြစ်ပွားမှုတွေ မတူညီကြလို့ လိုအပ်တဲ့ ဆေးတွေကို ဒေသဆေးရုံတွေဆီမှာ စာရင်းအချက်အလက် ရယူပြီး ဆေးကုမ္ပဏီတွေလို တင်ဒါစနစ်နဲ့ သွင်းခိုင်းခြင်းဖြင့် အားလုံး ပြည့်စုံအောင် နှစ်ကုန်အထိ နောက်ဆုံးထား ခေါ်ထားတာကို သိရပါတယ်။ လူနာတွေကို ပတ်တီး၊ ပလာစတာ၊ ဂွမ်းလိပ် ဝယ်ခိုင်းတာတွေဟာ မရှိသင့်တော့ပါဘူးလို့ နိုင်ငံတော်က ထောက်ပံ့သော ဆေးဝါးများ စနစ်တကျ သုံးစွဲရေးကို အစီအမံဖြင့် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးရဲ့ သဝဏ်လွှာမှာပါတဲ့အတိုင်း ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများ အားလုံး လက်ခံပြီးတဲ့ အဲဒီသဝဏ်လွှာမှာ ပါတဲ့အတိုင်း ကျွန်တော် ဆက်ဖတ်သွားမှာ ဖြစ်ပါတယ်။ လူမှုကာကွယ်စောင့်ရှောက်မှုညီလာခံကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၅၊ ၂၆ ရက်များတွင် လူမှုဖူလုံရေး ဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ UNICEF တို့မှ ဦးဆောင်ကာ ကျန်းမာရေး၊ ပညာရေးနဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများနဲ့ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်ဌာနတို့၏ ပူးပေါင်းပါဝင်မှုဖြင့် နေပြည်တော်၊ ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်တွင် ပင်မခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတကြီးမှ တက်ရောက် အဖွင့်အမှာစကား ပြောကြားရာတွင် ညီလာခံမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနဲ့ တဆက်တစ်စပ်တည်း ဆက်စပ်ဆောင်ရွက်နိုင်မယ့် ရလဒ်ကောင်းများကို ဖော်ဆောင်သော မြန်မာ့လူမှု ကာကွယ်စောင့်ရှောက်မှုစနစ် (Myanmar Social Protection System) ကို ဖော်ထုတ်ရေးဆွဲရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ၎င်းနောက် ကျေးလက်နေ ဝင်ငွေနည်း ပြည်သူများအတွက် အမျိုးသားကျန်းမာရေးအခမဲ့စနစ် (Universal Health Insurance System) ကို ထူထောင်နိုင်မယ့် ၎င်းဥပဒေသည် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဒုတိယအဆင့် (Second Way Reform Strategy) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် နည်းလမ်း လိုအပ်နေသော အားနည်းပြည်သူများအတွက် အမြန်ဆုံးကူညီနိုင်ရန် စတဲ့ အချက်အလက်များနဲ့ ညီညွတ်ရမည်ဖြစ်ပြီး အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာနဲ့လည်း ဆက်စပ်ဖော်ဆောင်ပေးခြင်း၊ မျှော်မှန်းထားသောကဏ္ဍတွင် အားလုံးပါဝင်နိုင်သော မြန်မာလူမျိုးအားလုံး ကာကွယ်စောင့်ရှောက်မှုစနစ် (Integration and all inclusive Myanmar Social Professional System) ကို နိုင်ငံတကာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကူညီ

ပံ့ပိုးမှု ကုလသမဂ္ဂအစည်းအဝေးများ၏ အင်အားနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် ဖော်ဆောင်ရမည် ဟူသော ညီလာခံရဲ့အစီရင်ခံစာ မှတ်တမ်းအပေါ် ဝါဒများချမှတ်၍ စတင်ဆောင်ရွက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် အားနည်းနေသူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာ ဖွံ့ဖြိုးမှု ကာကွယ်ချက်များ ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုနဲ့ ဆက်စပ်ဖော်ဆောင်မည်ဟူသော သဘောတူညီချက်များအား ကောင်းမွန်သော အုပ်ချုပ်ရေးနဲ့ သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်လာရန် ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုစနစ် စိန်ခေါ်မှုများကို ထိပ်တန်းရင်ဆိုင်ရေးမှာ လွန်စွာ အရေးကြီးပါကြောင်းနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဌေးဝင်း ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေး စီမံကိန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခု အနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် မှ အပြုသဘောဆောင်၍ အကြံပြု ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရှင်။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံ တစ်ခုအနေဖြင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး၊ ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရှင်၊ မဖြေကြားမီ ရှေးဦးစွာ ကျွန်မအနေနှင့် အဆို တင်သွင်းသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးနဲ့ ဆွေးနွေးပေးကြပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၏ ပြည်သူ၏ ဆန္ဒ ပြည်သူ၏ဘဝ ပြည်သူ၏လိုအပ်ချက်များ ပြည်သူ့အသံများကို ထင်ဟပ်၍ မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ အနာဂတ်တွင် ပိုမိုကောင်းမွန်သောစနစ် ဖြစ်ပေါ်ရေးအတွက် အကြံပြုတင်ပြချက်များအား လေးစားစွာဖြင့် ကျေးဇူးတင်ပါကြောင်း တင်ပြလိုပါတယ်။ ကျန်းမာရေး

ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် ဆေးဝါးများ ပြည့်စုံလုံလောက်စွာ ဖြည့်တင်းပေးနိုင်ရေး အတွက် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ကျပ်သန်းပေါင်း(၆၀၀၀၀)ကျော် ခွင့်ပြု ချထားပေးခဲ့ပြီး ယနေ့အထိ ကျန်းမာရေးဦးစီးဌာန၏သာမန်အသုံးစရိတ်တွင် ပစ္စည်းများ၊ လုပ်အားနှင့် ဆောင်ရွက်ပေးမှုတို့အတွက် ကုန်ကျစရိတ် ငွေစာရင်းခေါင်းစဉ်အောက်ရှိ အသုံးစရိတ်များအနက်မှ ခြိုးခြံချွေတာလျက် ဆေးဝါးများ ပိုမိုဝယ်ယူ ဖြည့်တင်းပေးနိုင်ရေးအတွက် ဆေးဝါးဝယ်ယူရန် မူလ ခွင့်ပြုငွေထက် ကျပ်သန်းပေါင်း(၁၉၀၀)ကျော်ကို ပိုမိုသုံးစွဲပြီး စုစုပေါင်း(၆၅.၇)ဘီလီယံဖြင့် ခွင့်ပြု ချထားပေးပြီး ဖြစ်ပါတယ်။ ဖော်ပြပါ ခွင့်ပြုရန်ပုံငွေများအနက်မှ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် ခုတင် (၂၀၀)ဆံ့နှင့်အထက် ဆေးရုံကြီးများအတွက် ကျပ်သန်းပေါင်း(၅၉၀၀)ကျော်၊ (၁၆)ခုတင်ဆံ့ဆေးရုံမှ ခုတင်(၁၅၀)ဆံ့ ဆေးရုံများအထိ ထောက်ပံ့ရန် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနများသို့ ကျပ်သန်းပေါင်း (၈၀၀၀)ကျော်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများအတွက် ကျပ်သန်းပေါင်း(၂၆၀၀၀)ကျော်တို့အား ဆေးဝါးများ ဝယ်ယူဖြည့်တင်း ရန် ခွင့်ပြုပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာန အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရရှိသော ခွင့်ပြုရံပုံငွေဖြင့် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေး ဌာနများမှ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်း စက်ရုံမှလည်းကောင်း၊ ပြင်ပကုမ္ပဏီများမှလည်းကောင်း ဝယ်ယူပြီး တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ ကျေးလက်ကျန်းမာရေးဌာန အဆင့်ဆင့်အထိ ပုံမှန်ဖြန့်ဖြူးပေးနေသော အစီအစဉ် အတိုင်း ထောက်ပံ့ပေးလျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်းပေါင်း (၇၀၀၀)ကျော်တန်ဖိုးရှိ ဆေးအမယ်ပေါင်း(၁၀၁)မျိုးကို မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ ဝယ်ယူ ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအထိ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံထံမှ ဝယ်ယူမရရှိနိုင်သော ဆေးနှင့်ဆေးပစ္စည်းများအား ပြင်ပကုမ္ပဏီများထံမှ တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့ရာ ရန်ကုန်မြို့ရှိ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ အရောက်ပေးပို့သည့်စနစ်ဖြင့် ကျပ်သန်းပေါင်း(၁၇၅၄၇)တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းအမည် (၁၀၅)မျိုးကို လည်းကောင်း၊ မြို့နယ်ဆေးရုံများသို့ အရောက်ပေးပို့သည့်စနစ်ဖြင့် ကျပ်သန်းပေါင်း (၁၉၅၅၁)တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်း(၆၄)မျိုးကိုလည်းကောင်း တင်ဒါခေါ်ယူ စာချုပ် ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနများသို့ ပေးပို့နေပြီဖြစ်ပါတယ်။ အဆိုပါ မြို့နယ် ဆေးရုံများသို့ အရောက်ပေးပို့စနစ်အရ တိုက်နယ်ဆေးရုံ(၁)ရုံအတွက် တန်ဖိုးကျပ်(၄၇)သိန်းကျော်ရှိ ဆေးနှင့် ဆေးပစ္စည်း(၆၂)မျိုး၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခုအတွက် တန်ဖိုးကျပ်(၂၆)သိန်းကျော်ရှိ ဆေးနှင့် ဆေးပစ္စည်း(၃၉)မျိုး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခုအတွက် တန်ဖိုးကျပ်(၁၉)သိန်း ကျော်ရှိ ဆေးနှင့် ဆေးပစ္စည်း(၂၄)မျိုးတို့ကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ အရေးပေါ်ကုသမှုနှင့် အရေးပေါ် ခွဲစိတ်မှုများတွင် အသုံးပြုသော အရက်ပြန်၊ ဂွမ်း၊ ပတ်တီး အစရှိသည့် ပစ္စည်းများကို စက်မှုဝန်ကြီး ဌာနမှ ကျပ်သိန်းပေါင်း(၁၀၀၀၀)ကျော်ဖိုး ဝယ်ယူဖြည့်တင်းပေးလျက် ရှိပါတယ်။ ၂၀၁၂ ခုနှစ်အတွင်း စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(ရန်ကုန်) မှ (မြွေပွေး)မြွေဆိပ်ဖြေဆေး (၂၀၀၀၀)ကျော်၊ (မြွေဟောက်)မြွေဆိပ်ဖြေဆေး (၄၀၀၀)နီးပါးခန့် ဝယ်ယူရရှိခဲ့ပြီး အဆိုပါ မြွေဆိပ် ဖြေဆေးများကိုလည်း ဆေးရုံများအားလုံးကို ဖြန်းဖြူးပေးပြီး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်အတွက် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သော မြွေဆိပ်ဖြေဆေး(၆၆၈၀၀)လုံး မှာယူပြီး အဆိုပါအနက်မှ (၇၈၀၀)ကျော် ဖြန့်ဖြူးပေးခဲ့ပြီး ကျန်မြွေဆိပ်ဖြေဆေး (၅၉၀၀၀)လုံးအား ဆက်လက်ဖြန့်ဖြူးပေးသွားရန် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ဆေးရုံများတွင် အရေးပေါ် ဆေးဝါးကုသပေးမှု၊ အရေးပေါ် ခွဲစိတ်ကုသမှုနှင့် ကိုယ်ဝန်ဆောင်များ သားဖွားခြင်း လုပ်ငန်းများကို အခမဲ့ကုသ စောင့်ရှောက်မှုပေးသွားနိုင်မှာ ဖြစ်ပါတယ်။

နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမမှာ (၃၁-၁၂-၂၀၁၂)ခုနှစ်မှာ ပြုလုပ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများအား ဆေးဝါးများ ဝယ်ယူဖြည့်တင်းရေး၊ ဆင်းရဲနွမ်းပါးသူများအား အရေးပေါ်ကုသမှု၊ အရေးပေါ်ခွဲစိတ်မှုများတွင် အခမဲ့ ဆောင်ရွက်ပေး နိုင်ရေးတို့ကို လမ်းညွှန်မှာကြားပြီး ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သူနာပြုအုပ်ကြီးများနှင့် တွေ့ဆုံရာတွင်လည်း မြန်မာ နိုင်ငံတွင် ယခင်က အခမဲ့ကုသမှု (Free Medical Care) ပေးနေရာမှ ၁၉၉၀ ခုနှစ်တွင် စရိတ်မျှပေး ကျန်းမာရေးစနစ် စတင်ကျင့်သုံးခဲ့ကြောင်း၊ ယခုအခါ လူတိုင်းအတွက် ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Care)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဥ် လျက်ရှိကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ (Universal Health Care) ဆိုသည့် လူတိုင်း အတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးမှ ဝိုင်းဝန်းအကြံပြု တင်သွင်းအကြံပေးပါသော ကျွန်မတို့ ဒီ Social Protection ဖြစ်သည့် လူမှု အကာအကွယ်ပေးရေးမှာ နည်းပေါင်းစုံဖြစ်တဲ့ ကျန်းမာရေးအာမခံစနစ်၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးအာမခံစနစ်ဖြစ်တဲ့ (Community Base Health Insurance System)၊ ၎င်းအပြင် လူနာများဘက်မှ လိုအပ်သည့် ရန်ပုံငွေ ကျခံသုံးစွဲရေးကို တစ်နည်းတစ်ဖုံ အထောက်အကူပြုမည့် (Damand Side Finance) အစရှိသည်ဖြင့် နည်းပေါင်းစုံဖြင့် ကြိုးစားပြီးတော့ စတင်အကောင် အထည် ဖော်နေတဲ့ လုပ်ငန်းရပ်များလည်း ဖြစ်ပါတယ်။

အဆိုပါ စနစ်သစ်တွင် ရန်ကုန်မြို့မှာရှိတဲ့ ကျွန်မတို့ ဗဟိုဆေးသိုလှောင်ရေးဌာနကနေ ပြီးတော့မှ နိုင်ငံတော်က ပိုမိုတိုးမြှင့်ပြီးတော့ချပေးတဲ့ ကျန်းမာရေး ရန်ပုံငွေများကနေပြီးတော့ ဝယ်ယူ ထားတဲ့ ဆေးဝါးများကိုလည်း ဖြန့်ဝေတဲ့အခါမှာ အခမဲ့ ထောက်ပံ့ပေးဖို့၊ နောက် ခွဲဝေချထားပေးတဲ့ ဘဏ္ဍာငွေက ဆေးဝါးများ ဝယ်ယူသုံးစွဲရာမှာ လူနာအားလုံးကို အခမဲ့ပေးနိုင်မှာ မဟုတ်သေးတဲ့ အတွက် ကြောင့်မိုလို့ ဦးစားပေးရွေးချယ်ပြီးတော့ အမှန်တကယ်ချို့တဲ့ နွမ်းပါးသူများကို အခမဲ့ကုသ ပေးရန်၊ သို့ရာတွင် အရေးပေါ်ဖြစ်လာတဲ့အခါမှာ ဆင်းရဲချမ်းသာမရွေး အရေးပေါ်လူနာအားလုံးကို အခမဲ့ကုသပေးရေး၊ အရက်ပြန်၊ ဂွမ်း၊ ပတ်တီး စသည့် ခွဲစိတ်ခန်းသုံး အခြေခံပစ္စည်းများအား အခမဲ့ ထောက်ပံ့ပေးနိုင်ရေးတို့ကို ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများထိရောက်စွာ၊ အကျိုးရှိစွာ အသုံးပြုကြရန်လည်း ကျွန်မတို့ ပြည်နယ်/တိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများနဲ့

ဆေးရုံကြီးငယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများ အားလုံးကိုလည်း အသေးစိတ်လမ်းညွှန်ချက် ပေးထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားသော မွေးဖွားမှုနှင့် သေဆုံးမှုကိန်းဂဏန်းများကို ကျွန်မ အနည်းငယ် ရှင်းလင်းတင်ပြလို ပါတယ်။ ဥပမာ - ၂၀၁၀ ခုနှစ်မှာ မွေးဖွားမှု(၄၆၃)ဦး၊ နဂူမေ ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ အနက်မှာ သေဆုံးမှု(၁၂၅)သည် ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ အဆိုပါ မွေးဖွားမှု (၄၆၃)ယောက်ထဲမှ (၁၂၅)ယောက် သေဆုံးခြင်း မဟုတ်ဘဲနဲ့ သေဆုံးမှု(၁၂၅)သည် နဂူမေ ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ လူဦးရေ(၃၁၅၈၇)ယောက်အနက်မှ ကြီး/ငယ်မရွေး၊ ကျား/မ မရွေး အသက်အရွယ်မျိုးစုံ၏ သေဆုံးမှုစုစုပေါင်း ဂဏန်းအရေအတွက်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားလိုပါတယ်။ ကျွန်မတို့ မွေးဖွားမှု၊ သေဆုံးမှုနဲ့ ပတ်သက်တဲ့ မီးတွင်းမိခင်သေဆုံးမှုသည် တစ်နိုင်ငံလုံး အတိုင်းအတာမှာ အရှင်မွေး(၁၀၀၀၀၀)မှာ (၂၀၀)ရှိပါတယ်။ ဆိုလိုတာကတော့ လူဦးရေ (၁၀၀၀)မှာ ဆိုလို့ရှိရင်(၂)ယောက်ဖြစ်ပြီးတော့ လူဦးရေ(၅၀၀)ရှိတဲ့ရွာမှာ ကျွန်မတို့ (၁)ဦးတော့ သေဆုံးနိုင်တယ်လို့ ခန့်မှန်းပြီးတော့ ဒါသည်ကိုပင်လျှင် များစွာကျဆင်းသွားရအောင်လို့ ကျွန်မတို့ ကြိုးပမ်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အသီးသီးကနေပြီးတော့မှ ပြည်သူများ အတွက် စေတနာအပြည့်နဲ့ တင်ပြပေးတဲ့ အသေးစိတ်ကိစ္စများ အားလုံးကိုလည်း ကျွန်မတို့ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ဒါသည် ကျွန်မတို့ရဲ့ အနာဂတ် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ ဒါ လမ်းညွှန်အကြံပြုချက်များအဖြစ်နဲ့လည်း ကျွန်မ ကြိုဆိုပြီးတော့ ကျေးဇူးတင်စွာ လက်ခံပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူများနဲ့ပတ်သက်ပြီးတော့လည်း ဆေးရုံများမှာ ကျွန်မတို့ ပြည်သူ့ဆေးရုံများတင်မဟုတ်ဘဲနဲ့ ပုဂ္ဂလိကဆေးရုံများကို ရောက်လာတာ နဲ့ ကျွန်မတို့ ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမများသည် လူနာများရဲ့ အသက်ရှင်ရေး၊ အသက် ကယ်ရေးဟာ အဓိကဖြစ်ပါတယ်။ မှုခင်းများနဲ့ ပတ်သက်ပြီးတော့မှ မည်သည့်အကြောင်းအရာနဲ့မှ ဒီကုသမှုပေးခြင်းကို နှောင့်နှေးခြင်းမရှိရဘူးလို့ လမ်းညွှန်ချက်ပေးထားပြီးတော့ ကျွန်မတို့စစ်ဆေးချက် များကို ပထမဆုံးတွေ့တဲ့ ဆရာဝန် သို့မဟုတ် တာဝန်ရှိတဲ့သူက ယူထားပြီးရင် ပြည်သူ့ရဲများနဲ့ ဒီစစ်ဆေးချက်များဟာ တရားဝင်အဖြစ် လက်ခံဖို့လည်း ဒါ ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော်မှာ တုန်းက ကျွန်မတို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အကျယ်တဝင့်လည်း ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။ ဆေးရုံမှာ ဆရာဝန်ရှိဖို့၊ တာဝန်ချိန်အပြည့်နေဖို့ အစရှိတဲ့ အချက်များကလည်း ကျန်းမာရေးစနစ် အတွက် အလွန်အရေးပါတဲ့ အကြံပြုချက်များဖြစ်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်များ အသီးသီးထုတ်ပြီးတော့ ကြိုးကြပ်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။ ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဝန်၊ သူနာပြု၊ သားဖွားနဲ့ အဆင့်ဆင့်သော ကျန်းမာရေး ဝန်ထမ်းများ သမားဂုဏ်နဲ့ပြည့်စုံဖို့ လုပ်ငန်းများ စနစ်တကျလည်ပတ်စေရေး အဆင့်ဆင့် ကြီးကြပ်ရေး လုပ်ငန်းများကိုလည်း အထူးတွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေးစားစွာ တစ်ပါတည်း တင်ပြလိုပါတယ်။

ယခုအဆိုနဲ့ပတ်သက်ပြီးတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြသည့် ပြည်သူများကြုံတွေ့နေရသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိသည့်ဘဝကိုထင်ဟပ်သော အချက်အလက်များသည် ကျန်းမာရေးဝန်ကြီးဌာနမှ ကျွန်မတို့၊ မိမိတို့သိရှိထားပြီးသည့် အချက်များကို ပိုမိုခိုင်မာစေသကဲ့သို့ အကြံဉာဏ်သစ်များလည်း ရရှိစေပါသဖြင့်မိမိတို့ ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များတွင် များစွာအကျိုးရှိစေမည့် အကြံပြုချက်များဖြစ်၍အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ပြည်သူ့ဆေးရုံများ၊ ကျေးလက်ဒေသကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲများအထိ ပြောင်းလဲကျင့် သုံးမယ့်လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Care) စနစ် တိုးချဲ့ခွင့်ပြု ချထားသော ဘဏ္ဍာငွေများဖြင့် ကျေးလက်နေပြည်သူများနဲ့ ဆင်းရဲနွမ်းပါးသူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၏ အဆိုကို ပြန်လည်စဉ်းစားသင့်ပါကြောင်း လေးစားစွာ တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာဌေးဝင်း ရဲ့ သဘောပြောပါ။

**အချိန်၊ ၁၄း၂၈။**

**ဒေါက်တာဌေးဝင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ တိုးမြှင့်ပြောင်းလဲဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ၊ ဆေးနဲ့ ဆေးပစ္စည်းပံ့ပိုးမှု တိုးမြှင့်ဆောင်ရွက်ပေးနေတာတွေ၊ မွေးဆိပ်ဖြေဆေးကအစ တိုးမြှင့်ဖြန့်ဖြူးဆောင်ရွက်ပေးနေတာတွေကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ ဆွေးနွေးချက်အရ သိရှိရပါတယ်။ ကျွန်တော်တို့ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီအထဲမှာ ဆရာဒေါက်တာခင်မောင်လေး ဆွေးနွေးသလိုပဲ ပြီးခဲ့တဲ့ (၃)လအတွင်းမှာ တော်တော်လေး အပြောင်းအလဲတွေဖြစ်ပေါ်လာတယ်ဆိုတာ ကျွန်တော့်အနေနဲ့လည်းပဲမျက်ဝါးထင်ထင် တွေ့ရှိရပါတယ်။ အဓိကကတော့ ကျွန်တော့်အနေနဲ့ အဆိုတစ်ခုအနေနဲ့ တင်ပြရခြင်းဟာ ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေအတွက် ထိရောက်စွာကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ လိုလားချက်ပဲ ဖြစ်ပါတယ်။ ဒီလိုလားချက် ပြည့်စုံမယ်ဆိုရင်ကျွန်တော့်ရဲ့ဆန္ဒ ပြည့်စုံတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပြည်သူတွေကနေ ရွေးချယ်တင်မြှောက်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက်၊ ပြည်သူကြားမှာနေတဲ့အတွက် ပြည်သူတွေရဲ့ ဒုက္ခသုက္ခတွေ၊ တချို့ဆို တစ်နေ့လုပ်မှတစ်နေ့စားရ၊ ပေးလွှားနေကြရတဲ့ ပြည်သူတွေအတွက်ကို ကိုယ်ချင်းစာသောအားဖြင့် ဒီအဆိုကိုတင်ပြခြင်း ဖြစ်ပါတယ်။ အခု ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဆွေးနွေးချက်အရ ဒီလိုဆင်းရဲတဲ့ပြည်သူတွေကို အခမဲ့ ကုသပေးနေပြီ ဆိုတဲ့အကြောင်း သိရှိရတဲ့အတွက် အထူးပဲ ကျေးဇူးတင် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်လည်းပဲ ဒီအပြင်နိုင်ငံတွေ မလုပ်နိုင်ဘဲနဲ့ ကိုယ့်နိုင်ငံက ဆင်းရဲ

နွမ်းပါးပြည်သူများကို အခမဲ့ ဆေးကုသမှုပေးနိုင်တယ်ဆိုတာဟာ ကျွန်တော်တို့နိုင်ငံအတွက်လည်းပဲ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ တစ်ခုတောင်းဆိုချင်တာကတော့ ပြီးခဲ့တဲ့ ကျွန်တော် ကျန်းမာရေးဝန်ထမ်းအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ကာလ တစ်လျှောက်မှာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်လောက်က စရိတ်မျှပေးကျန်းမာရေးစနစ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနတွေက ဆောင်ရွက်ခဲ့ပါတယ်။

သို့သော်လည်းပဲ စရိတ်မျှပေး ကျန်းမာရေးသည် သူ့ရဲ့မူရင်းက ပိုက်ဆံတတ်နိုင်တဲ့ သူတွေကို ငွေကြေးပေးပြီးတော့ ဆေးကုဖို့နဲ့ ဆင်းရဲတဲ့ ပြည်သူတွေအတွက် အခမဲ့ ဆေးကုသပေးဖို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီဆေးကုသပေးမှုသည် ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေအတွက် မဟုတ်ဘဲနဲ့ ပိုက်ဆံရှိတဲ့ ပြည်သူတွေအတွက်ပဲ တဖြည်းဖြည်းနဲ့ ဖြစ်သွားတာ ဖြစ်တဲ့အတွက် ဒါမျိုးဖြစ်မှာတော့ အင်မတန် စိုးရိမ်ပါတယ်။ နောက်တစ်ခုကလည်းပဲ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ဆေးပဒေသာပင်၊ ဆေးရုံတွေမှာရှိတဲ့ ဆေးပဒေသာပင်တို့ စတဲ့ ငွေကြေးတွေလည်း တဖြည်းဖြည်း ပျောက်ပျောက် ပျောက်ပျောက်ပြီးတော့ လုံးပါးပါးသွားတာ တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဆေးရုံတွေမှာရှိတဲ့ ဆေးစတိုတွေမှာလည်းပဲ တဖြည်းဖြည်း ဆေးတွေဟာ ခြောက်ခန်းသွားတာ ဖြစ်ပါတယ်။ ယခု ဆရာဦးခင်မောင်လေး ပြောသလိုပဲ (၂)လ၊ (၃)လအတွင်းမှာပဲ တော်တော်လေး ပြန်ပြည့်လာတာဖြစ်တဲ့အတွက် အခုလိုပြည့်လာတာ ရေရှည် ဖြစ်ပါစေလို့ပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးဝန်ကြီးဌာနကလည်းပဲ အမှန်တကယ် ဆောင်ရွက်နေတာဟာ တိုးတက်ဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက် ကျွန်တော့်ရဲ့ အဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးဖို့ လေးစားစွာ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင်ရဲ့ တင်ပြချက်အရ ဒေါက်တာဌေးဝင်း ရဲ့ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၃၂) နာရီအချိန်တွင် ရပ်နားပါသည်။]